# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်　　၂၀၁၅ ခုနှစ်၊ နိုဝင်ဘာ ၁၈ ရက်၊ ဗုဒ္ဓဟူးနေ့　　အတွဲ [၅၅]၊ အမှတ် [၀၄၉]


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လတ်ဗီးယားလွတ်လပ်ရေးနေ့ သဝဏ်လွှာများပို့

**နေပြည်တော်　နိုဝင်ဘာ　၁၈**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၈ ရက်တွင် ကျရောက်သော လတ်ဗီးယားသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော် သမ္မတ ဦးသိန်းစိန်ထံမှ လတ်ဗီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှိုင်းမွန်း ဗီးဂျိုးနစ် ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

*စာမျက်နှာ ၅ ကော်လံ ၁* *

## စစ်အုပ်ချုပ်ရေးအမိန့်ရုပ်သိမ်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

**ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်အမှတ် ၊ ၇/၂၀၁၅**

**၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်**

**(၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်)**

**စစ်အုပ်ချုပ်ရေးအမိန့်ရုပ်သိမ်းခြင်း**

ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ်(၁/ ၂၀၁၅) ဖြင့် အရေးပေါ် အခြေအနေ ကြေညာထားသည့် ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့သည် မူလအခြေအနေသို့ ပြန်လည်ရောက်ရှိပြီး တည်ငြိမ်အေးချမ်းမှုများ ရရှိနေပြီဖြစ်သဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၃၊ ပုဒ်မခွဲ (ခ) အရ ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်အမှတ် (၂/၂၀၁၅)ဖြင့် ထုတ်ပြန်ထားသည့် စစ်အုပ်ချုပ်ရေးအမိန့်ကို ယနေ့မှစ၍ ရုပ်သိမ်းလိုက်သည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# JMC ၏ အကောင်အထည်ဖော်မှုကို ကြိုးစားလုပ်ဆောင်ပြီး ခိုင်မာသည့် အုတ်မြစ်ကောင်းများ ချမှတ်သွားမည်



**နေပြည်တော်　နိုဝင်ဘာ　၁၇**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေး (JICM) ကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဟော်ရီဇုန်ဟိုတယ်၌ကျင်းပရာ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

*စာမျက်နှာ ၃ ကော်လံ ၁* ■



**ပြည်ပသို့တင်ပို့မည့် ရေထွက်ကုန်ပစ္စည်းများ ထုပ်ပိုးနေသည်ကို တွေ့ရစဉ်။**

# ရွှေးကောက်ပွဲအလွန် စီးပွားရေး တံခါးသစ်အတွက် မျှော်လင့်ကြသူများ

**ရန်ကုန်　နိုဝင်ဘာ　၁၇**

**သတင်းဆောင်းပါး-ခင်ရတနာ၊ ဓာတ်ပုံ-မေဦးမိုး**

အချိန်နှင့်အမျှ အပြောင်းအလဲဖြစ်နေသည့် အယ်လ်အီးဒီပေါ်မှ ဈေးနှုန်းများကိုလှမ်းကြည့်ရင်း ယနေ့တင်ပို့မည့် ကုန်စည်စာရင်းကို ချိန်ကိုက်သည်။ နိုင်ငံတစ်ခုလုံးနှင့် သက်ဆိုင်သည့်အပြောင်းအလဲ။ အထူးသဖြင့် နိုင်ငံရေးအလှည့်အပြောင်းတစ်ခုကြုံလာတိုင်း မိမိတို့စီးပွားရေးလုပ်ငန်းတွေ စောင့်ကြည့်တတ်ကြသည်မှာ ဓမ္မတာပင်။ မည်သို့ပင်ဆိုစေ ယနေ့ပြောင်းလဲလာသည့်အခြေအနေများသည် စီးပွားရေးကဏ္ဍအားလုံးအတွက် တည်ငြိမ်ရင့်ကျက်သည့် ရောင်နီဦးပင်ဖြစ်ကြောင်း ပဲလုပ်ငန်းရှင် ဦးစိန်မောင်က တွက်ဆရင်း လာမည့်နှစ်များအတွင်း နိုင်ငံတော်အစိုးရအနေဖြင့် မည်သည့်မူဝါဒဖြင့် ဆက်လက်ချီတက်မည်ဆိုသည်ကိုပါ တွေးတောမိသည်။

"စီးပွားရေးက ပိုပြီးအားကောင်းလာမယ်ဆိုတာတော့ ဘယ်သူမှငြင်းမရပါဘူး။ သို့သော် သွားမယ့်လမ်းကြောင်း အနေအထားနဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ လုပ်ဆောင်ရမယ့် အနေအထားကတော့ အရင်ကနဲ့ တူတော့မှာမဟုတ်ဘူးလို့ ယူဆရပါတယ်။ လက်ရှိမြန်မာ့စီးပွားရေးအခြေအနေဆိုရင်တော့ အားလုံး တန့်သွားတယ်။ ဒါကလည်း ရွေးကောက်ပွဲအလွန်ကာလမို့ဖြစ်နိုင်ပါတယ်။ အေးချမ်းတည်ငြိမ်မှုဆိုတာ အားလုံးနဲ့ သက်ဆိုင်တာမို့ ဆက်ပြီးမူဝါဒပိုင်းတွေ

*စာမျက်နှာ ၆ ကော်လံ ၁* ❖




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ကျန်ရှိဥပဒေများ အချိန်မီပြီးစီးရေး

ပထမအကြိမ် လွှတ်တော်အစည်းအဝေးများကို ရွေးကောက်ပွဲကာလအတွင်း ရပ်နားထားရာမှ နိုဝင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အသီးသီး၌ ပြန်လည်ကျင်းပနေပြီဖြစ်ပါသည်။ လက်ရှိ ပထမအကြိမ် လွှတ်တော်သက်တမ်းသည် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် ကုန်ဆုံးမည်ဖြစ်၍ လွှတ်တော်သက်တမ်းသည် နှစ်လခန့်သာ ကျန်ရှိပါတော့သည်။ ဤနှစ်လတာ ကာလအတွင်း လက်ရှိ လွှတ်တော်သက်တမ်းအတွင်း ပြီးပြတ်အောင် လုပ်ဆောင်ရမည့် ဥပဒေရေးရာကိစ္စများနှင့် နောင်တက်လာမည့် လွှတ်တော်သစ်အတွက် လိုအပ်သောအခင်းအကျင်းနှင့် ပိုမိုကောင်းမွန်သောလွှတ်တော်အစည်းအဝေးများ ကျင်းပနိုင်ရန် ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိပါသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နိုဝင်ဘာ ၁၆ ရက်တွင် ကျင်းပရာတွင် နောင်လာမည့် လွှတ်တော်ဖွဲ့စည်းချိန်အထိ ပထမလွှတ်တော်၏သက်တမ်းမှာ နှစ်လခန့်သာကျန်ရှိပါကြောင်း၊ ထိုကာလအတွင်း ဆောင်ရွက်ဖွယ်ရာကိစ္စများကို စေတနာထား ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဒုတိယအကြိမ် လွှတ်တော်အသစ်သည် ပထမအကြိမ် လွှတ်တော်ထက်ပိုပြီး အရည်အချင်းရော၊ အရည်အသွေးပါပြည့်စုံပြီး နိုင်ငံသားများ၏အကျိုးကို ပိုမိုဆောင်ရွက်နိုင်ကြစေရန် မိမိတို့က လမ်းခင်းဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်းဖြင့် ထည့်သွင်းပြောကြားခဲ့ပါသည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပပြီးနောက် ဆက်လက်ဆောင်ရွက်ရန် ဥပဒေကြမ်း(၃၃)ခုကျန်ရှိကြောင်း၊ ယင်းဥပဒေကြမ်း (၃၃) ခုအနက် အမျိုးသားလွှတ်တော်တွင်ဆောင်ရွက်ဆဲ (၁၄)ခု၊ အမျိုးသားလွှတ်တော်က ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့ထားသည့် ဥပဒေကြမ်းတစ်ခု၊ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့လာသည့် ဥပဒေကြမ်းနှစ်ခု၊ ပြည်သူ့လွှတ်တော်က ဆွေးနွေးနိုင်ရန်ပေးပို့လာသည့် ဥပဒေကြမ်း ၁၆ ခုရှိကြောင်း၊ ပြည်သူ့လွှတ်တော်တွင် ဆောင်ရွက်ဆဲ ဥပဒေကြမ်း (၁၅) ခုရှိကြောင်း သိရပါသည်။

ကျန်ရှိနေသေးသည့် လွှတ်တော်သက်တမ်းကာလအတွင်း လက်ရှိလွှတ်တော်သက်တမ်းတွင် ကျန်ရှိဥပဒေများ အချိန်မီပြီးစီးရေး လွှတ်တော်ကိုယ်စားလှယ်များက ကြိုးပမ်းလျက်ရှိပါသည်။

ကျွန်ုပ်တို့မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ်နှင့်အညီ လွှတ်တော်အစည်းအဝေးများကို လက်ရှိအစိုးရသက်တမ်းငါးနှစ်စတင်ချိန်မှစပြီး ကျင်းပခဲ့ပါသည်။ လွှတ်တော်သက်တမ်းငါးနှစ်တာကာလအတွင်း ဒီမိုကရေစီစနစ်နှင့် လိုက်လျောညီထွေမှုရှိသောဥပဒေများကို ဆွေးနွေးအတည်ပြုပြဋ္ဌာန်းပေးနိုင်ခဲ့ပါသည်။ လွှတ်တော်အသီးသီးက အတည်ပြုပြဋ္ဌာန်းပေးလိုက်သော ဥပဒေများသည် စည်းကမ်းပြည့်ဝသော အနာဂတ်ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်ရာတွင်များစွာ အထောက်အကူပြုမည်ဖြစ်ပါသည်။ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများသည် အနာဂတ်နိုင်ငံတော်တည်ဆောက်ရာတွင် အသက်သွေးကြောသဖွယ်အရေးကြီးလှပေသည်။ သို့ပါ၍ လွှတ်တော်သက်တမ်းအတွင်း ကျန်ရှိနေသော ဥပဒေကြမ်းများကို အချိန်မီပြီးစီးရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆


# အငြိမ်းစားဆရာ ဆရာမများနှင့် ပြည်ပရောက် ဆရာ ဆရာမများကို ကန်ထရိုက်စနစ်ဖြင့် ခန့်ထားမည်



**နေပြည်တော် နိုဝင်ဘာ ၁၇**

အခြေခံပညာဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၆၄) ဖွင့်ပွဲအခမ်းအနားကို နိုဝင် ဘာ ၁၆ ရက်က ဇဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ကျင်းပရာ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကျော်မြတ် တက်ရောက်အမှာစကား ပြောကြားသည်။

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပညာရေးဆိုင်ရာ လုပ်ငန်း လမ်းညွှန်ချက် (၁၀)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ဘက်စုံလွှမ်းခြုံသော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်း၏ ပညာရေးကဏ္ဍငါးနှစ်စီမံကိန်း (၂၀၁၆-၂၀၂၀)ကိုလည်း ပြုစုထားပြီးဖြစ်ကြောင်း၊ ပြဋ္ဌာန်းပြီးသည့် အမျိုးသားပညာရေးဥပဒေနှင့်အညီ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် သူငယ်တန်း (KG) တန်းကို သင်ရိုးအသစ်ပြောင်းလဲပြီး စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

အခမဲ့ပညာရေးကို ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် မူလတန်းအဆင့် အခမဲ့ပညာရေးကိုစတင်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အထက်တန်းအဆင့်အထိ တိုးတက် ဆောင်ရွက်ခဲ့ကြောင်း၊ ကျောင်းသားဦးရေနှင့် ဆရာ ဆရာမ အချိုးကိုက်ညီစေရေးအတွက် ဆရာ ဆရာမများကို ဖြည့်ဆည်းလျက်ရှိရာ အငြိမ်းစား ဆရာ ဆရာမများနှင့် အကြောင်းအမျိုးမျိုးကြောင့် ပြင်ပတွင်ရောက်ရှိနေသော ဆရာ ဆရာမများကို ရရှိထားသော ဆရာအတတ်ပညာ အောင်လက်မှတ်အဆင့်အလိုက် ကန်ထရိုက်စနစ်ဖြင့် ခန့်ထားမည်ဖြစ်ကြောင်း၊ ဆရာ ဆရာမတို့အနေဖြင့် အမျိုးသားပညာရည် မြင့်မားရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ကြရန် အထူးတိုက်တွန်းမှာကြားလိုကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

(ပညာရေး)




# အာမခံလုပ်ငန်းများအကြောင်း ရှင်းလင်းဆွေးနွေး

**စစ်တွေ နိုဝင်ဘာ ၁၇**

စစ်တွေမြို့ အဝေးပြေးကားဂိတ်ဝင်းရှိ မထသရုံး အစည်းအဝေးခန်းမ၌ နိုဝင်ဘာလဒုတိယပတ်က မြန်မာ့အာမခံလုပ်ငန်းများအကြောင်း ရှင်းလင်းဟောပြောခြင်းအခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် ပြည်နယ်တာဝန်ခံ ဦးဝင်းဖေက မြန်မာ့အာမခံလုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားပြီး မြန်မာ့အာမခံလုပ်ငန်းမှ တာဝန်ရှိသူများ၊ မထသရုံးမှ တာဝန်ရှိသူများ၊ ယာဉ်မောင်းများ၊ ခရီးသွားပြည်သူများနှင့် လေ့လာသူများ တက်ရောက်ကြသည်။

ထို့နောက် အထူးခရီးသွားအာမခံနှင့် ပို့ကုန်ပစ္စည်းအာမခံလုပ်ငန်းများနှင့်ပတ်သက်၍ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းရာ ပြည်နယ်တာဝန်ခံနှင့် တာဝန်ရှိသူများက ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

ကိုကြီးစော

အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၇-၁၁-၂၀၁၅

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၅၄၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၁၀၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၅၄၅၀၀ |

### စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)

| | ရန်ကုန် | မန္တလေး |
|---|---|---|
| ဒီဇယ် | ၆၃၀/၆၄၀ ကျပ် | ၆၈၀/၆၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၇၀/၆၉၀ ကျပ် | ၇၄၀/၇၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၇၀/၇၉၀ ကျပ် | ၈၅၀/၉၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၇၀/၆၈၀ ကျပ် | ၇၄၀/၇၅၀ ကျပ် |

### သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

### နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၈၁.၀ |
| ဥရောပ | တစ်ယူရို | ၁၃၉၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၀.၈၄ |
| ထိုင်း | တစ်ဘတ် | ၃၆ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၄၅ |
| တရုတ် | တစ်ယွမ် | ၂၀၁.၈၅ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၈.၂၅ |

ခင်ရတနာ-စုစည်းသည်။

■ ***ရှေ့စာမျက်နှာမှ***

အစည်းအဝေးတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ပြီးခဲ့သည့်လကပြုလုပ်ခဲ့သည့် JICM အစည်းအဝေးတွင် လိုအပ်သည်များကို အကျေအလည် ညှိနှိုင်းခဲ့ကြပြီးဖြစ်ပါကြောင်း၊ JICM ၏ရည်ရွယ်ချက်သည် NCA လက်မှတ်ရေးထိုးပြီး သဘောတူညီထားသည့် အချက်အားလုံးကို အကောင်အထည်ဖော်နိုင်အောင် ညှိနှိုင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တွေ့ကြုံခဲ့ရသည့်အခက်အခဲများ၊ မတူညီသည့် ဝိဝါဒသဘောထားများကို ပြေလည်အောင် ညှိနှိုင်းဆွေးနွေးကြရန်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးလမ်းစဉ်သည် ခက်ခဲသည်ဆိုသည်ကို အားလုံးအသိပင် ဖြစ်ပါကြောင်း၊ အဆိုပါအခက်အခဲများကို အောင်မြင်စွာ ကျော်လွှားနိုင်ရေး အဘက်ဘက်မှညှိနှိုင်းပြီး လုပ်ဆောင်သွားရမည်ဖြစ်ပါကြောင်း။

JICM ၏အောက်တွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC) နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှု ပူးတွဲကော်မတီ (UPDJC) အဖွဲ့များ ဖွဲ့စည်းထားပါကြောင်း၊ JMC အနေနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို အကောင်အထည်ဖော်နိုင်အောင် ဖွဲ့စည်းထားပါကြောင်း၊ နိုင်ငံရေးဆွေးနွေးပွဲများ ဆက်သွားရေးအတွက် ဖွဲ့စည်းထားသည့် UPDJC အနေနှင့်လည်း ပါဝင်ရမည့်ပုဂ္ဂိုလ်များအရေအတွက်၊ တာဝန်နှင့် လုပ်ပိုင်ခွင့်စသည်တို့ကို စနစ်တကျ သတ်မှတ်ဖွဲ့စည်းရမည်ဖြစ်ပါကြောင်း၊ JMC ကြောင့် ယနေ့အထိ လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့နှင့် အဆိုပါဒေသများတွင် ပဋိပက္ခဖြစ်ပွားမှုမရှိသည်ကို ကြားရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ ဆက်လက်ပြီး ပစ်ခတ်တိုက်ခိုက်မှုများမဖြစ်ပွားစေရေး အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း၊ မိမိတို့အနေဖြင့် JMC ၏ အကောင်အထည်ဖော်မှုကို ကြိုးစားလုပ်ဆောင်ပြီး ခိုင်မာသည့်အုတ်မြစ်ကောင်းများ ချမှတ်သွားမည်ဖြစ်ပါကြောင်း။

NCA လက်မှတ်ရေးထိုးပြီးသည့် အချိန်မှစပြီး ရက်ပေါင်းမည်မျှတွင် နိုင်ငံရေးမူဘောင်ကိုသွားရမည်၊ ရက်ပေါင်းမည်မျှတွင် နိုင်ငံရေးဆွေးနွေးပွဲများကို သွားရမည်ဆိုသည်ကို အားလုံးသဘောတူညီပြီးဖြစ်သည့်အတွက် ဆက်လက်အကောင်အထည်ဖော်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ သို့သော်လည်း ပြောင်းလဲလာသည့် နိုင်ငံရေးအခြေအနေအရ အချိန်နည်းပါးပါကြောင်း၊ သို့သော်လည်း နိုင်ငံရေးဖြစ်စဉ်အရ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား မည်သည့်အစိုးရတက်သည်ဖြစ်စေ ဆက်လက်ပြီး တာဝန်ယူဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

## ■ JICM ၏ရည်ရွယ်ချက်သည် NCA လက်မှတ်ရေးထိုးပြီး သဘောတူညီထားသည့်အချက်အားလုံးကို အကောင်အထည်ဖော်နိုင်အောင် ညှိနှိုင်းဆောင်ရွက်သွားရမည်ဖြစ်။

## ■ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တွေ့ကြုံခဲ့ရသည့် အခက်အခဲများ၊ မတူညီသည့် ဝိဝါဒသဘောထားများကို ပြေလည်အောင် ညှိနှိုင်းဆွေးနွေးကြရန်ဖြစ်

နိုဝင်ဘာ ၁၅ ရက်က နိုင်ငံတော်သမ္မတနှင့် နိုင်ငံရေးပါတီ (၆၈)ပါတီ တွေ့ဆုံပွဲတွင် မိမိတို့အစိုးရအနေဖြင့် ကတိကဝတ်ပြုထားသည့်အတိုင်း အသစ်ဖြစ်ပေါ်လာမည့် အစိုးရအဖွဲ့ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ အာဏာလွှဲပြောင်းပေးမည်ဆိုသည်ကို ရှင်းပြခဲ့ပြီးဖြစ်ပါကြောင်း။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆောင်ရွက်သည့်နေရာတွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကိစ္စနှင့် နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်အောင်ဆောင်ရွက်မည့်ကိစ္စများအား ခိုင်မာသည့်အခြေခံအုတ်မြစ်များ ချပေးနိုင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ယခုအစည်းအဝေးသို့ တက်ရောက်လာသူများအနေဖြင့်လည်း ခိုင်မာသည့်အုတ်မြစ်များ ချမှတ်ပေးနိုင်ရေး ပူးပေါင်းညှိနှိုင်းဆွေးနွေးသွားကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကရင်အမျိုးသားအစည်းအရုံး (KNU) မှ အထွေထွေအတွင်းရေးမှူး ပဒိုစောကွယ်ထူးဝင်းက နှုတ်ခွန်းဆက်ပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက မိမိတို့အစိုးရအနေဖြင့် ကျန်ရှိသည့် သက်တမ်းကာလအတွင်း NCA ၏သဘောတူညီချက်များအတိုင်း အပြည့်အဝ အကောင်အထည်ဖော်သွားနိုင်ရန် ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ပြီး နောင်တက်လာမည့်အစိုးရအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် လိုအပ်သည့်အခြေခံအုတ်မြစ်များကို ခိုင်ခိုင်မာမာချသွားမည်ဖြစ်ကြောင်း။

JMC အနေဖြင့် Code of Conduct ကို ရေးဆွဲခဲ့ပြီး JMC အဆင့်ဆင့်၏ လုပ်ငန်းလမ်းညွှန်မှုများကိုလည်း အပြီးသတ်နေပြီဟုသိရှိရပါကြောင်း၊ ထို့ကြောင့် JMC လုပ်ငန်းစဉ်များ မကြာမီစတင်နိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ JMC လုပ်ငန်းများကို အစိုးရအပြောင်းအလဲတွင်လည်း ယခုအတိုင်း ဆက်ရှိသွားမည်ဖြစ်ပါကြောင်း။

UPDJC အနေဖြင့် နိုင်ငံရေးပါတီများပါဝင်ရေးကိစ္စ၊ NCA ကို အခြေခံပြီး ဆောင်ရွက်ရမည့် နိုင်ငံရေးဆွေးနွေးပွဲကိစ္စရပ်များနှင့် နိုင်ငံရေးဆွေးနွေးပွဲ မူဘောင်အချိန်မီပေါ်ပေါက်လာရေးကိစ္စများကို ဆွေးနွေးမည်ဖြစ်ပါကြောင်း၊ သို့မှသာ NCA Timeline အတိုင်း ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်မတိုင်မီ မူဘောင်ဆိုင်ရာဆွေးနွေးပွဲများ စတင်နိုင်မည်ဖြစ်ပါကြောင်း၊ NCA ကတိကဝတ်များအတိုင်း ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၄ ရက်မတိုင်မီ ပထမဆုံးအကြိမ် ပါဝင်သင့်သူများပါဝင်သည့် နိုင်ငံရေးဆွေးနွေးပွဲကြီးကို စတင်နိုင်ရန်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်နာယက ဦးခွန်ဥက္ကာက နှုတ်ခွန်းဆက် ပြောကြားသည်။

ယင်းနောက် ပထမအကြိမ် JICM အစည်းအဝေးဆုံးဖြတ်ချက်များ အကောင်အထည်ဖော်မှုအခြေအနေ၊ ဒုတိယအကြိမ် JICM အစည်းအဝေးမှ ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် အဆုံးအဖြတ်ပေးရမည့်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ယနေ့အစည်းအဝေးသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်း၊ ဦးသိန်းဇော်နှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်မှ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဗိုလ်ချုပ် ထွန်းထွန်းနောင်၊ ဗိုလ်ချုပ်မင်းနောင်နှင့် တပ်မတော်အရာရှိကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့မှ ကိုယ်စားလှယ်များနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာနမှ တာဝန်ရှိသူများတက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ကမ္ဘာပေါ်တွင် ဆီးချိုသွေးချိုရောဂါ ဖြစ်ပွားနေသူ လူသန်းပေါင်း (၃၈၂)သန်းရှိ

**နေပြည်တော် နိုဝင်ဘာ ၁၇**

ကျန်းမာရေး ဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က အမှာစကားပြောကြားရာတွင် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ကို ၂၀၀၇ ခုနှစ်မှစ၍ ကမ္ဘာ့ကုလသမဂ္ဂ၏နေ့တစ်နေ့အဖြစ် သတ်မှတ်ကျင်းပခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် ၂၀၁၁ ခုနှစ်မှစ၍ နှစ်စဉ် ပုံမှန်ကျင်းပခဲ့ပါကြောင်း၊ ယခု ၂၀၁၅ ခုနှစ် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့၏ ဆောင်ပုဒ်မှာ "Act today, to change tomorrow" "ဆီးချိုသွေးချိုရောဂါကာကွယ်လို့၊ အနာဂတ်ဘဝသာယာဖို့၊ ယနေ့စတင်ဆောင်ရွက်စို့" ဟု သတ်မှတ်ထားပါကြောင်း။

ယခုအခါ ကမ္ဘာပေါ်တွင် ဆီးချိုသွေးချိုရောဂါ ဖြစ်ပွားနှုန်းသည် ကပ်ရောဂါကဲ့သို့ ကြောက်ခမန်းလိလိ တိုးတက်များပြားလာနေပြီး လူသန်းပေါင်း ၃၈၂ သန်း ရောဂါဖြစ်ပွားနေပါကြောင်း၊ ၂၀၃၀ ခုနှစ်တွင် သန်းပေါင်း ၅၅၁ ဒသမ ၈ အထိ ဖြစ်ပွားနိုင်ပါကြောင်း၊ ၁၀ စက္ကန့်တိုင်းတွင် သုံးဦး ဆီးချိုရောဂါဖြစ်ပွားနေပြီး ၆ စက္ကန့်တိုင်းတွင် လူတစ်ဦးသေဆုံးလျက်ရှိပါကြောင်း၊ ၂၀၁၄ ခုနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းပြုလုပ်ခဲ့သော STEP Survey စစ်တမ်းများအရ မြန်မာနိုင်ငံတွင် ဆီးချိုသွေးချိုရောဂါဖြစ်ပွားနှုန်းသည် ၁၀ ဒသမ ၅ ရာခိုင်နှုန်း ဖြစ်ပွားလျက်ရှိကြောင်း။

ကျန်းမာရေး ဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးစီမံချက်၊ နှလုံးသွေးကြောရောဂါကာကွယ်ရေးစီမံချက်၊ ကင်ဆာရောဂါတိုက်ဖျက်ရေးစီမံချက်၊ နာတာရှည်အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါကာကွယ်ရေးစီမံချက်တို့ပူးပေါင်း၍ မကူးစက်နိုင်သောရောဂါများကို တိုက်ဖျက်လျက်ရှိပါကြောင်း၊ မကူးစက်နိုင်သောရောဂါများ (Non-Communicable Diseases) စီမံချက်ကို မှော်ဘီနှင့်




လှည်းကူးမြို့နယ်များတွင် ၂၀၁၃ ခုနှစ်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ယင်းစီမံချက်ကို မြို့နယ်အားလုံးသို့ လွှမ်းခြုံဆောင်ရွက်နိုင်ရန်အတွက် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနအနေဖြင့် တိုးမြှင့်ရရှိလာသည့် ကျန်းမာရေးအသုံးစရိတ်များဖြင့် ဆက်လက်ဆောင်ရွက်သွားရန် စီစဉ်ထားရှိပါကြောင်းဖြင့် ပြောကြားသည်။ **(အပေါ်ပုံ)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် ဆီးချိုသွေးချိုရောဂါ ကာကွယ်ရေးပြခန်းငယ်ကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြသည်။

အခမ်းအနားအစီအစဉ် ဒုတိယပိုင်းတွင် ဆေးတက္ကသိုလ်(၂) ရန်ကုန်၊ ဆေးပညာဌာန ပါမောက္ခ၊ ဌာနမှူး၊ ပါမောက္ခဒေါက်တာကိုကိုက ဆီးချိုသွေးချိုရောဂါ သိကောင်းစရာများအကြောင်း ကျန်းမာရေးပညာပေးဟောပြောခဲ့ပြီး တက်ရောက်လာသူများအား ဆီးချိုသွေးချိုရောဂါ စစ်ဆေးပေးခဲ့သည်။

ယနေ့ကျင်းပသည့် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားသည် နိုင်ငံတော်အတွက် ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ် ဖြစ်ပေါ်ကျရောက်လာနိုင်သော ဆီးချိုသွေးချိုရောဂါ၏ဝန်ထုပ်ဝန်ပိုးများကို သိရှိနားလည်စေရန်လည်းကောင်း၊ ဆီးချိုသွေးချိုရောဂါကာကွယ်ရေးနှင့် ကုသရေးဆိုင်ရာ ကျန်းမာရေးအသိပညာ၊ ဗဟုသုတများကို ပြည်သူလူထုအတွင်း ပိုမိုပျံ့နှံ့သိနားလည်လာစေရန်အတွက်လည်းကောင်း ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

# နတ်တလင်းမြို့နယ် ပြည်သူ့ဝန်ဆောင်မှု (OSS) ရုံး ဖွင့်လှစ်

**နတ်တလင်း နိုဝင်ဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ နိုဝင်ဘာ ဒုတိယပတ်က မြို့နယ်ပြည်သူ့ဝန်ဆောင်မှု (OSS) ရုံး ဖွင့်လှစ်ခဲ့သည်။

ပြည်သူ့ဝန်ဆောင်မှု (OSS) ရုံးကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူး ဦးဇော်လွင်က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပြီး ပြည်သူ့ဝန်ဆောင်မှု (OSS) ရုံး၌ ပါဝင်သော ဌာနဆိုင်ရာများမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြန်မာနိုင်ငံလျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ပြည်တွင်းအခွန်ဦးစီးဌာန၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ဖြစ်ပြီး ဌာနစိတ်တစ်ခုတွင် တာဝန်ကျဝန်ထမ်းနှစ်ဦးတို့ဖြင့် ပြည်သူများ၏ လိုအပ်ချက်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ **(မြို့နယ်ပြန်/ဆက်)**

# အရာထမ်းလောင်းအခြေခံသင်တန်း အမှတ်စဉ်(၁၇) သင်တန်းဖွင့်

**မန္တလေး နိုဝင်ဘာ ၁၇**

ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) အရာထမ်းလောင်း အခြေခံသင်တန်း အမှတ်စဉ်(၁၇) သင်တန်းဖွင့်အခမ်းအနားကို နိုဝင်ဘာ ၁၇ ရက် နံနက် ၇ နာရီခွဲက ပတ္တမြားခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ် ဦးအောင်တင်စိုး တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

သင်တန်းဖွင့်အခမ်းအနားသို့ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ ဌာနစုမှူးများ၊ နည်းပြများနှင့် ဝန်ကြီးဌာနများလက်အောက်ရှိ ဦးစီးဌာနများ၊ လုပ်ငန်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာထမ်းလောင်းအခြေခံသင်တန်း အမှတ်စဉ်(၁၇)မှ သင်တန်းသား သင်တန်းသူ ၁၆၁ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၄ ပတ် ကြာမြင့်မည်ဖြစ်သည်။ **(မန်းကိုယ်ပွား)**



ပါရီအကြမ်းဖက်တိုက်ခိုက်မှုတွင် သေဆုံးသွားသူများကို ဂုဏ်ပြုသောအားဖြင့် အီဖယ်မျှော်စင်ကို နိုင်ငံတော်ကိုယ်စားပြုအရောင်များဖြင့် မီးထွန်းထားစဉ်။

# အကြမ်းဖက်တိုက်ဖျက်မှုများဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ရန် ပြင်သစ်သမ္မတပြောကြား

**ပါရီ နိုဝင်ဘာ ၁၇**

ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်းက သောကြာနေ့၌ ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုကို အိုင်အက်စ်အကြမ်းဖက်သမားများက ဆီးရီးယားတွင် ကြိုတင်အစီအစဉ်ဆွဲခဲ့ကြောင်း ပြောခဲ့သည်။

နိုဝင်ဘာ ၁၆ ရက်က ပြင်သစ်သမ္မတသည် ဗာဆိုင်းနန်းတော်၌ လွှတ်တော်နှစ်ရပ်လုံး၏အမတ်ပေါင်း ၉၀၀ ကျော်ကို မိန့်ခွန်းပြောကြားခဲ့သည်။

ပြင်သစ်သမ္မတက အကြမ်းဖက်စစ်ပွဲဟုခေါ်ခဲ့သော သောကြာနေ့ ပါရီတိုက်ခိုက်မှုကို ဆီးရီးယားတွင် ကြိုတင် အစီအစဉ်ဆွဲခဲ့ကြောင်း၊ ထို့နောက် အကြမ်းဖက် သမားများက ဘယ်လ်ဂျီယံတွင် လူစုကာ ပြင်သစ်များနှင့် ပူးပေါင်းပြီး ပြင်သစ်မြေပေါ်တွင် ပြစ်မှုကျူးလွန်ခဲ့ကြောင်း ပြောခဲ့သည်။

ပြင်သစ်သမ္မတက ဆီးရီးယားတွင်ရှိသော အိုင်အက်စ်တို့၏ ခြေကုပ်စခန်းများကို လေကြောင်းချီတိုက်ခိုက်မှုများ အရှိန်မြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကြေညာခဲ့ပြီး မြေထဲပင်လယ်တွင်လည်း ပြင်သစ်တို့၏တိုက်လေယာဉ်များကို တပ်ဖြန့်ချထားမည်ဖြစ်ကြောင်း ပြောခဲ့သည်။

ပြင်သစ် မြေပေါ်တွင်လည်း အကြမ်းဖက် ဖြစ်ပွားခဲ့သည့် အချိန်မှစ၍ အရေးပေါ်အခြေအနေကို သုံးလအထိတိုးမြှင့်ရန် ပြင်သစ်သမ္မတက တိုက်တွန်းလိုက်သည်။

ထို့အပြင် အကြမ်းဖက်တိုက်ခိုက်မှုများကို ဆန့်ကျင်တိုက်ဖျက်ရာတွင် နိုင်ငံတော်သမ္မတအား လွှတ်တော်၏ သဘောတူညီချက်မလိုဘဲ လုပ်ပိုင်ခွင့်ပေးရန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြုပြင်ရန်နှင့် လာမည့်နှစ်နှစ်အတွင်း ရဲအရာရှိ ၅၀၀၀ကို ထပ်မံအင်အားဖြည့်တင်းရန်လည်း ပြင်သစ်သမ္မတက ကြေညာလိုက်သည်။

ပြင်သစ်သမ္မတက အကြမ်းဖက်မှုများသည် ပြင်သစ်နိုင်ငံကို ဘယ်သောအခါမှ ဖျက်ဆီးနိုင်မည်မဟုတ်ကြောင်း၊ ပြင်သစ်နိုင်ငံကသာ အကြမ်းဖက်မှုများကို တိုက်ဖျက်သွားမည်ဖြစ်ကြောင်း၊ အိုင်အက်စ် အကြမ်းဖက် စစ်သွေးကြွများကို အမြစ်ဖြုတ် ချေမှုန်းသွားမည်ဖြစ်ကြောင်း ကတိပေးခဲ့သည်။

ပြင်သစ်စုံစမ်းထောက်လှမ်းသူများက အကြမ်းဖက်သမား ခုနစ်ဦးအနက် ငါးဦးကို အတည်ပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။ လေးဦးမှာ ပြင်သစ်နိုင်ငံသားများဖြစ်ကာ ပါရီအနီး သို့မဟုတ် ဘယ်လ်ဂျီယံတွင် နေထိုင်သူများဖြစ်ပြီး တစ်ဦးမှာ လွန်ခဲ့သောလက ဆီးရီးယားနိုင်ငံကူးလက်မှတ်ကို အသုံးပြု၍ဂရိတွင် ရွှေ့ပြောင်းဒုက္ခသည်အဖြစ် လျှောက်ထားသူဖြစ်ကြောင်း သိရသည်။

အာဏာပိုင်များက သံသယရှိသော ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့၌မွေးဖွားသော အသက် ၂၆ နှစ်အရွယ်ရှိ ဆာလာအက်ဘ်ဒီဆလမ်သည်လည်း အဆိုပါအကြမ်းဖက်မှုတွင် ပါဝင်နိုင်သည်ဟု ယူဆပြီး ၎င်း၏အမည်နှင့် ဓာတ်ပုံအပါအဝင် သတင်းအချက်အလက်များကို ဖော်ပြခဲ့ပြီးဖြစ်သည်။

ပြင်သစ်နှင့် ဘယ်လ်ဂျီယံနိုင်ငံမှ စုံစမ်းထောက်လှမ်းရေး အာဏာပိုင်များက ပါရီအကြမ်းဖက်တိုက်ခိုက်မှုတွင်ပါဝင်သော တရားခံများကို အပြင်းအထန် ဆက်လက်ကြိုးစားရှာဖွေနေကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

# အိုင်အက်စ်စစ်သွေးကြွများကို ကမ္ဘာ့တပ်ပေါင်းစုဖွဲ့ပြီး အပြုတ်တိုက်ရန် ပြင်သစ်သမ္မတတိုက်တွန်းဆော်ဩ

**ပါရီ နိုဝင်ဘာ ၁၇**

ပြင်သစ်ဂျက်တိုက်လေယာဉ်များက ဆီးရီးယားရှိ ပစ်မှတ်များကိုတိုက်ခိုက်နေချိန် ပါရီမြို့တိုက်ခိုက်မှုအပြီး အိုင်အက်စ်တို့အား အမြစ်ပြတ်ချေမှုန်းရန် ကမ္ဘာ့ညွန့်ပေါင်းတပ်ကြီးဖွဲ့စည်းရေး ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်းက အမေရိကန်နှင့်ရုရှားတို့ကို တနင်္လာနေ့တွင် တိုက်တွန်းဆော်ဩလိုက်သည်။

"ပြင်သစ်က ယခုစစ်ဖြစ်နေပါပြီ၊ ဗုံးခွဲမှုတွေ၊ သေနတ်ပစ်ခတ်မှုတွေကြောင့် လူပေါင်း ၁၂၉ ဦး သေဆုံးခဲ့ရတာကို လက်တုံ့ပြန်ဖို့ အမျိုးသားလုံခြုံရေးရန်ပုံငွေကို တိုးမြှင့်ပေးဖို့၊ အကြမ်းဖက်တိုက်ဖျက်ရေး ဥပဒေကို တင်းတင်းကြပ်ကြပ်လုပ်ဖို့လိုပါတယ်"ဟု ဖရန်ဆွာဟော်လန်းက လွှတ်တော်၌ တိုက်တွန်းလိုက်သည်။

ထိုအတောအတွင်း ပြင်သစ်စစ်လေယာဉ် ၁၀ စင်းက ယူအေအီး၊ ဂျော်ဒန်တို့နှင့်အတူ ယမန်နေ့ညက အိုင်အက်စ်တို့၏ခံတပ်ရှိရာ ရက်ကွာရှိ ဂျီဟတ်စုဆောင်းရေးစခန်းကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြောင်း ပြင်သစ်စစ်ဘက် ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။

အိုင်အက်စ်တို့က ပါရီမြို့တိုက်ခိုက်မှုများသည် ယင်းတို့လက်ချက်ဖြစ်သည်ဟု ဆိုသည်။ ပြင်သစ်တို့က လက်တုံ့ပြန်သောအားဖြင့် ဆီးရီးယားနှင့်အီရတ်တို့ရှိ အိုင်အက်စ်ချေမှုန်းရေးတွင် အမေရိကန်တို့နှင့်အတူ ပါဝင်လာသည်။

**(ရိုက်တာ)**



# အိုင်အက်စ် စစ်သွေးကြွများ နေရာအများအပြား၌ တိုက်ခိုက်လာနိုင်၊ စီအိုင်အေအကြီးအကဲသတိပေးပြောကြား

**ဝါရှင်တန် နိုဝင်ဘာ ၁၇**

အိုင်အက်စ် စစ်သွေးကြွများအနေဖြင့် ပါရီမြို့မှာကဲ့သို့ အခြားတိုက်ခိုက်မှုများ ပြုလုပ်ရန် အသင့်ဖြစ်နေဖွယ်ရှိကြောင်း စီအိုင်အေညွှန်ကြားရေးမှူး ဂျွန်ဘရင်နန်က တနင်္လာနေ့တွင် သတိပေးပြောကြားလိုက်သည်။

ဥရောပ ထောက်လှမ်းရေးနှင့် လုံခြုံရေး အရင်းအမြစ်များက ဆီးရီးယားနှင့်အီရတ်တို့မှ ပြန်လာသော ရာပေါင်းများစွာသော ဥရောပအစွန်းရောက်များကို ခြေရာခံလိုက်နေကြပြီဖြစ်ကြောင်း၊ စစ်သွေးကြွများသည် အခြားနေရာများတွင်ပါ တိုက်ခိုက်မှုများပြုလုပ်ရန် အသင့်ဖြစ်နေဖွယ်ရှိကြောင်း စီအိုင်အေညွှန်ကြားရေးမှူးက သတိပေးပြောကြားလိုက်သည်။

ဥရောပနိုင်ငံ အများအပြားသည် အီရတ်နှင့် ဆီးရီးယားနိုင်ငံများသို့သွားရောက်ပြီး ပြန်လာကြသူများကို လူတစ်ဦးချင်းစောင့်ကြည့်နေရသည့် စိန်ခေါ်မှုကို ရင်ဆိုင်နေရပြီဖြစ်ကြောင်း ဘရင်နန်က ပြောသည်။

ပြင်သစ်၊ ဘယ်လ်ဂျီယံနှင့် အခြားသောနိုင်ငံများသည် ပါရီမြို့၌ လူပေါင်း ၁၂၉ ဦး သေဆုံးခဲ့ရသည့် ကဇာတ်ရုံ၊ အားကစားကွင်း၊ စားသောက်ဆိုင်နှင့် ယမကာဆိုင်တို့ တိုက်ခိုက်မှုများအပြီး သံသယရှိသူများကို လိုက်လံရှာဖွေနေစဉ် ဘရင်နန်၏ မှတ်ချက်ထွက်ပေါ်လာခြင်းဖြစ်သည်။



အမေရိကန်ထောက်လှမ်းရေးအနေဖြင့် ပါရီမြို့ တိုက်ခိုက်မှုများနှင့်ပတ်သက်၍ အိုင်အက်စ်တို့ လက်ချက်ဖြစ်ကြောင်းကို အတည်မပြုနိုင်ဘဲရှိသည်။ အိုင်အက်စ်တို့အနေဖြင့် ပြင်သစ်နိုင်ငံ ပါရီတိုက်ခိုက်မှုသည် တစ်ခုတည်းနှင့်ပြီးဆုံးသွားမည်မဟုတ်ဘဲ အိုင်အက်စ်အကြမ်းဖက်တိုက်ခိုက်ရေးသမားများက နောက်ထပ်အကြမ်းဖက်တိုက်ခိုက်မှု ပြုလုပ်လာနိုင်ကြောင်း စီအိုင်အေအကြီးအကဲက သတိပေးခဲ့သည်။

အမေရိကန်နိုင်ငံ ဝါရှင်တန်တွင် နိုဝင်ဘာ ၁၆ ရက်က စီအိုင်အေညွှန်ကြားရေးမှူး ဂျွန်ဘရန်နန် ပြောခဲ့သော မိန့်ခွန်းထဲတွင် ၎င်းက အကြမ်းဖက်အုပ်စုများသည် နောက်ထပ်အကြမ်းဖက်မှုများ ထပ်မံပြုလုပ်နိုင်သည်ဟု မျှော်လင့်ရကြောင်း ပါရှိသည်။

ထို့အပြင် ပြင်သစ်နိုင်ငံမြို့တော် ပါရီတိုက်ခိုက်မှုသည် လပေါင်းများစွာကြာအောင် ဂရုတစိုက်ကြိုတင်အကွက်ချစီစဉ်မှုဖြစ်မည်ဟု ယုံကြည်ကြောင်း စီအိုင်အေညွှန်ကြားရေးမှူး ဂျွန်ဘရန်နန်က ပြောခဲ့သည်။

အကြမ်းဖက် အုပ်စုများက အမေရိကန်ကိုတိုက်ခိုက်ရန် အစောပိုင်းက ခြိမ်းခြောက်မှုများပြုလုပ်ခဲ့သည့် ဗီဒီယိုတစ်ခုသည် တနင်္လာနေ့က ထွက်ပေါ်လာခဲ့သည်။

**(အင်န်အိတ်ချ်ကေ/ရိုက်တာ)**

■

*✱ ရှေ့ဖုံးမှ*

အလားတူ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၈ ရက်တွင်ကျရောက်သော လတ်ဗီးယားသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ လတ်ဗီးယားသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စလမ်ဒိုတာ စထရိုဂျူမာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အိုမန်အမျိုးသားနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် နိုဝင်ဘာ ၁၈**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၈ ရက်တွင်ကျရောက်သော အိုမန်နိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အိုမန်နိုင်ငံ၏ဘုရင် ကဘူးစ် ဘင် ဆာအစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။**

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။**

**မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။**

(မိုး/ဇလ)

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် လတ်ဗီးယားလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် နိုဝင်ဘာ ၁၈**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၈ ရက်တွင်ကျရောက်သော လတ်ဗီးယားသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ လတ်ဗီးယား သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အဒ်ဂါစ် ရင်းကဲဗစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အိုမန်အမျိုးသားနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် နိုဝင်ဘာ ၁၈**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၈ ရက်တွင်ကျရောက်သော အိုမန်နိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အိုမန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ယူဆပ်ဖ် ဘင် အလာဝီ ဘင် အဗ္ဗဒူလာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# သံအမတ်ကြီး ဒေါ်ယဉ်ယဉ်မြင့်အား ချက်နိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် နိုဝင်ဘာ ၁၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဒေါ်ယဉ်ယဉ်မြင့်အား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် ချက်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**



**ပြင်သစ်နိုင်ငံ၌ ဖြစ်ပွားခဲ့သော အကြမ်းဖက် တိုက်ခိုက်မှုတွင် သေဆုံးဒဏ်ရာရရှိခဲ့သည့် ပြည်သူများအတွက် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံရုံး၌ ဖွင့်လှစ်ထားရှိသော ဝမ်းနည်းခြင်း အထိမ်းအမှတ်စာအုပ်တွင် နိုဝင်ဘာ ၁၇ ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်လင်း လက်မှတ်ရေးထိုးစဉ်။**

(သတင်းစဉ်)

# ဒီဇင်ဘာလအတွင်း မလေးရှားနိုင်ငံ၌ အာဆီယံ အယ်ဒီတာများ ညီလာခံကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၁၇**

အာဆီယံ အယ်ဒီတာများ ညီလာခံကို မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့၌ ဒီဇင်ဘာ ၃ ရက်နှင့် ၄ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါညီလာခံသို့ အာဆီယံဒေသတွင်းနိုင်ငံများမှ သတင်းအေဂျင်စီများ၊ ပုံနှိပ်မီဒီယာများ၊ အီလက်ထရွန်နစ်မီဒီယာများနှင့် News Portals များမှ ကိုယ်စားပြု အယ်ဒီတာဦးရေ ၁၀၀ ကျော် ပါဝင်မည်ဟု သိရသည်။

မလေးရှားနိုင်ငံသည် အာဆီယံဥက္ကဋ္ဌ တာဝန်ယူရသည့် ယခုနှစ်အတွင်း အာဆီယံ၏အခန်းကဏ္ဍများ မြှင့်တင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ပြီး လူဦးရေ သန်း ၆၃၀ ကျော် တည်ရှိသည့် အာဆီယံဒေသတွင်း ဆက်သွယ်ဆောင်ရွက်မှုမြှင့်တင်ရေးအတွက် ဆောင်ရွက်ရာတွင် မီဒီယာသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည့်အတွက် ယခုကဲ့သို့ ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

အာဆီယံအယ်ဒီတာများ ညီလာခံတွင် အာဆီယံဒေသတွင်း မီဒီယာ အသိုက်အဝန်း၌ တွေ့ကြုံရင်ဆိုင်နေရသည့် အခြေအနေများ၊ အာဆီယံအသိုက်အဝန်းဖော်ဆောင်ရာတွင် မီဒီယာအခန်းကဏ္ဍ၏ ပါဝင်မှုမြှင့်တင်ရေးနှင့် အာဆီယံဒေသတွင်း မီဒီယာများ ဆက်သွယ်ဆောင်ရွက်မှု ပိုမိုခိုင်မာစေရေးတို့အတွက် ဝိုင်းဝန်းဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ရှင်မင်း**

## နိုင်ငံတကာသတင်း

# ပါကစ္စတန်နိုင်ငံ ခရီးသည်တင်ရထားတိမ်းမှောက်မှု လူ ၁၃ ဦးထက်မနည်းသေဆုံး၊ ၁၀၀ ကျော်ဒဏ်ရာရရှိ

**ဂျေတီ**

**အစ္စလာမ္မာဘတ် နိုဝင်ဘာ ၁၇**

ပါကစ္စတန်နိုင်ငံ အနောက်တောင်ဘက်ရှိ မက်ခ်ခရိုင်၌ နိုဝင်ဘာ ၁၇ ရက်က အတွဲလေးတွဲပါရှိသည့် ခရီးသည်တင်ရထားတစ်စင်း လမ်းချော်ပြီး တိမ်းမှောက်ခဲ့ရာ လူ ၁၃ ဦးထက်မနည်းသေဆုံးပြီး ၁၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာမီဒီယာများက သတင်းဖော်ပြသည်။

Jaffer Express အမည်ရှိ အဆိုပါခရီးသည်စီးရထားသည် ရာဝါလ်ပင်ဒီမြို့သို့ ဦးတည်သွားနေစဉ် နိုင်ငံ၏တောင်ဘက် ဘာလိုချစ္စတန်ပြည်နယ် မက်ခ်ခရိုင်ရှိ အာရပ်အီးဂွမ်ဒေသအနီး၌ မတော်တဆမှုနှင့် ကြုံတွေ့ခဲ့ရခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ ရုပ်သံလိုင်းတစ်ခုဖြစ်သည့် Geo TV ၏ ဖော်ပြချက်အရ သိရသည်။

ရထားမတော်တဆဖြစ်မှု၌ ဒဏ်ရာရရှိသူများနှင့်သေဆုံးသူများ၏ အလောင်းများကို မက်ခ်ပြည်သူ့ဆေးရုံသို့ပို့ဆောင်ခဲ့ပြီး ဒဏ်ရာရရှိသူအများစု၏အခြေအနေမှာ စိုးရိမ်ရကြောင်း သိရသည်။

အဆိုပါရထားတိမ်းမှောက်မှုနှင့်ပတ်သက်၍ တာဝန်ရှိသူများက စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်လျက်ရှိရာ စစ်သွေးကြွများ၏လုပ်ရပ်နှင့် ပတ်သက်မှု ရှိ မရှိကိုလည်း ဆက်လက်စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါသေဆုံးသူများအနက်လေးဦးမှာ ပါကစ္စတန်မီးရထားလိုင်းကုမ္ပဏီမှ အမှုထမ်းများဖြစ်ကြောင်း ရထားအာဏာပိုင်များ၏အဆိုအရ သိရသည်။ **(ဆင်ဟွာ)**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် FORUM-ASIA မှ ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၁၇**

Asian Forum for Human Rights and Development (FORUM-ASIA) မှ ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌဟောင်း Professor Kyong Whan Ahn, အင်ဒိုနီးရှားနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ Mr. Nur Kholis, FORUM-ASIA အတွင်းရေးမှူးချုပ်ရုံးမှ Ms. Betty Yolanda နှင့် Mr. Joses Kuan တို့ပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၌ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် လာရောက်တွေ့ဆုံသည်။




တွေ့ဆုံစဉ် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ကိုယ်စားလှယ်အဖွဲ့က ပါရီအခြေခံမူများနှင့်အညီ ဥပဒေအရ ကော်မရှင်ကို ဖွဲ့စည်းထားမှု၊ ကော်မရှင်အဖွဲ့ဝင်များရွေးချယ်ခန့်အပ်မှု၊ လူ့အခွင့်အရေးကိစ္စရပ်များတွင် ကော်မရှင်နှင့် အရပ်ဘက်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှု၊ တိုင်တန်းချက်များကို ကော်မရှင်က ကိုင်တွယ်ဆောင်ရွက်မှု၊ အကျဉ်းထောင်များကို လူ့အခွင့်အရေးစံနှုန်းများနှင့် ကိုက်ညီမှု ရှိ၊ မရှိ စစ်ဆေးမှု၊ ဥပဒေကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကော်မရှင်က အကြံပြုမှုများ၊ အဓိကကျသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး သဘောတူစာချုပ်များတွင် မြန်မာနိုင်ငံက ပါဝင်ချုပ်ဆိုရန်အတွက် ကော်မရှင်က အကြံပြုသည့်ကိစ္စရပ်များ၊ ကော်မရှင်၏ ဘတ်ဂျက်ကိစ္စရပ်များ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့၌ လူ့အခွင့်အရေးနှင့်ပတ်သက်သည့် ကိစ္စရပ်များတွင် ကော်မရှင်၏ဆောင်ရွက်ချက်များနှင့် အကြံပြုတိုက်တွန်းမှုများ၊ ကော်မရှင်၏ ကွင်းဆင်းစစ်ဆေးမှုများနှင့် အကြံပြုတိုက်တွန်းမှုများကို ရှင်းလင်းပြောကြားပြီး FORUM-ASIA ကိုယ်စားလှယ်အဖွဲ့၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အုတ်တွင်းတပ်နယ်မှ အရာရှိ၊ စစ်သည်များ၊ နည်းပြအရာရှိများနှင့် သင်တန်းသားများအားတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၇**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် အုတ်တွင်းတပ်နယ်မှ အရာရှိ၊ စစ်သည်များ၊ နည်းပြအရာရှိများနှင့် သင်တန်းသားများအား နယ်မြေခံ တပ်မတော်တန်းမြင့် လေ့ကျင့်ရေးကျောင်းရှိ တပ်နယ်ခန်းမ၌ တွေ့ဆုံ အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ပူးတွဲတာဝန်ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မြတ်ကျော်တို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားပြီး တပ်နယ်မှ အရာရှိ၊ စစ်သည်၊ သင်တန်းသားများအတွက် သုတ၊ ရသစာအုပ်၊ စာစောင်များနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အုတ်တွင်းတပ်နယ်မှ အရာရှိ၊ စစ်သည်များ၊ နည်းပြအရာရှိများနှင့် သင်တန်းသားများနှင့် တွေ့ဆုံပွဲတွင် တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (မြဝတီ)

တွေ့ဆုံပွဲမတိုင်မီ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကေတုမတီ တောင်ငူမြို့ရှိ မြို့ကျုံးသို့သွားရောက်ရာ တိုင်းမှူးက မြို့ကျုံး သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကေတုမတီ တောင်ငူမြို့သည် သက်တမ်းနှစ် ၅၀၀ ကျော်ကြာမြင့်ပြီဖြစ်၍ မြို့ကျုံးကို ပြန်လည်မွမ်းမံပြင်ဆင်သင့်ကြောင်း၊ ကေတုမတီ တောင်ငူမြို့ကျုံး ပြုပြင်မွမ်းမံခြင်းဖြင့် ရှေးဟောင်းမြန်မာ့အမွေအနှစ်ကို ထိန်းသိမ်းနိုင်ပြီး နိုင်ငံ့ဂုဏ်ကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ မွမ်းမံပြင်ဆင်မှုများအတွက် တာဝန်ရှိသူများသည် မြို့မိမြို့ဖများနှင့် ပေါင်းစပ်ဆွေးနွေး ညှိနှိုင်း၍ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်သင့်ကြောင်း၊ တပ်မတော်အနေဖြင့်လည်း လိုအပ်သည်များ ပါဝင်ကူညီဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သမိုင်း မှတ်တမ်းများအရ တောင်ငူမြို့ ကျုံးပတ်လည်အရှည်သည် အရှေ့အနောက် တာ ၇၀၀၊ တောင်မြောက် တာ ၅၀၀ ခန့်ရှိပြီး လက်ရှိကျုံးအရှည်မှာ အရှေ့ဘက်တွင် ၆၉၉၁ ပေ၊ အနောက်ဘက်တွင် ၇၀၁၂ ပေ၊ တောင်ဘက်တွင် ၇၂၃၂ ပေနှင့် မြောက်ဘက်တွင် ၇၄၅၁ ပေရှိ၍ အနံပေ ၁၈၀၊ ဧရိယာအနေဖြင့် ဧက ၁၁၈ ဒသမ ၆၀ ရှိသည်။

ထို့အပြင် ရှုခင်းသာယာလှပသည့် သံတောင်အပန်းဖြေစခန်းနှင့် မော်တော်ယာဉ်ဖြင့် တောင်ငူမြို့မှ ၁ နာရီခွဲခန့်၊ ရန်ကုန်မြို့မှ ၄ နာရီခန့် အကွာအဝေးတွင်သာရှိသဖြင့် ပြန်လည်ပြုပြင်မွမ်းမံမည့် ကေတုမတီ တောင်ငူမြို့ကျုံးနှင့် သံတောင်အပန်းဖြေစခန်းတို့သည် နိုင်ငံခြားသားများအတွက် ဆွဲဆောင်မှုတစ်ခုဖြစ်လာနိုင်ပြီး မြန်မာ့ခရီးသွားလုပ်ငန်း တိုးတက်စေရေး အထောက်အကူဖြစ်နိုင်ကြောင်း သိရှိရသည်။ **(မြဝတီ)**

---

❖ *ရှေ့ဖုံးမှ*

တည်ငြိမ်နေမယ်၊ အကူးအပြောင်းကလည်း ညင်သာမယ်ဆိုတာနဲ့တစ်ပြိုင်နက် စတင်သက်ဝင်လှုပ်ရှားလာပါတော့မယ်"ဟု ပဲတင်ပို့သူ ဦးစိန်မောင်က ပြောသည်။

ပဲလောကကဲ့သို့ပင် ပို့ကုန် သွင်းကုန်၊ နိုင်ငံခြားငွေကြေး၊ ရွှေဈေးကွက်နှင့် အခြားလုပ်ငန်းများအားလုံးတွင် စိုးရိမ်မှုနှင့် မျှော်လင့်ချက်များ အလုံးအရင်းဖြင့် ကောင်းမွန်သည့် စီးပွားရေးနယ်ပယ်သစ်ကို ကူးပြောင်းရန် မျှော်လင့်နေကြပြီဖြစ်သည်။

"ရွှေဈေးရော၊ ဒေါ်လာဈေးပါ ကျဆင်းနေတာက ဒီအချိန်မှာ ကောင်းတဲ့အခြေအနေတစ်ခု ဖြစ်ပါတယ်။ မြန်မာ့စီးပွားရေးကို စောင့်ကြည့်နေကြတဲ့ နိုင်ငံတကာရဲ့ အလယ်မှာရော၊ ပြည်တွင်းအခြေအနေမှာပါ စောင့်ကြည့်ကာလတစ်ခုကို ဖြတ်သန်းနေတာပါ။ ရွေးကောက်ပွဲမတိုင်ခင်ရက်ပိုင်းအလိုမှာ ဈေးနှုန်းတွေမြင့်တက်ခဲ့ပေမယ့် လက်ရှိအချိန်မှာ အားလုံးအေးအေးချမ်းချမ်းဖြစ်လာတဲ့အပြင် လုပ်ငန်းရှင်တွေအားလုံးကလည်း အပြောင်းအလဲတစ်စုံတစ်ရာကို စောင့်နေကြဟန်နဲ့လုပ်ငန်းတိုင်း ကိုယ့်ရပ်တည်မှုကို ကိုယ်ပိုပြီးတည်ဆောက်ထားကြဖို့ လိုအပ်နေချိန်ဖြစ်ပါတယ်"ဟု မြန်မာ့စီးပွားရေး စောင့်ကြည့်လေ့လာသူ ထိုင်းနိုင်ငံ ချူလာလောင်ကွန်းတက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာ ဒဲရစ်ချန်းက သုံးသပ်ပြသည်။

လက်ရှိတွင် အိတ်စ်ပို့လုပ်ငန်းရှင်အများစုမှာ နယ်စပ်ကုန်သွယ်ရေးထက် ပင်လယ်ရေကြောင်းကုန်သွယ်ရေးကို ပိုမိုအားထားကြပြီး ရွေးကောက်ပွဲအလွန်ကာလ အစောပိုင်းတွင် ဈေးနှုန်းအနေအထားနှင့် ကုန်သွယ်ဖက်များ၏ သဘောထားကို ချိန်ဆလျက်ရှိကြောင်း သိရသည်။

"လက်ရှိနိုင်ငံရဲ့ စီးပွားရေးအခြေအနေကို သုံးသပ်ရရင် တည်ငြိမ်စွာ တိုးတက်နေပါတယ်။ နယ်ပယ်အသီးသီးက ပြည်တွင်းလုပ်ငန်းရှင်တွေအားလုံးက မိမိလုပ်ငန်းတွေရဲ့အနေအထားနဲ့ နောက်ထပ်ကြုံတွေ့ရမယ့် စိန်ခေါ်မှုအသစ်တွေ၊ ကုန်သွယ်ဖက်အသစ်တွေအပြင် အလုံးအရင်းဝင်ရောက်လာနိုင်တဲ့ FDIတွေကိုပါ ရင်ဆိုင်ဖို့ ပြင်ဆင်နေကြတာကိုတွေ့ရတယ်။ လုပ်ငန်းတိုင်း ကိုယ့်လုပ်ငန်းကိုယ် Upgrade လုပ်နေကြသလို အများစုက HR ကဏ္ဍကို ဖြည့်တင်းနေကြတယ်။ နိုင်ငံတကာစံချိန်စံညွှန်းတွေကို အလေးထားကာကွယ်မှုတွေ တိုးတက်လာကြတာကို မြင်ရတယ်။ တစ်ဖက်မှာလည်း အမှန်တကယ် အလုပ်လုပ်ကိုင်နေတဲ့ လုပ်ငန်းရှင်တွေအတွက် အခက်အခဲနည်းပါးပေမယ့် ငါးပွက်ရာငါးစာချ လုပ်ငန်းအမျိုးအစားတွေနဲ့ ပေါ်ပင်စီးပွားရေးတွေကတော့ စိုးရိမ်မှုတွေအပြည့် ဖြစ်နေကြတာရှိတယ်။ အခုအချိန်မှာအားလုံးက တရားဝင်အခွန်အခပေးဆောင်ပြီး ရေရှည်တည်တံ့တဲ့ လုပ်ငန်းအမျိုးအစားတွေဖြစ်ဖို့ ပြောင်းထားကြရမယ့်အချိန်ပါပဲ"ဟု မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ဥက္ကဋ္ဌ ဦးဝင်းအောင်က ပြောကြားသည်။

ပြီးခဲ့သည့်ကာလအတွင်း မြန်မာ့စီးပွားရေး အလားအလာကို သုံးသပ်သည့်အခါ စီးပွားရေးပညာရှင် ဒေါက်တာ အောင်ထွန်းသက်က "အလားအလာကောင်းတွေနဲ့ အခြေခံအုတ်မြစ်ကောင်းတွေကို တည်ဆောက်နိုင်ခဲ့ပါတယ်။ ရာနှုန်းပြည့်မဟုတ်ခဲ့ပေမယ့် အကောင်းဆုံးဖော်ဆောင်ထားတာကိုတွေ့ရတယ်။ နိုင်ငံတော်သမ္မတပြောခဲ့သလိုပဲ ပထဝီနိုင်ငံရေးကိုလည်း စီးပွားရေးကဏ္ဍမှာ ထည့်သွင်းစဉ်းစားဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့ဟာ စီးပွားရေးအသိုက်အဝန်းတစ်ခုလုံး အောင်မြင်ဖို့ဆိုတာ နိုင်ငံတကာ ကုန်သွယ်ဖက်အားလုံးကို ထည့်စဉ်းစားဖို့ လိုအပ်ပါတယ်။ အထူးသဖြင့် ဒေသတွင်းမိတ်ဖက်တွေကိုလည်း ဆက်ဆံမှုအားကောင်းဖို့လိုအပ်သလို ထပ်မံပြီး တိုးတက်လာမယ့် မိတ်ဖက်အသစ်တွေကိုလည်း ခြေလှမ်းပြင် လက်ဦးထားဖို့လိုအပ်ပါတယ်"ဟု ဖြေကြားသည်။

ကုန်သွယ်ရေးအနေအထားကို လေ့လာကြည့်ပါက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ပုဂ္ဂလိကလုပ်ငန်းများမှ ပြည်ပတင်ပို့မှု အားကောင်းလာသည်ကို တွေ့ရပြီး မနှစ်ကအချိန်နှင့် နှိုင်းယှဉ်ပါက ဒေါ်လာသန်း ၉၀၀ ကျော် မြင့်တက်လာကြောင်း သိရသည်။

ထို့အတူ လက်ရှိအစိုးရသက်တမ်းအတွင်း မြန်မာ့စီးပွားရေးအသိုက်အဝန်းသို့ အလုံးအရင်းဖြင့် ဝင်ရောက်ရင်းနှီးမြှုပ်နှံလျက်ရှိသည့် ဂျပန်နိုင်ငံကလည်း အကောင်းအဆိုး ရောထွေးသည့် ဂယက်ရိုက်မှုများကို ဂျပန်လုပ်ငန်းရှင်များ သတိပြုသင့်ကြောင်း ဂျပန်နိုင်ငံထုတ် သတင်းစာများတွင် သတိပေးဖော်ပြထားပြီး ၎င်းတို့၏ စိုးရိမ်မှုမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု မူဝါဒနှင့် ပွင့်လင်းလာသောမြန်မာ့ဒီမိုကရေစီလမ်းကြောင်းတွင် မြန်မာနိုင်ငံရောက်လုပ်ငန်းများ၏ အနာဂတ်ကို စိုးရိမ်မကင်းမှုများ ရှိနေကြောင်း ဖော်ပြထားသည်။

သို့သော် နိုင်ငံတော်သမ္မတနှင့် ရွေးကောက်ပွဲ အနိုင်ရရှိသည့် ပါတီဥက္ကဋ္ဌအပါအဝင် လွှတ်တော် တာဝန်ရှိသူများ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ ကတိကဝတ်များကြောင့် မြန်မာ့စီးပွားရေးအတွက် စိုးရိမ်ဖွယ် မရှိနိုင်ကြောင်း ဒေါက်တာအောင်ထွန်းသက်က သုံးသပ်သည်။

ထို့ပြင် နိုင်ငံရှေ့ဆက်မည့် မူဝါဒလမ်းစဉ်များကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ချမှတ်ခဲ့သည့်အနက် နိုင်ငံ၏ အသက်သွေးဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍနှင့် တိုင်းပြည်၏ ဘဏ္ဍာရေးကဏ္ဍ၊ အခြေခံအဆောက်အအုံများကို ဖြည့်တင်းတည်ဆောက်မည့် လမ်းစဉ်များကြောင့် လုပ်ငန်းရှင်များအဖို့ အခွင့်အလမ်းများစွာ ရရှိနိုင်စေမည်ဖြစ်ကြောင်း ဦးဝင်းအောင်က ပြောကြားသည်။

ရွေးကောက်ပွဲအလွန်ကာလတွင် လက်ငင်းဖြေရှင်းပေးသင့်သည့် ပြဿနာများအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာရန်လိုအပ်သည့် ဥပဒေများ အမြန်ဆုံးပြဋ္ဌာန်းပေးရန်နှင့် ကြိုးနီစနစ်များလျှော့ချရန်၊ Intangible အခြေခံအဆောက်အအုံများဖြစ်သည့် ဘဏ်များ၊ အာမခံလုပ်ငန်းများနှင့် ငွေကြေးဈေးကွက်ကို ပိုမိုထိရောက်စွာ ကိုင်တွယ်ပေးရန်နှင့် အခွန်ကောက်ခံသည့်စနစ်ကို အမြန်ဆုံး Upgrade လုပ်ပေးရန်တို့ကို လက်ရှိအစိုးရနှင့် လာမည့်ကာလအတွင်း တာဝန်ယူမည့် အစိုးရသစ်တို့ ပူးပေါင်းကာ ဆောင်ရွက်ပေးသင့်ကြောင်း Smart Technical Service ၏ စီအီးအိုဖြစ်သူ စီးပွားရေးပညာရှင် ဦးကျော်ကျော်လှိုင်က ပြောသည်။

ထို့အပြင် တိုင်းရင်းသားလုပ်ငန်းရှင်များ၏ မျှော်လင့်ချက်များကို မေးမြန်းရာ "မျှတတဲ့ပိုင်ဆိုင်မှုအတွက် ယှဉ်ပြိုင်မှုဥပဒေတွေကို အမြန်ဆုံးအကောင်အထည်ဖော်ပေးဖို့လိုအပ်ပါတယ်။ ကျွန်တော်တို့စီးပွားရေး အသိုက်အဝန်းတစ်ခုလုံးမှာ တစ်ဦးတစ်ယောက်က ဒါမှမဟုတ် အဖွဲ့အစည်းတစ်ခုက စီးပွားရေးကို လက်ဝါးကြီးအုပ်ပြီး လုပ်ဆောင်တာမျိုးကို အခုအချိန်ကနေစပြီး ပယ်ဖျက်သင့်ပါပြီ။ ဒါ့အပြင် တိုင်းရင်းသားလုပ်ငန်းရှင်တွေရဲ့ အခက်အခဲတွေကို သိပြီး အကြိမ်ကြိမ်ပေးနေရတဲ့ အခွန်စနစ်တွေကို ပြန်လည်စိစစ်လို့ ထိရောက်တဲ့အခွန်စနစ်ကို ပြောင်းပေးဖို့ မျှော်လင့်တယ်"ဟု ဦးကျော်ကျော်လှိုင်က ဖြေကြားသည်။

လက်ရှိတွင် ပို့ကုန်လုပ်ငန်းရှင်အများစုမှာ နယ်စပ်ကုန်သွယ်ရေးထက် နောက်ထပ်ပူးပေါင်းဆောင်ရွက်လာကြမည့်ပင်လယ်ရေကြောင်းကုန်သွယ်ရေးကို မျှော်လင့်နေကြပြီး စိုက်ပျိုးမွေးမြူရေးကဏ္ဍ လုပ်ငန်းရှင်အများစုမှာ ဈေးနှုန်းများတည်ငြိမ်အေးချမ်းမှုရှိစေရေးကို ဦးတည်စောင့်ဆိုင်းနေကြောင်း မြန်မာနိုင်ငံ ဆန်စပါးအဖွဲ့ချုပ်မှ ဒေါက်တာစိုးထွန်းက ပြောသည်။

"ဈေးနှုန်းမငြိမ်မသက်လုပ်ပြီး ဆွဲတင်တဲ့ခေတ်၊ ဒေါ်လာဈေး ကစားတဲ့ခေတ်၊ အိမ်ခြံမြေတွေ အသည်းအသန်လိုက်ဝယ်ပြီး ငွေကြေးဈေးကွက် ကမောက်ကမဖြစ်အောင်လုပ်တဲ့ခေတ်က ကုန်သွားပါပြီ။ အစိုးရကလည်း လုံးဝအဖြစ်မခံတော့ဘူးလို့ ထင်ပါတယ်။ အဓိကကတော့ ကျွန်တော်တို့ လုပ်ငန်းရှင်တွေဖြစ်ပါတယ်။ အတွေးအခေါ်ရော၊ အလုပ်အကိုင်ရော၊ ရပ်တည်မှုပုံစံပါ အားလုံးကို ပြောင်းလဲဖို့ လိုအပ်နေပါတယ်။ ဒီအတွက် အရင်လောက် အမြတ်ကျန်ချင်မှကျန်မယ်။ သို့သော် ရေရှည်တည်တံ့တဲ့ မိမိစီးပွားရေးအတွက် အကျိုးရှိစေမယ်။ ဂုဏ်သိက္ခာအတွက် အလုပ်လုပ်ကြရတော့မယ့် အနေအထားကို ရောက်လာပြီ"ဟု ဒေါက်တာစိုးထွန်းက ဆက်လက်ပြောသည်။

ထို့ပြင် ဥရောပသမဂ္ဂကလည်း မြန်မာ့နိုင်ငံရေး အပြောင်းအလဲနှင့်အတူ ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် ယခုထက်ပိုမိုကာ မျှော်လင့်ထားကြပြီဖြစ်ကာ မကြာမီပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာတော့မည်ဖြစ်ကြောင်း ဥရောပသမဂ္ဂ၏ သံအမတ်ကြီး မစ္စတာ ရိုလန်ကိုဘီယာက ထပ်လောင်းပြောကြားသည်။

"တိုင်းရင်းသားလုပ်ငန်းရှင်တွေအနေနဲ့ လက်ရှိအကူးအပြောင်းကာလမှာ စိုးရိမ်မှုတွေရှိနေမှာပါ။ သို့သော် ကျွန်တော်တို့အနေနဲ့ အကောင်းဆုံး မူဝါဒလမ်းစဉ်တွေကို ချမှတ်ပြီးအကောင်အထည်ဖော်နေပါတယ်။ အခုလည်း လုပ်ဆောင်နေသလို နောင်အနာဂတ်မှာလည်း ပိုကောင်းတဲ့နည်းလမ်းတွေချမှတ်ပြီး ဖော်ဆောင်သွားမှာပါ။ ဒီအတွက် လက်ရှိအနေအထားကို အဆတိုးပြီး အခြေခံကောင်းတွေတည်ဆောက်ဖို့သာ လိုအပ်ပါတယ်"ဟု ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ဦးအောင်နိုင်ဦးက ဖုန်းဖြင့် ဖြေကြားသည်။ **(မြန်မာ့အလင်း)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# အဝေးသင်ပညာရေးစနစ်ကို နိုင်ငံတကာအဝေးသင်တက္ကသိုလ်များနည်းတူ အရည်အသွေးပြည့်မီရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၇**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပရာ ပညာရေးနှင့် ပို့ဆောင်ရေးကဏ္ဍဆိုင်ရာ မေးခွန်းလေးခုမေးမြန်းခြင်း၊ ဥပဒေကြမ်းနှစ်ခုတင်ပြခြင်းနှင့် လွှတ်တော်ကော်မတီနှစ်ခု၏ အစီရင်ခံစာတင်ပြခြင်းတို့ကို ဆောင်ရွက်သည်။

ရှားတောမဲဆန္ဒနယ်မှ ဒေါ်နန်းနွံ၏ **ဝေးလံခက်ခဲဒေသရှိ တိုင်းရင်းသားလူငယ်များကို အထိုက်အလျောက် အရည်အသွေးပြည့်မီသောဘွဲ့ရများ ဖြစ်စေချင်ပါသောကြောင့် အဝေးသင်တက္ကသိုလ်များကို အရည်အသွေး ပြည့်ဝရေးအတွက် မည်သို့ မြှင့်တင်ဆောင်ရွက်နေသည်ကိုသိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်က အဝေးသင်တက္ကသိုလ်များကို နိုင်ငံတကာ အဝေးသင် တက္ကသိုလ်များနည်းတူ အရည်အသွေး မြင့်မားရေးအတွက် သင်ကြားရေး အထောက်အကူပြု သင်ထောက်ကူပစ္စည်းများကို အရည်အသွေး မြင့်မားလာစေရန် ဆောင်ရွက်ခြင်း၊ လက်ရှိအကဲဖြတ်စနစ်ကို ပြန်လည်ဆန်းစစ်လေ့လာ၍ အားနည်းချက်များကို ပြုပြင်ခြင်း၊ သင်ကြားရေးဝန်ထမ်းများကို လေ့ကျင့်ပျိုးထောင်ပေးခြင်း၊ အဝေးသင်သင်ကြားရေးအခြေပြု အရည်အသွေးအာမခံစနစ်တစ်ခု ထူထောင်ရန် စီစဉ်ခြင်း၊ ကျောင်းသား ကျောင်းသူများအတွက် လိုအပ်သည်များကို ဆောင်ရွက်ပေးခြင်း၊ ဝန်ထမ်းအင်အားများ တိုးချဲ့ခန့်ထားခြင်း၊ ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်



ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင် ဖြေကြားစဉ်။

အအုံများ ဖြည့်ဆည်းခြင်း၊ သင်တန်းအသစ်များ တိုးချဲ့ဖွင့်လှစ်ခြင်း၊ ပုဂ္ဂလိက အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ နိုင်ငံတကာ အဝေးသင် သင်ကြားရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်လျက်ရှိပါကြောင်း။

နိုင်ငံ၏ အဝေးသင်ပညာရေးစနစ်တွင် ပညာရေးကို ဆုံးခန်းတိုင်တက်ရောက်သင်ကြားနိုင်ရေးအတွက် လမ်းဖွင့်ပေးထားပြီး အသက်အရွယ်၊ ကျား/မ၊ လူမျိုး စသည်တို့ ကန့်သတ်ထားမှု မရှိခြင်း၊ ဘွဲ့မရမချင်း သင်တန်းတက်ရောက်နိုင်ခွင့်ရှိခြင်းတို့ကို ဖန်တီးပေးထားပါကြောင်း၊ သင်ယူသူကိုယ်တိုင် ဇွဲ၊ လုံ့လ၊ ဝီရိယထား၍ အမှန်တကယ် ကြိုးစားသင်ယူရန် လိုအပ်ပါကြောင်း၊ ယခုအချိန်တွင် အဝေးသင်ပညာရေးစနစ်ကို နိုင်ငံတကာ အဝေးသင်တက္ကသိုလ်များနည်းတူ အရည်အသွေးပြည့်မီစေရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး၏ **လေကြောင်းလိုင်း၊ ရေကြောင်းလိုင်း၊ ရထားပို့ဆောင်ရေးများနှင့် ပတ်သက်၍ လာမည့်အနာဂတ်တွင် သိသာထင်ရှားသော ပြောင်းလဲတိုးတက်မှု ဖြစ်စေရန် မည်သို့စီမံထားရှိသည်နှင့် ယခုငါးနှစ်တာကာလအတွင်း သိသာထင်ရှားသော ပြောင်းလဲတိုးတက်မှု မရှိခြင်းအပေါ် မည်သို့သုံးသပ်သည်ကို သိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်က လေကြောင်းပို့ဆောင်ရေးကဏ္ဍ၌ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အထိ စုစုပေါင်း ဘဏ္ဍာငွေကျပ် ၁၀၂၇၁၃ ဒသမ ၁၆၄ သန်းဖြင့် လေယာဉ်ကွင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေယာဉ်ကွင်း ၃၃ ကွင်း၌ ဆောင်ရွက်ခဲ့ပါကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ခဲ့သည့်အတွက် ၂၀၁၀ ပြည့်နှစ်တွင် ပြည်တွင်းခရီးသည် ၂ ဒသမ ၃ သန်းနှင့် ပြည်ပခရီးသည် ၁ ဒသမ ၂ သန်းရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် ပြည် တွင်းခရီးသည် ၄ ဒသမ ၄ သန်းနှင့် ပြည်ပခရီးသည် ၃ ဒသမ ၂ သန်းသို့ တိုးတက်ခဲ့ပါကြောင်း၊ နိုင်ငံပိုင်နှင့် အမျိုးသားပုဂ္ဂလိက လေကြောင်းလိုင်းအရေအတွက်အနေဖြင့် ၂၀၁၀ ပြည့်နှစ်တွင် ခြောက်လိုင်းမှ ၂၀၁၄ ခုနှစ်တွင် ၁၀ လိုင်းအထိ တိုးတက်ခဲ့၍ နိုင်ငံတကာ လေကြောင်းလိုင်းအနေဖြင့် ၂၀၁၀ ပြည့်နှစ်တွင် ၁၃ လိုင်းမှ ၂၀၁၄ ခုနှစ်တွင် ၂၃ လိုင်းအထိ တိုးတက်လျက်ရှိပါကြောင်း။



ရှားတောမဲဆန္ဒနယ်မှ ဒေါ်နန်းနွံ မေးမြန်းစဉ်။

ရေကြောင်းပို့ဆောင်ရေးကဏ္ဍတွင် ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အထိ ငါးနှစ်တာကာလအတွင်း ရေယာဉ်သစ်များတည်ဆောက်ခြင်း၊ ရေယာဉ်များ နိုင်ငံခြားမှ ဝယ်ယူတင်သွင်းခြင်းတို့ကြောင့် နှစ်အလိုက်မှတ်ပုံတင်ထားသည့် ရေယာဉ်နှင့် သင်္ဘောအရေအတွက်မှာ ၂၀၁၀ ပြည့်နှစ်တွင် ၃၆၅၈ စင်းရှိပြီး ၂၀၁၅ ခုနှစ်တွင် ၄၉၂၂ စင်းရှိသဖြင့် ၃၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပါကြောင်း။

ရထားပို့ဆောင်ရေး ကဏ္ဍတွင် ရထားလမ်းသစ်များ ဖောက်လုပ်ခြင်းထက် လမ်းဟောင်းများ ပြုပြင်ထိန်းသိမ်းခြင်းကို ဦးစားပေးဆောင်ရွက်ခဲ့ပြီး လမ်းပိုင်းများအလိုက် ပြင်ဆင်ခြင်း၊ ထိန်းသိမ်းခြင်းများကို အဓိကထား ဆောင်ရွက်ခဲ့ပါကြောင်း၊ စက်ခေါင်းနှင့် တွဲများ ဝယ်ယူဖြည့်တင်းခြင်းကို ၂၀၁၁-၂၀၁၂ မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အထိ အိန္ဒိယနိုင်ငံချေးငွေဖြင့် ဒီဇယ်စက်ခေါင်း ၂၀၊ လူစီးတွဲ ၂၀၊ ကုန်တွဲ ၂၅၀ ကိုလည်းကောင်း၊ တရုတ်နိုင်ငံချေးငွေဖြင့် ဒီဇယ်စက်ခေါင်း ၂၂ ခေါင်း၊ လူစီးတွဲ ၆၀ တွဲကို လည်းကောင်း၊ နိုင်ငံတော်ဘတ်ဂျက်ဖြင့် RBE ရထား ၅၇ စင်းကိုလည်းကောင်း ဝယ်ယူဖြည့်တင်းခဲ့ပါ ကြောင်း။

ပြည်တွင်း၌ လူစီးတွဲများ တည်ဆောက်ခြင်းကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ယနေ့အထိ ရိုးရိုးတန်းလူစီးတွဲသစ် ၁၄၈ တွဲ၊ လူစီးဘရိတ်တွဲ ၂၀ စုစုပေါင်း ၁၆၈ တွဲနှင့် စားသောက်တွဲ နှစ်တွဲတို့ကို တည်ဆောက်ခဲ့ပြီး နှစ်စဉ် လူစီးတွဲသစ် ၅၀ တည်ဆောက်နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စက်ခေါင်းနှင့်တွဲများ ပြင်ဆင်မွမ်းမံခြင်းအနေဖြင့် နှစ်စဉ် ဒီဇယ်စက်ခေါင်း အကြီးတန်းပြင်ဆင်ခြင်း ခေါင်း ၄၀၊ အလတ်တန်းပြင်ဆင်ခြင်း ခေါင်း ၄၀၊ လူစီးတွဲအကြီးတန်း ပြင်ဆင်ခြင်း ၅၀၄ တွဲ၊ အလတ်တန်းပြင်ဆင်ခြင်း ၅၁၄ တွဲ၊ ကုန်တွဲအကြီးတန်းပြင်ဆင်ခြင်း ၁၀၅၂ တွဲ၊ အလတ်တန်း ပြင်ဆင်ခြင်း ၁၁၆၆ တွဲတို့ကို ပြင်ဆင်မွမ်းမံဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သည့် **အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် ၁၃၁ ချက်ကို ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့ပြီး လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့် အချက် ၅၂ ချက်ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် အတည်ပြုသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ အစီရင်ခံစာကို ကော်မတီအတွင်းရေးမှူး ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်းက ဖတ်ကြားတင်သွင်းရာ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပို့ဆောင်ရေးဝန်ကြီးဌာနက တင်သွင်းသည့် **မြန်မာနိုင်ငံ မီးပြတိုက်အက်ဥပဒေ** ကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီဝင် ကယားပြည်နယ် ဒီမောဆိုမဲဆန္ဒနယ်မှ ဦးစိုးရယ်က ဖတ်ကြားတင်သွင်းရာ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့ပြင် ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ၏ အစီရင်ခံစာကို ကော်မတီအတွင်းရေးမှူး ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မဲဆန္ဒနယ်မှ ဦးဝင်းမြင့်က ဖတ်ကြားတင်သွင်းရာ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို နိုဝင်ဘာ ၁၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ၊ ဥပဒေကြမ်းများ ဖတ်ကြားတင်သွင်း

**နေပြည်တော် နိုဝင်ဘာ ၁၇**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီတွင် အဖွဲ့ဝင် အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်းကို တင်ပြပြီး အတည်ပြုချက် ရယူသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရီက ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသည့် နိုင်ငံခြားငွေစီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကိုလည်းကောင်း၊ ဥပဒေကြမ်းကော်မတီဝင် ဦးမျိုးမြင့်က ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေကြမ်းကိုလည်းကောင်း၊ ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ညဏစိုးက သက်သေခံအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကိုလည်းကောင်း၊ ဥပဒေကြမ်းကော်မတီဝင် ဦးဝင်းနိုင်ရှိန်က အောင်ဘာလေ ထီဥပဒေကြမ်းကိုလည်းကောင်း၊ ဥပဒေကြမ်းကော်မတီဝင် ဦးတင်ယုက စက်မှုလုပ်ငန်းဥပဒေကြမ်းကိုလည်းကောင်း၊ ဥပဒေကြမ်းကော်မတီဝင် ဦးဟာရှိန်းဘွေက လမ်းနှင့် တံတားအသုံးပြုခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကိုလည်းကောင်း၊ ဥပဒေကြမ်းကော်မတီဝင် ဦးကျော်ကျော်က လမ်းမကြီးများ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကိုလည်းကောင်း၊ ဥပဒေကြမ်းကော်မတီဝင် ဦးမောင်အေးထွန်းက အမြန်လမ်းမကြီးများ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လည်းကောင်း၊ ဥပဒေကြမ်းကော်မတီဝင် ဦးဝင်းမောင်က ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို လည်းကောင်း အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာများကို ဖတ်ကြားတင်သွင်းကြရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းများအပေါ် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ပိုးသတ်ဆေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန်



ဒုတိယဝန်ကြီး ဦးထင်အောင် အဆိုတင်သွင်းစဉ်။

အဆိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဇော်က ထောက်ခံပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းအား လက်ခံဆွေးနွေးစဉ်းစားရန် သင့်/မသင့် အဆုံးအဖြတ်ရယူရာ သဘောတူညီမှုရရှိသဖြင့် ဆွေးနွေးစဉ်းစားရန် ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဦးဟာရှိန်းဘွေက ပိုးသတ်ဆေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှိုင်က ထောက်ခံပြီး အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းအား လက်ခံဆွေးနွေးစဉ်းစားရန် သင့်/မသင့် အဆုံးအဖြတ်ရယူရာ သဘောတူညီမှုရရှိသဖြင့် ဆွေးနွေးစဉ်းစားရန် ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးစိုးမြင့်က အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမြင့်က ထောက်ခံပြီး အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အဆိုပါ ဥပဒေကြမ်းအား လက်ခံဆွေးနွေးစဉ်းစားရန် သင့်/မသင့်ကို အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောတူညီမှုရရှိသဖြင့် ဆွေးနွေးစဉ်းစားရန် ကြေညာသည်။



ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ညဏစိုး ဥပဒေကြမ်း တင်သွင်းစဉ်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးမြင့်ထွန်းက သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာကို ဖတ်ကြားတင်သွင်းပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်က ၂၀၁၅ ခုနှစ် ဆိုင်များနှင့် အလုပ်ဌာနများဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ် ဦးဖိုးဇော်က ထောက်ခံပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ဥပဒေကြမ်းအား လက်ခံဆွေးနွေးစဉ်းစားရန် သင့်/မသင့်ကို အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောတူညီမှုရရှိသဖြင့် ဆွေးနွေးစဉ်းစားရန် ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးစိုင်းတင့်အောင်က အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းပြီး အမျိုးသား

*စာမျက်နှာ ၈ ကော်လံ ၁ သို့*

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေပေးအပ်လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၁၇**

၂၀၁၅ ခုနှစ် ဇွန်လမှ အောက်တိုဘာလအတွင်း မြန်မာနိုင်ငံအနှံ့အပြား ဖြစ်ပွားခဲ့သောရေကြီး၊ ရေလျှံမှုနှင့် မြေပြိုမှုများကြောင့် ဘေးသင့်ပြည်သူများ အတွက် ပြည်တွင်း/ပြည်ပအစိုးရများ၊ အဖွဲ့အစည်းများ၊ ပြည်သူများက အလှူ ငွေများပေးအပ်လှူဒါန်းလျက်ရှိရာ နိုဝင်ဘာ ၁၆ ရက်တွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနနှင့် ဆက်စပ်လုပ်ကိုင်လျက်ရှိ သော ပြည်တွင်း/ပြည်ပသစ်လုပ်ငန်းရှင်များမှ အမေရိကန်ဒေါ်လာ ၁၀၀၀၀၀၊ မြန်မာငွေကျပ် ၈၇၇၈၃၀၀၀၀ဝိ/နှင့် အမေရိကန်ဒေါ်လာ ၃၀၆၄၁၉. ၁ တန်ဖိုးရှိ အဝတ်အထည်မျိုးစုံကွန်တိန်နာလေးလုံး၊ PINGZHOU JAWELLY & ASSOCIATION မှ ကျပ် ၇၁၂၂၀၇၅/တို့ကို လာရောက် လှူဒါန်းခဲ့ရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ အမျိုး သား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်တို့က လက်ခံရယူကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးတွင် လက်ခံရရှိထားသော အလှူငွေများ အနက် ထိုင်းဘတ် ၆၅၀၀ ကို မြန်မာငွေဖြင့် လဲလှယ်ထည့်သွင်းငွေကျပ် ၂၃၃၃၅၀၀ အပါအဝင် ဇူလိုင် ၂၉ ရက်မှ နိုဝင်ဘာ ၁၆ ရက်အထိ အလှူ ရရှိငွေစုစုပေါင်းမှာ ကျပ်(၉၀၂၅၇၃၇၈၈၅/၆၁၀ါး)၊ အမေရိကန်ဒေါ်လာ ၃၅၃၅၈၀၂. ၄၉၊ ယွမ် ၅၀၀၀၀၊ ဂျပန်ယန်း ၁၈၀၄၀ ဖြစ်ပြီး လက်ခံရရှိသော အလှူငွေများကို ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ တွင် သုံးစွဲလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အမျိုးသားလွှတ်တော်မှ

လွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေ ကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိပါက အမည် စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာ သည်။

ဆက်လက်၍ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင် အောင်က ၁၉၅၁ ခုနှစ် အလုပ်ရုံများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်း ရာ လွှတ်တော်ကိုယ်စားလှယ် ဦးနုက ထောက်ခံပြီး အမျိုးသား လွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေ ကြမ်းအား လက်ခံဆွေးနွေးစဉ်းစား ရန် သင့်/မသင့်ကို အမျိုးသား လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောတူညီမှုရရှိသဖြင့် ဆွေးနွေး စဉ်းစားရန် ကြေညာသည်။

ယင်းနောက် အမျိုးသား လွှတ်တော်ဥပဒေကြမ်းကော်မတီဝင် တပ်မတော်သား လွှတ်တော်ကိုယ် စားလှယ် ဗိုလ်မှူးကြီး ခင်စိုးက ၁၉၅၁ ခုနှစ် အလုပ်ရုံများ အက် ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ ၏ အစီရင်ခံစာကို ဖတ်ကြားတင် သွင်းပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ က အဆိုပါဥပဒေကြမ်းကို ဆွေးနွေး လိုသည့် လွှတ်တော်ကိုယ်စားလှယ် များရှိပါက အမည်စာရင်းတင်သွင်း နိုင်ကြောင်း ကြေညာသည်။

ထို့နောက် အလုပ်သမား၊ အလုပ် အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်က အခကြေးငွေပေးရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားရန် အဆိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ် ဦးမြတ် ကိုက ထောက်ခံပြီး အမျိုးသား လွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေ ကြမ်းအား လက်ခံဆွေးနွေးစဉ်းစား ရန် သင့်/မသင့်ကို အမျိုးသား လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောတူညီမှုရရှိသဖြင့် ဆွေးနွေး စဉ်းစားရန် ကြေညာသည်။

ယင်းနောက် အမျိုးသား လွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဦးဝင်းမောင်က အခကြေးငွေပေး ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင် ခံစာကို ဖတ်ကြားတင်သွင်းပြီး အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းကို ဆွေးနွေး လိုသည့် လွှတ်တော်ကိုယ်စားလှယ် များရှိပါက အမည်စာရင်း တင်သွင်း နိုင်ကြောင်း ကြေညာသည်။

**(သတင်းစဉ်)**

# နိုင်ငံခြားမတည်ငွေ ရာနှုန်းပြည့်ရင်းနှီးမြှုပ်နှံမှုဖြင့် မှတ်ပုံတင်ခွင့်ပြုထားသော နိုင်ငံသားပိုင်သင်္ဘောလိုင်းများမရှိကြောင်းသိရ

နေပြည်တော် နိုဝင်ဘာ ၁၇

**မြန်မာဆိပ်ကမ်းအာဏာပိုင်အနေဖြင့် နိုင်ငံခြားမတည်ငွေ ရာခိုင်နှုန်းပြည့်ဖြင့် မှတ်ပုံတင်ခွင့်ပြုထားသော နိုင်ငံသား ပိုင်သင်္ဘောလိုင်းလုပ်ငန်းများမရှိကြောင်းဖြင့် ယနေ့နံနက်ပိုင်းတွင်ကျင်းပသည့် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်က ပြောကြားသည်။**



နိုင်ငံသားပိုင်သင်္ဘောလိုင်းများ အဖြစ် ရာနှုန်းပြည့်ရင်းနှီးမြှုပ်နှံ ဆောင်ရွက်လျက်ရှိသည့် သင်္ဘော လိုင်းလုပ်ငန်း သုံးခုရှိပြီး မြန်မာ့ ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း၊ Lann Pyi Marine Co.,Ltd. နှင့် KMA Shipping Line တို့ဖြစ်ကြောင်းကို ပြည်သူ့လွှတ်တော် လမ်းမတော်မဲဆန္ဒ နယ်မှ ဦးခင်မောင်ဝင်း၏ နိုင်ငံခြား မတည်ငွေ ရာခိုင်နှုန်းဖြင့် မှတ်ပုံတင် ခွင့်ရရှိသော နိုင်ငံသားသင်္ဘောလိုင်း မည်မျှရှိပြီး ၎င်းလုပ်ငန်းများကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်များက မည်သို့ ကြီးကြပ်နေသည် မေးခွန်းကို ပြန်လည်ဖြေကြားရာတွင် ဒုတိယ ဝန်ကြီးက ပြောကြားသည်။

ထို့အပြင် ရေကြောင်းပို့ဆောင် ရေး ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် နိုင်ငံတော်က လက်ခံထားသော အပြည်ပြည်ဆိုင်ရာ ရေကြောင်း ဥပဒေများနှင့် အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ်က အတည်ပြု ပြဋ္ဌာန်းသတ်မှတ်ထားသည့် ကွန်ဗင်း ရှင်းများ၊ ဆုံးဖြတ်ချက်များ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ မြန်မာနိုင်ငံ သားပိုင် သင်္ဘောများ၊ မြန်မာနိုင်ငံ သားနှင့် နိုင်ငံခြားသားအကျိုးတူ ဖက်စပ်ကုမ္ပဏီပိုင် သင်္ဘောများနှင့် နိုင်ငံခြားသားပိုင် သင်္ဘောများကို နိုင်ငံတော်အလံ လွှင့်ထူခွင့်ပြုသည့် သင်္ဘောအဖြစ် မှတ်ပုံတင်ခြင်း၊ အပြည်ပြည်ဆိုင်ရာ ရေကြောင်း သွားလာမှုဆိုင်ရာဥပဒေများနှင့်အညီ ခုတ်မောင်းသွားလာမှု ရှိမရှိစစ်ဆေး ခြင်းနှင့် ကြီးကြပ်ခြင်းတို့ကို တာဝန်ယူ ဆောင်ရွက်လျက်ရှိပါကြောင်းကို လည်း ထည့်သွင်းပြောကြားသည်။

ထို့အပြင် ခေတ်ကာလနှင့် ဆီလျော်မှုမရှိသည့် The Myanmar Registration of Ship Act, 1841 ကို မြန်မာသင်္ဘောများမှတ်ပုံတင် ဥပဒေအဖြစ် ရေးဆွဲပြဋ္ဌာန်းနိုင်ရေး အတွက် စီစဉ်ဆောင်ရွက်လျက်ရှိ ကြောင်းဖြင့် ပို့ဆောင်ရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီးက ပြောကြား ခဲ့သည်။

မြန်မာ့ဆိပ်ကမ်း အာဏာပိုင် အနေဖြင့် နိုင်ငံတကာမှ သင်္ဘောများ ဆိပ်ကမ်းသို့ ဝင်/ထွက် သွားလာမှုကို ကြီးကြပ်ခြင်းနှင့် ဝန်ဆောင်မှုပေးခြင်း ရေကြောင်းဖြင့် ကုန်စည်ပို့ဆောင်မှု လုပ်ငန်းများကို စနစ်တကျရှိစေရန် ကြပ်မတ်ဆောင်ရွက်နိုင်ရန်အတွက် ရေကြောင်းဖြင့် ကုန်စည်ပို့ဆောင်မှု လုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီများ ကြီးကြပ်ရေးကော်မတီကို ဌာနဆိုင်ရာ များနှင့် ပုဂ္ဂလိကအသင်းအဖွဲ့ဝင် များဖြင့် ဖွဲ့စည်းဆောင်ရွက်လျက် ရှိကြောင်း သိရသည်။ **ထက်ဦးသျှမ်**

# သီတဂူဆရာတော်ဇာတိမြေ၌ မျက်စိဝေဒနာရှင် ၁၇၀၀ကျော်အား ပြည်တွင်း ပြည်ပ မျက်စိဆရာဝန်ကြီးများ စမ်းသပ်ကုသပေး

**သဲကုန်း နိုဝင်ဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့ရှိ သီတဂူရွှေဥရာစုသစ် စက္ခုဒါနဆေးရုံ၌ သီတဂူဆရာတော် ဦးဆောင်သည့် သီတဂူသာသနာပြုအဖွဲ့မှ ကြီးမှူးကာ ပထမဆုံးအကြိမ်အဖြစ် နိုဝင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ မျက်စိဝေဒနာ ရှင်များကို စစ်ဆေးစမ်းသပ်ကာ ခွဲစိတ်မှုများကို လူနာပေါင်း ၁၇၂၆ ဦးအား လုပ်ဆောင်ပေးခဲ့ကြောင်း သိရသည်။

သီတဂူသာသနာပြုအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဦးမြအောင်၊ အင်္ဂလန်နိုင်ငံမှ မျက်စိအထူးကု ဒေါက်တာရစ်ချတ်၊ ဒေါက်တာ စမစ် တို့နှင့်အတူ သီတဂူအာယုဒါနဆေးရုံ (စစ်ကိုင်း)မှ လက်ထောက်ဆေးရုံအုပ် ဒေါက်တာ ဒေါ်မိမိခင် ဦးဆောင်သော သူနာပြုများက စက္ခုဒါနအစီအစဉ်ကို ကုသိုလ်ယူဆောင်ရွက်လျက်ရှိသည်။

သီတဂူဆရာတော်၏ ဇာတိမြေ သဲကုန်းစက္ခုဒါနအစီအစဉ်တွင် မျက်စိ စမ်းသပ်စစ်ဆေးခြင်း၊ ခွဲစိတ်ကုသခြင်း တို့သာမက ထိုဝေဒနာရှင်နှင့် လူနာ စောင့်တို့အတွက်လည်း အာဟာရ ဒါနကို နေ့စဉ်လှူဒါန်းပေးသည့်အပြင် ညစဉ် တရားပွဲများဖြင့် တရားတော် နာယူနိုင်ရန်လည်း စီစဉ်ပေးထား ကြောင်း သီတဂူသာသနာပြုအဖွဲ့မှ သိရှိရသည်။ သဲကုန်းအပြင် ရွှေတောင်မြို့ရှိ စက္ခုဒါနအစီအစဉ် တွင်လည်း လူနာပေါင်း ၆၀၀ကျော်ကို နိုဝင်ဘာ ၁၅ရက်က ကြည့်ရှုစစ်ဆေး ကုသပေးလျက်ရှိကြောင်း သိရသည်။

သဲကုန်းစက္ခုဒါန အစီအစဉ်တွင် လူနာပေါင်း ၁၇၂၆ဦးကို စမ်းသပ် ကြည့်ရှုပေးခဲ့ပြီး လူနာပေါင်း ၃၉၃ဦး၊ လေဆာဖြင့် ကုသသူ ၁၇ ဦးတို့ကို ကုသပေးလျက်ရှိသည်။

**သွန်းဝသန်**



# လူထုဒေါ်အမာ၏ နှစ် ၁၀၀ ပြည့် မွေးနေ့အထိမ်းအမှတ် ဟောပြောပွဲပြုလုပ်မည်

မန္တလေး နိုဝင်ဘာ ၁၇

**လာမည့် နိုဝင်ဘာ ၂၉ ရက်တွင်ရောက်ရှိမည့် ပြည်သူချစ်သော စာရေးဆရာမကြီး လူထုဒေါ်အမာ၏ နှစ် ၁၀၀ ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ဆရာမကြီး၏ ထင်ရှားကျော်ကြားခဲ့သော ပြည်သူချစ်သော အနုပညာ စာအုပ်ကို ဂုဏ်ပြုသောအားဖြင့် ပြည်သူချစ်သော လူထု ဒေါ်အမာနှင့် အနုပညာသည်များ ဆိုသည့်ခေါင်းစဉ်ဖြင့် မန္တလေးမြို့ခံ စာရေးဆရာ ဆူးငှက်က နိုဝင်ဘာ ၂၆ ရက်တွင် ချမ်းအေးသာစံမြို့နယ် (၈၄)လမ်း (၃၁) လမ်းထောင့် မဈွသာလာခန်းမ၌ ဟောပြောသွားမည်ဖြစ်ကြောင်း သိရသည်။**

အဆိုပါဟောပြောပွဲတွင် ဆရာ ဆူးငှက်၏ ဟောပြောမှုနှင့်အတူ မြို့မတူရိယာအသင်း၊ ရွှာစားစိန်တင့် လွင်အဖွဲ့နှင့် ပန်တျာဌေးဌေးမြင့် စသည့်အနုပညာရှင်များက ပူးတွဲ သရုပ်ပြ ဖျော်ဖြေတင်ဆက်သွား မည်ဖြစ်ကြောင်း၊ နိုဝင်ဘာ ၂၇ ရက် နှင့် ၂၈ ရက်တို့တွင် ရာပြည့် အထိမ်းအမှတ် စာတမ်းဖတ်ပွဲ၊ နှစ် ၁၀၀ ပြည့် ကဗျာ ၁၀၀၊ ဆောင်းပါး ၁၀၀ ပါဝင်သော စာအုပ်များနှင့် အမှတ်တရ ထုတ်ဝေသွားမည်ဖြစ် ကြောင်း စာရေး ဆရာ ဆူးငှက်က ပြောသည်။



လူထုဒေါ်အမာ

"ဒေါ်ဒေါ်ရဲ့မွေးနေ့ကို ဒေါ်ဒေါ် ရှိစဉ်ကတည်းက အသက် ၇၀ ပြည့် နှစ်ကစပြီး နိုဝင်ဘာ ၂၉ ရက်မှာ အမရပူရ တောင်လေးလုံးကျောင်းမှာ အစဉ်အလာမပျက် ကျင်းပခဲ့တယ်။ သံဃာတော်တွေကို နေ့ဆွမ်းကပ်ပြီး အနယ်နယ်က လာကြတဲ့စာပေ သမားအချင်းချင်း တွေ့ဆုံခွင့်ရတယ်။ စာပေအကြောင်းတွေ ဆွေးနွေး သလို အမှတ်တရ စကားတွေပြော ကြပြီး နေ့လယ်စာနဲ့ ဧည့်ခံတယ်။ အခု ရာပြည့်အထိမ်းအမှတ်ပွဲမှာ အမှတ်တရပစ္စည်းတွေကို ထုတ်ဝေ သွားဖို့ ရှိပါတယ်" ဟု ၎င်းက ပြော သည်။ ဆရာမကြီး လူထုဒေါ်အမာ သည် မြန်မာစာပေလောက၏ မီးရှူးတန်ဆောင်ဖြစ်၍ ၂၀၀၈ ခု ဧပြီ ၇ ရက် အသက် ၉၃ နှစ်အရွယ် တွင်ကွယ်လွန်ခဲ့ပြီး ၂၀၁၅ ခု နိုဝင် ဘာ ၂၉ ရက်တွင် အသက် ၁၀၀ ပြည့်မွေးနေ့ကို ကျင်းပခြင်းဖြစ် ကြောင်း၊ ထင်ရှားသောစာအုပ်များ မှာ မြန်မာပြည်တွင် စစ်ဆေးခဲ့ သော အမှုအခင်းများ (၁၉၃၈)၊ စန္ဒမာလာ (၁၉၄၀)၊ ပြည်သူချစ်သော အနုပညာသည်များ (၁၉၆၄)၊ ဘဝ ချင်းမတူသည့် တရုတ်ပြည်(၁၉၆၆)၊ အောင်ဗလ၊ ဖိုးစိန်၊ စိန်ကတုံး(၁၉၆၇)၊ ရွှေရိုး ဦးဘကလေး (၁၉၆၉)၊ ရွှေမန်းတင်မောင် (၁၉၇၀)၊ အငြိမ့် ၁၉၇၃၊ ရွှေဒေါင်းတောင် ဆောင်းပါး များ (၁၉၇၅)၊ ဆရာကြီးသခင် ကိုယ်တော်မှိုင်း (၁၉၇၆)၊ အာဖရိက ဝတ္ထုတိုများ (၁၉၈၉)၊ မန္တလေးသူ မန္တလေးသားများ (၁၉၉၀)၊ ထိုင်းဝတ္ထု တိုများ (၁၉၉၂)၊ ထိုင်းဝတ္ထုတို များ-၂ (၁၉၉၃)၊ ရတနာပုံမန္တလေး ၁၉၉၃၊ သာသနာ့တန်ဆောင် ဆရာ တော်ကြီးများ (၁၉၉၄)၊ ကျွန်မတို့ ငယ်ငယ်က (၁၉၉၄)၊ အမေ့ရှေး စကား (၁၉၉၇) တို့ဖြစ်ကြောင်း သိ ရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ညောင်တုန်းတန်ဆောင်တိုင် နှစ်ကျိပ်ရှစ်ဆူဘုရားပွဲ ပြင်ဆင်

**ညောင်တုန်း နိုဝင်ဘာ ၁၇**

ညောင်တုန်းမြို့၏ အထင်ကရပွဲတော်တစ်ခုဖြစ်ပြီး နှစ်စဉ် စည်ကားခမ်းနားသိုက်မြိုက်စွာ ကျင်းပမြဲဖြစ်သော တန်ဆောင်တိုင် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များ ဒေသစာရီကြွချီပူဇော်ပွဲကို ညောင်တုန်းမြို့၌ တန်ဆောင်မုန်းလပြည့်နေ့နှင့် လပြည့်ကျော် ၁ ရက် ညများတွင် စည်ကားခမ်းနားစွာကျင်းပသွားရန် ဘုရားပွဲကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများဖွဲ့စည်းဆောင်ရွက်နေပြီဖြစ်သည်။

မြို့လုံးကျွတ် ဘေးအန္တရာယ်ကင်းဝေးစေရေး၊ စီးပွားလာဘ်လာဘတိုးပွားစေရေး၊ ပြည်သူအများ နှစ်ကျိပ်ရှစ်ဆူသော ဗုဒ္ဓရုပ်ပွားတော်များကို ဖူးမြော်ကြည်ညိုသဒ္ဓါပွားများနိုင်စေရေး၊ ဘုရားပွဲတော်ကျင်းပခြင်းအလေ့အထ စဉ်ဆက်မပြတ်စေရေးတို့အတွက် တန်ဆောင်တိုင်ဘုရားပွဲကို လွန်ခဲ့သော ၁၉၅၈ ခုနှစ်ခန့်မှစတင်၍ နှစ်စဉ် အစဉ်အလာမပျက်ကျင်းပနေခြင်းဖြစ်ကြောင်း သိရသည်။

နှစ်ကျိပ်ရှစ်ဆူသော ဗုဒ္ဓရုပ်ပွားတော်များ မြို့တွင်းလှည့်လည်ပူဇော်ရာတွင် ရပ်ကွက်အလိုက် နှစ်ကျိပ်ရှစ်ဆူသော ဗုဒ္ဓရုပ်ပွားတော်များကို လှပတင့်တယ်ခံ့ညားသော ကျောင်းဆောင်ယာဉ်များဖြင့် လှပသပ္ပာယ်စွာ တခမ်းတနား ပင့်ဆောင်ပူဇော်ကြမည်ဖြစ်သည်။

ညောင်တုန်း တန်ဆောင်တိုင်ဘုရားပွဲတော်မှာ ညောင်တုန်းမြို့နယ်၏ အထင်ကရ ဘုရားပွဲတော်ကြီးဖြစ်ရာ ဒေသခံပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားပွဲတော်လာသူများဖြင့် ယခုနှစ်တွင် အထူးစည်ကားရေးအတွက် ပြင်ဆင်နေခြင်းဖြစ်သည်။

**နေလင်း(ညောင်တုန်း)**



ယမန်နှစ်က ညောင်တုန်းမြို့၏ တန်ဆောင်တိုင်ပွဲတော်၌ ဆင်အကဖြင့် ဖျော်ဖြေမှုကိုတွေ့ရစဉ်။



**ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ဘော်ကြိုကျေးရွာ၌ လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ ကျော်က သီရိဓမ္မာသောကမင်းကြီး တည်ထားကိုးကွယ်ခဲ့သည့် ဘော်ကြိုဘုရားကြီးပရိဝုဏ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းဝင်း၌ ဂန္ဓကုဋိတိုက်တည်ဆောက်ရန် တူးဖော်ရာမှ တွေ့ရသော ရှေးဟောင်းဗုဒ္ဓရုပ်ပွားဆင်းတုတော်များ။**

(အဆိုပါ ရှေးဟောင်းဗုဒ္ဓရုပ်ပွားဆင်းတုတော်များကို ဇူလိုင် ၂၃ ရက်က အဆူ ၃၅၀ နှင့် အောက်တိုဘာ ၂၄ ရက်က ၅၆ ဆူ တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ဘော်ကြိုဘုရားသည် ပုဂံပြည့်ရှင် အနော်ရထာမင်းနှင့် ရှမ်းပြည်စော်ဘွားကြီး၏ သမီးတော် မင်းသမီး စောမွန်လှတို့၏ သမိုင်းကြောင်းများနှင့် ဆက်စပ်လျက်ရှိသောကြောင့် စိတ်ဝင်စား၍ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်သူပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။)

**စိုင်း(သီပေါ)**

# ဒလ ဆံတော်ရှင်ရွှေစာရံဘုရားကြီး တန်ဆောင်တိုင်ဆီမီးပူဇော်ပွဲ စည်ကားစွာကျင်းပမည်

**ဒလ နိုဝင်ဘာ ၁၇**

မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၃ ရက် နေ့မှစတင်၍ တန်ဆောင်မုန်းလပြည့်နေ့အထိ ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် မြို့မ(၃)ရပ်ကွက်ရှိ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ရွှေစာရံဘုရားကြီး အား (၃၈)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲ၊ ဆွမ်းတော်ကြီးကပ်လှူပွဲနှင့် တန်ဆောင်တိုင်ဆီမီးပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ကြောင်း ဘုရားဂေါပကအဖွဲ့ဝင်များ၏ ပြောကြားချက်အရ သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံဝန်ကြီးချုပ်ဟောင်း H.E.Helmu Schmitt ကွယ်လွန်ခြင်းအတွက် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံသံရုံး၌ ဖွင့်လှစ်ထားရှိသော ဝမ်းနည်းခြင်းအထိမ်းအမှတ်စာအုပ်တွင် နိုဝင်ဘာ ၁၇ ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်လင်း လက်မှတ်ရေးထိုးစဉ်။

(သတင်းစဉ်)

# မသိုးသက်န်းပြိုင် ရက်လုပ်ပူဇော်ပွဲနှင့် ဆွမ်းသပိတ် ၁၀၀၀ ကျော် ဆက်ကပ်လောင်းလှူပွဲကျင်းပမည်

**မိတ္ထီလာ နိုဝင်ဘာ ၁၇**

မိတ္ထီလာမြို့တွင် နဂါးရုံ မဟာဗောဓိစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် (၄၅)ကြိမ်မြောက် မသိုးသက်န်းပြိုင် ရက်လုပ်ပူဇော်ပွဲနှင့် သံဃာတော်အပါး ၁၀၀၀ ကျော်တို့ကို ဆွမ်းသပိတ် ၁၀၀၀ ကျော် ဆက်ကပ်လောင်းလှူပွဲအား နိုဝင်ဘာ ၂၅ ရက်မှ ၂၆ ရက် (တန်ဆောင်မုန်းလဆန်း ၁၄ ရက်မှ တန်ဆောင်မုန်းလပြည့်နေ့) အထိ နန်းတော်ကုန်းရပ်ကွက် ယင်းစေတီတော် ပညာဓိက တန်ဆောင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ နှစ်စဉ်နှစ်တိုင်းကျင်းပမြဲဖြစ်သည့် မသိုးသက်န်းပြိုင်ရက်လုပ်ပူဇော်ပွဲကို ပြိုင်ပွဲဝင်ကျေးရွာများက ရက်ကန်းစင်ငါးစင်ဖြင့် နိုဝင်ဘာ ၂၅ ရက် ညနေ ၅ နာရီမှ စတင်ပြီး မသိုးသက်န်းများပြိုင် ရက်လုပ်ပူဇော်ကြမည်ဖြစ်သည်။

ဆက်လက်၍ နိုဝင်ဘာ ၂၆ ရက် တန်ဆောင်မုန်းလပြည့် နံနက် ၅ နာရီ ၁၅ မိနစ်တွင် မသိုးသက်န်း ဆက်ကပ်လှူဒါန်းထားသည့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များကို အနေကဇာတင်ပြီးနောက် မြို့နယ်အတွင်းရှိ ကျောင်းတိုက်ပေါင်း ၃၀ ကျော်၊ သံဃာတော်အပါး ၁၀၀၀ ကျော်ကို ဆွမ်းသပိတ် ၁၀၀၀ ကျော် ဆက်ကပ်လောင်းလှူကြမည်ဖြစ်သည်။

ဆွမ်းသပိတ် ၁၀၀၀ ကျော် ဆက်ကပ်လောင်းလှူမည့် တန်ဆောင်မုန်းလပြည့်နေ့တွင် ဆွမ်းသပိတ်တစ်လုံး ငွေကျပ် ၃၅၀၀ နှုန်းဖြင့် ကပ်လှူပူဇော်လိုသူများ အနေဖြင့် နဂါးရုံ မဟာဗောဓိစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**




ယမန်နှစ်က မိတ္ထီလာမြို့၌ ကျင်းပခဲ့သည့် မသိုးသက်န်းရက်ပြိုင်ပွဲကို တွေ့ရစဉ်။

# ရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၂၂ ဘီလီယံ ရောက်ရှိဖွယ်ရှိသည့် မြန်မာ့ဆက်သွယ်ရေးကဏ္ဍ

**ကျော်သဲအိမ်**

နိုဝင်ဘာ ၁၄ ရက်ထုတ် ယူကေသတင်းစာတစ်စောင်ဖြစ်သော The Sunday Telegraph Business (UK) သတင်းစာက ကုလသမဂ္ဂ၏ စာရင်းဇယားများအရ ၂၀၁၃ ခုနှစ်က မြန်မာနိုင်ငံ၏ မိုဘိုင်းဖုန်းဈေးကွက်မှာ မြောက်ကိုရီးယား၏ နောက်တွင်ရှိကာ ကမ္ဘာ့တတိယအသေးဆုံး မိုဘိုင်းဖုန်းဈေးကွက်ဖြစ်ခဲ့ပြီး နိုင်ငံလူဦးရေ၏ ၅ ရာခိုင်နှုန်းအောက်သာ မိုဘိုင်းဖုန်းသုံးစွဲနိုင်ကြကြောင်း ဖော်ပြထားသည်။

ပြည်တွင်းမှ MPT နှင့် ရတနာပုံတယ်လီပို့များနှင့်အတူ နော်ဝေအခြေစိုက် တယ်လီနောနှင့် ကာတာအခြေစိုက် အော်ရီဒူးကုမ္ပဏီများမှ 3G မိုဘိုင်းကွန်ရက်များအတွက် ၁၅ နှစ် လိုင်စင်ရခဲ့ကြပြီးနောက်ပိုင်း ဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးမှု လျင်မြန်လာခဲ့ကြောင်း၊ ပထမငါးနှစ်ကာလအတွင်း ယင်း ပြည်ပ မိုဘိုင်းဆက်သွယ်ရေးကုမ္ပဏီနှစ်ခု၏ ရင်းနှီးမြှုပ်နှံမှုမှာ ဒေါ်လာ ၂၂ ဘီလီယံရောက်ရှိမည်ဟု မျှော်လင့်ရကြောင်းကို စတော့ပွဲစားဖြစ်သော ဗျူးဖို့ဒ်စီကျူရိတီစ်က ဆိုထားသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၁၆ ခုနှစ် မတ်လတွင် တစ်နိုင်ငံလုံးဆက်သွယ်ရေးကဏ္ဍ၌ 3G နှင့် 4G လွှမ်းခြုံနိုင်မှုကို ၇၅ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအထိရရှိအောင် ရည်မှန်းအကောင်အထည်ဖော်ဆောင်ရွက်နေသည်ဟု သိရကြောင်း၊ လွန်ခဲ့သောငါးနှစ်က MPT ဆင်းကတ်တစ်ခုကို ဒေါ်လာ ၂၀၀၀ ကျော်ပေးဝယ်ခဲ့ရသော်လည်း ယခုအခါ တစ်ဒေါ်လာခွဲသာရှိတော့ကြောင်း၊ ယင်းအခြေအနေမှာ ဝင်ငွေနည်းပါးသော မြန်မာပြည်သူအများစုအတွက် အခွင့်အလမ်းများစွာရှိခဲ့ကြောင်း၊ ထို့အတူ မြန်မာနိုင်ငံတွင် ပထမဦးဆုံး မြန်မာဘာသာအသုံးပြုသော လူမှုကွန်ရက် My Chat ကို တည်ထောင်သည့် My Square အတွက်လည်း ပို၍ အဆင်ပြေစေခဲ့ကြောင်း၊ အမေရိကန်က အရေးယူပိတ်ဆို့မှုများကို အပြီးပိုင်ဖယ်ရှားလိုက်မည်ဆိုပါက မြန်မာနိုင်ငံသည် ကြီးမားသည့်အလှည့်အပြောင်းတစ်ခုသို့ ရောက်ရှိလာမည်ဖြစ်ကြောင်း စသည်ဖြင့်ရေးသား ဖော်ပြထားသည်။

# ဂန္ထဝင်ပန်းချီဆရာကြီး ဦးစန်းလှိုင် တစ်ကိုယ်တော်ပန်းချီပြပွဲပြသ

သတင်းနှင့်ဓာတ်ပုံ
တင်စိုး(မြန်မာ့အလင်း)

**ရန်ကုန် နိုဝင်ဘာ ၁၇**

မြန်မာနိုင်ငံ၏ အသက်အကြီးဆုံး ဂန္ထဝင်ပန်းချီဆရာကြီး ဦးစန်းလှိုင်၏ တစ်ကိုယ်တော်ပန်းချီပြပွဲကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ စထရင်းဟိုတယ်၌ ပြသခဲ့ကြောင်း သိရသည်။

"ကျွန်တော်ငယ်ငယ်ကတည်းက အဘိုးရဲ့ ပန်းချီကားပုံတွေကို နှစ်သက်တယ်၊ ပန်းချီကားတွေကို ခမ်းခမ်းနားနား ပြမယ်ဆိုပြီး လွန်ခဲ့တဲ့ နှစ် ၂၀ က မြန်မာမော်ဒန်ပန်းချီကားတွေရယ်၊ အဘိုးရဲ့ ပန်းချီကားတွေရယ် နိုင်ငံကျော် ပန်းချီဆရာကြီးတွေရဲ့ ပန်းချီကား ၃၅၀ ကျော်ကို စုဆောင်းတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ ပန်းချီဆရာကြီးတွေရယ်၊ ကမ္ဘာမှာရှိတဲ့ ပန်းချီဆရာကြီးတွေကို ဂုဏ်ပြုတဲ့အနေနဲ့ ဒီပန်းချီပြပွဲလေးလုပ်ဖြစ်တာပါ။ အဘိုးရဲ့ ပန်းချီကားတွေကို ပြတိုက်တစ်ခု လုပ်သွားဖို့လည်းရှိပါတယ်၊ ပန်းချီကားတွေကို ပြန်ရောင်းဖို့မရှိပါဘူး" ဟု ကိုမျိုးသော်က ပြောသည်။

ဆရာကြီး ဦးစန်းလှိုင်သည် ကိုယ်ပိုင်ရေးဟန်နှင့် အောင်မြင်သော စာနယ်ဇင်းသရုပ်ဖော် ပန်းချီပညာရှင်ဖြစ်သည်။ မျဉ်းခြစ် (Line)၊ မင်ခြစ်များကို အသေးစိတ်တိကျစွာဆွဲနိုင်သည့် ပန်းချီဆရာတစ်ဦးဖြစ်သည်။ ထူးခြားချက်မှာ မြန်မာဆန်ဆန် အရောင်များကို အသုံးပြုလေ့ရှိပြီး မြန်မာမှုပန်းချီလက်ရာတွင် ဦးဆောင်ဦးရွက်ပြုသူတစ်ဦးဖြစ်သည်။



မြန်မာနိုင်ငံ၏ အသက်အကြီးဆုံး ဂန္ထဝင်ပန်းချီဆရာကြီး ဦးစန်းလှိုင်၏ တစ်ကိုယ်တော်ပန်းချီပြပွဲသို့ လာရောက်ကြည့်ရှုလေ့လာကြသည့် ပန်းချီဝါသနာရှင်များကို တွေ့ရစဉ်။



မြန်မာနိုင်ငံ၏ အသက်အကြီးဆုံး ဂန္ထဝင်ပန်းချီဆရာကြီး ဦးစန်းလှိုင်၏ တစ်ကိုယ်တော်ပန်းချီပြပွဲ၌ ပြသထားသော ပန်းချီကားတစ်ချပ်ကို တွေ့ရစဉ်။

ဦးစန်းလှိုင်သည် မျဉ်းခြစ်၊ မင်ခြစ်တွင်သာမကဘဲ ဥရောပပန်းချီနည်းစနစ် (Medium) များဖြစ်သော ဆီဆေး၊ ရေဆေးပန်းချီကားချပ်များကိုလည်း ရေးဆွဲနိုင်သူဖြစ်သည်။ ကျော်ကြားခဲ့သော လက်ရာများမှာ ဇာတ်ကြီးဆယ်ဘွဲ့ အနှစ်ချုပ် ၅၅၀ နိပါတ်တော်ဇာတ်လမ်း လက်ရာများ၊ ကေရီစုဘုရားရုပ်ပြ၊ ပတ္တမြားငမောက်နှင့် ရတနာပုံနန်းတွင်း လျှို့ဝှက်ဇာတ်လမ်းများ၊ မြသပိတ်တောင်အဆင်းနှင့် မင်းကွန်းဇေတဝန်ည အစရှိသောလက်ရာများ ဖြစ်ကြသည်။

ပြသထားသော ပန်းချီကားများမှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအကြောင်းအရာစုံ၊ ရသစုံပြသထားပြီး လေးပေ သုံးပေ၊ နှစ်ပေ သုံးပေဆိုက် ဆီဆေးပန်းချီကား ၁၀၅ ကား ပြသထားကာ ပြပွဲကို နိုဝင်ဘာ ၁၇ ရက်မှ ၁၈ ရက်အထိ ပြသမည်ဖြစ်ကြောင်း သိရသည်။

# လှိုင်သာယာမြို့နယ် အဝိကလမ်းမကြီးနှစ်ခုရှိ မီးပွိုင့်များအချက်ပြမှုမရှိခြင်းကြောင့် ယာဉ်တိုက်မှုနှင့် ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပေါ်လျက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၁၇**

ရုံးပိတ်ရက်မှအပ နေ့စဉ် အလုပ်သမား သိန်းချီသွားလာနေသော လှိုင်သာယာမြို့နယ်တွင် ယာဉ်ဖြတ်သန်းသွားလာမှု များပြားလာလျက်ရှိရာ မြို့၏ အဓိကလမ်းမကြီးနှစ်ခုတွင် ယာဉ်ကြောပိတ်ဆို့မှုနှင့် အချက်အချာကျသောနေရာတို့တွင် မီးပွိုင့်များကိုတပ်ဆင်ပေးနိုင်ခဲ့သည့်အတွက် ယခင်ကထက် ယာဉ်ကြောပိတ်ဆို့မှု လျော့နည်းသွားသော်လည်း လမ်းစုံမီးပွိုင့်များ အချက်ပြမှုမရှိခြင်း၊ အချက်ပြမီးများ အနီရောင်၊ အစိမ်းရောင် တစ်ပြိုင်တည်း ပြနေခြင်းတို့ကြောင့် ယာဉ်များဖြတ်သန်းရာတွင် အခက်အခဲကြုံတွေ့လျက်ရှိကြောင်း သိရသည်။



"ရန်ကုန်-ညောင်တုန်းလမ်းမကြီးမှာ လူအစည်ကားဆုံးနဲ့ ယာဉ်ဖြတ်သန်းသွားလာမှုအများဆုံးဖြစ်တဲ့ ရုံးထိပ်လမ်းစုံက ဌာနဆိုင်ရာရုံးတွေနဲ့လည်း နီးတယ်။ ယာဉ်ဖြတ်သန်းသွားလာမှုလည်း များတယ်။ မီးပွိုင့်က အရေးပါတဲ့အတွက် အမြဲတမ်းအချက်ပြမီးကောင်းမှ ယာဉ်သွားလာမှုအဆင်ပြေမှာပါ။ အချက်ပြ မီးပွိုင့်ပုံမှန်အလုပ်လုပ်နေရင် သွားလာရတာအဆင်ပြေတယ်။ မီးပျက်နေပြီး ယာဉ်ထိန်းရဲမရှိရင် ယာဉ်ကြောတောက်လျှောက်ပိတ်တတ်တယ်။ အဆိုးဆုံးက ဖြတ်သန်းမယ့်ယာဉ် တွေအတွက် မီးနီ၊ မီးစိမ်းကြီး တောက်လျှောက် တစ်ပြိုင်တည်းပြနေလို့ ယာဉ်တိုက်မှုတွေဖြစ်တတ်တယ်။ ကိုယ်စီ တာဝန်ကျေပွန်ပြီး စည်းကမ်းရှိလာမယ်ဆိုရင် လှိုင်သာယာမှာ ယာဉ်တိုက်မှုလျော့သွားမှာအမှန်ပဲ" ဟု တက္ကစီယာဉ်မောင်းတစ်ဦးက ပြောသည်။

မြို့နယ်တွင် ယာဉ်တိုက်မှု ၇၀ မှ ၉၀ ကျော် လစဉ်ဖြစ်ပွားလျက်ရှိကြောင်း သက်ဆိုင်ရာမှသိရပြီး ယင်းတို့အနက် ဆိုင်ကယ်တိုက်မှု အများဆုံးဖြစ်ပွားလျက်ရှိသည်။ ရန်ကုန်-ပုသိမ်လမ်းမကြီး ပေါ်ရှိ ဘုရားလမ်းမီးပွိုင့်မှာလည်း မကြာခဏမီးပျက်တတ်ပြီး ရုံးထိပ်လမ်းစုံ မီးပွိုင့်မှာလည်း ယနေ့မွန်းလွဲပိုင်းက အချက်ပြမီး အနီ၊ အစိမ်း မပြောင်းလဲသောကြောင့် (ဝဝ့ပုံ) ယာဉ်တိုက်မှုကို ဖိတ်ခေါ်သကဲ့သို့ ဖြစ်ပေါ်နေပြီး ယာဉ်ကြောပိတ်ဆို့မှုကြောင့် အများပြည်သူခရီးသွားလာမှုကို အနှောင့်အယှက်ဖြစ်စေသည့်အတွက် မီးပွိုင့်များ အချက်ပြမီးပုံမှန်ရှိနေရန်၊ အချက်ပြမီး ကောင်းမွန်ရန်လိုအပ်နေကြောင်း မြို့ခံပြည်သူတို့က ပြောဆိုလျက်ရှိသည်။ **(၁၆၄)**

# မြောင်းမြမြို့နယ်တွင် အလှူပွဲ၌ အစာအဆိပ်သင့်မှုဖြစ်ပွား

**မြောင်းမြ နိုဝင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် သဇင်ကုန်းကြီးကျေးရွာအုပ်စု မဒမ-လင်းဒိုင်းကျေးရွာတွင် ကျေးရွာ ကထိန်အလှူပွဲမှ ကျွေးမွေးဧည့်ခံမှုကို စားသောက်ခဲ့ကြသော ကလေးငယ်များ မူးဝေအော့အန် ဝမ်းသွားမှုဖြစ်ပြီး နိုဝင်ဘာ ၁၆ ရက်က မြောင်းမြပြည်သူ့ဆေးရုံသို့ရောက်ရှိကာ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

"အသက်(၁၂) နှစ်အောက်ကလေးတွေ အများစုဖြစ်တာပါ။ အစာခေတ်မတည့်မှုခေါ်မှာပါ။ အဲဒီက အစားအစာ နမူနာကိုလည်း ရန်ကုန်မြို့ ဓာတုဗေဒဝန်ရုံးကို ပေးပို့ထားပါတယ်။ ဆေးရုံကိုရောက်လာတာနဲ့ လိုအပ်တဲ့ ဆေးထိုး၊ ဆေးပေးမှုတွေကို အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်ပေးခဲ့ပါတယ်။ အစားအစာများကိုလည်း သန့်ရှင်းစွာပြင်ဆင်ပြီး လတ်လတ်ဆတ်ဆတ်နဲ့ ပူပူနွေးနွေး စားသောက်ကြဖို့ ပညာပေးပြောပြရပါတယ်" ဟု မြောင်းမြမြို့ ခုတင်(၂၀၀) ပြည်သူ့ဆေးရုံကြီးမှ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာ ဒေါ်ရီရီခိုင်က ပြောပြသည်။

မြောင်းမြ ခုတင်(၂၀၀) ပြည်သူ့ဆေးရုံကြီးသို့ ဖြစ်စမှ ညအချိန်အထိ အတွင်းလူနာ အမျိုးသား ၁၅ ဦး၊ အမျိုးသမီး ၁၀ နှင့် ပြင်ပလူနာ အမျိုးသား ၁၅ ဦး ၊ အမျိုးသမီး ၂၂ ဦး စုစုပေါင်း လူနာ ၆၂ ဦးတို့ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိကြောင်း ဆေးရုံအုပ် ဒေါက်တာ ဝါဝါယဉ်က ပြောခဲ့သည်။

မြို့နယ်ကျန်းမာရေးမှူး ဦးသန်းဌေးနှင့် ကျန်းမာရေးဝန်ထမ်းများကလည်း အဆိုပါ ကျေးရွာသို့သွားရောက်ကာ ကျေးရွာတွင်းရှိ လူနာ ၃၅ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ရွာသူရွာသားများအား အစားအသောက်နှင့် ပတ်သက်၍ ပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**အောင်မင်း(ပြန်/ဆက်)**



နိုဝင်ဘာ ၁၆ ရက်က မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်းဘေး မင်းဓမ္မလမ်း မီးပွိုင့်အနီး ပြန်လည်သန့်စွမ်းရေးဆေးရုံ အုတ်နံရံဘေးရှိ ရေနုတ်မြောင်းအတွင်း အရှိန်ဖြင့်ထိုးဆင်းကျသွားသော မြေသယ်ယာဉ်တစ်စီးကို ကရိန်းဖြင့် တင်မဆယ်ယူနေသည်ကို တွေ့ရစဉ်။ (၀၁၅)

# တပ်မတော်စစ်ကြောင်းက မိုးညှင်းမြို့ပတ်ဝန်းကျင်တွင် နယ်မြေရှင်းလင်းစဉ် KIA အဖွဲ့နှင့် ထိတွေ့တိုက်ပွဲဖြစ်ပွား

**နေပြည်တော် နိုဝင်ဘာ ၁၇**

ကချင်ပြည်နယ် မိုးညှင်းမြို့ အနီးပတ်ဝန်းကျင်၌ KIA အဖွဲ့ဝင်အချို့က ဒေသခံပြည်သူလူထု၏ တောင်ယာများ၊ ဆက်သွယ်ရေးလမ်းကြောင်းများတွင် မိုင်းထောင်ခြင်း၊ လူသစ်စုဆောင်းခြင်း၊ ဆက်ကြေးကောက်ခံခြင်းများ ပြုလုပ်လျက်ရှိပြီး ဒေသခံပြည်သူများ သွားလာလုပ်ကိုင်ဆောင်ရွက်ရာတွင်လည်း မကြာခဏ မိုင်းပေါက်ကွဲဖြစ်စဉ်များ ဖြစ်ပွားခဲ့ကာ သေဆုံးမှု၊ ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ်အတွင်း မိုးညှင်းမြို့နယ်အတွင်း မိုင်းပေါက်ကွဲမှု ၁၂ ကြိမ်ဖြစ်ပွားခဲ့ပြီး ဒေသခံပြည်သူနှစ်ဦး သေဆုံးကာ ၁၆ ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ထို့ကြောင့်တပ်မတော်စစ်ကြောင်းများက မိုးညှင်းမြို့ပတ်ဝန်းကျင်၌ နယ်မြေရှင်းလင်းရေးနှင့် နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၅ ရက် မွန်းလွဲပိုင်းက မိုးညှင်းမြို့ အရှေ့တောင်ဘက် ၃ မိုင်ခန့်အကွာရှိ ပွိုင့် -၉၂၈ တောင်ကုန်းအားရှင်းလင်းစဉ် ၎င်းတောင်ကုန်း၌ အခြေပြုနေသော KIA အဖွဲ့ဝင်အချို့နှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့သည်။


ဆက်လက်၍ ညနေ ၄ နာရီ ၁၅ မိနစ်ခန့်တွင် ပွိုင့်-၉၂၈ တောင်ကုန်းမြောက်ဘက် မီတာ ၃၀၀ ခန့်၌ ထပ်မံတိုက်ပွဲဖြစ်ပွားခဲ့သည်။

ယင်းဖြစ်စဉ်များတွင် အမ်(၂၅)သေနတ် တစ်လက်၊ ကျည်အိမ်လေးခု၊ ကျည်တောင့် ၂၀၀၊ အီနာဂါ ဗုံးသီး ခြောက်လုံး၊ ပို့ကျည်ရှစ်တောင့်နှင့် တောင်ကုန်းပေါ်တွင် ဆောက်လုပ်ထားသော လူနေတဲခုနစ်လုံး၊ အိုဗာဟက်နှစ်လုံးတို့အား သိမ်းဆည်းရမိခဲ့သည်။ တပ်မတော်မှ အရာရှိနှင့် စစ်သည်တချို့ တိုင်းပြည်အတွက် အသက်ပေးလှူခဲ့ပြီး စစ်သည်တချို့ ထိခိုက်ဒဏ်ရာများရရှိခဲ့သည်။ ဒဏ်ရာရစစ်သည်များအား တပ်မတော်ဆေးရုံသို့ ပို့ဆောင်၍ ကုသမှုခံယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

နိုဝင်ဘာ ၁၆ ရက်တွင် KIA အဖွဲ့များသည် အင်အားများထပ်မံပူးပေါင်း၍ တပ်မတော်စစ်ကြောင်းအား တိုက်ခိုက်လာမှုကြောင့် မွန်းလွဲပိုင်းတွင် ဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ တပ်မတော် (လေ)မှ ပစ်ကူပေးတိုက်ခိုက်ချေမှုန်းခဲ့ပြီး မိုးညှင်းမြို့အနီးရှိ အမြောက် စခန်းများမှလည်း စတင်တိုက်ပွဲဖြစ်ပွားချိန်မှစ၍ အမြောက်များဖြင့် ပစ်ကူပေးတိုက်ခိုက်ခဲ့သည်။

တပ်မတော်အနေဖြင့် မိုးညှင်းမြို့ရှိ ဒေသခံပြည်သူများ အေးချမ်းစွာဖြင့် သွားလာနေထိုင် လုပ်ကိုင်စားသောက်နေမှုအား နှောင့်ယှက်မှုများ ပြုလုပ်နေသည့် KIA အဖွဲ့များကို ဆက်လက်နယ်မြေရှင်းလင်း တိုက်ခိုက်ချေမှုန်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**




# ထန်းတပင်-ဇရပ်ကြီးကားလမ်းတွင် ခရီးသည်တင်ယာဉ်နှစ်စီးတိုက်မိပြီး ဒိုင်နာယာဉ်တိမ်းမှောက် ခရီးသည် ၂၀ ဒဏ်ရာများရရှိ



**ထန်းတပင် နိုဝင်ဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ထန်းတပင်မြို့နယ် ကျီတော်ကျေးရွာအနီးတွင် နိုဝင်ဘာ ၁၇ ရက် နံနက် ၇ နာရီ မိနစ် ၄၀ ခန့်က ခရီးသည်ယာဉ်နှစ်စီး အပြိုင်မောင်းနှင်ရင်း ကျော်တက်ရာက တိုက်မိခဲ့ပြီး ယာဉ်မောင်းအပါအဝင် ခရီးသည် ၂၀ ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇရပ်ကြီးမှ တောင်ငူမြို့သို့ မောင်နိုင်(၄၂ နှစ်) ဇရပ်ကြီးကျေးရွာနေသူ မောင်းနှင်လာသော ၆ဗ/---- ခရီးသည်တင်ဒိုင်နာယာဉ်သည် တောင်မှမြောက်သို့ မောင်းနှင်လာစဉ် မိုင်တိုင်အမှတ် (၁၅/၆) နှင့် ၇ အကြားအရောက် နောက်မှ ကျော်ထွန်း(၃၅ နှစ်) မဲဖလံကျေးရွာ ထန်းတပင်မြို့နယ်နေသူ မောင်းနှင်လာသော မုန်း-တောင်ငူ တပင်ရွှေထီးမှန်လုံယာဉ်က ကျော်တက်စဉ် ရှေ့မှဆိုင်ကယ်တစ်စီးက မောင်းနှင်လာသည့်အတွက် ဒိုင်နာယာဉ်၏နောက်ပိုင်းကို ဝင်ရောက်တိုက်မိခဲ့ပြီး ဒိုင်နာယာဉ်မှာ ကားလမ်းဘေးရှိ သစ်ပင်ကို ဝင်တိုက်မိကာ တိမ်းမှောက်သွားခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ဒိုင်နာယာဉ်မောင်း အပါအဝင် ခရီးသည် ၂၀ (မစိုးရိမ်ရ) ဒဏ်ရာများရရှိသွားခဲ့၍ ထန်းတပင်နှင့် တောင်ငူမြို့ဆေးရုံများသို့ တင်ပို့ပေးခဲ့ပြီး မဆင်မခြင်မောင်းနှင်သည့် ယာဉ်မောင်းနှစ်ဦးအား ထန်းတပင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# တိုင်းဒေသကြီး/ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၁၇**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်ဖြစ်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့တွင် ၈ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၉ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ထားဝယ်မြို့တွင် ၁ ဒသမ ၆၁ လက်မနှင့် လောင်းလုံမြို့တွင် ၁ ဒသမ ၁၀ လက်မတို့ ဖြစ်ကြသည်။

**(မြန်မာ့အလင်း)**



# ကလေးများဦးနှောက်ဉာဏ်ရည်ဖွံ့ဖြိုးမှု အသိပညာပေးဟောပြော

**မေတ္တာ နိုဝင်ဘာ ၁၇**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် မေတ္တာမြို့ အထကကျောင်း ပုလဲခန်းမ၌ နိုဝင်ဘာ ၁၇ ရက် နံနက် ၉ နာရီက ကလေးများ ဦးနှောက်ဉာဏ်ရည်ဖွံ့ဖြိုးမှု အသိပညာပေးဟောပြောပွဲကျင်းပသည်။

ဟောပြောပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန အာဟာရအဖွဲ့ခွဲမှ ဒေါ်ယုကေခိုင်က ကလေးများ ဦးနှောက်ဉာဏ်ရည်ဖွံ့ဖြိုးမှုဆိုင်ရာ သိကောင်းစရာများကို တက်ရောက်လာသော ကျောင်းသားမိဘများအား ရှင်းလင်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ဆရာဆရာမများ၊ ကျောင်းသားမိဘများ စုစုပေါင်း ၁၅၀ ခန့် တက်ရောက်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဇီးကုန်းမြို့နယ်၌ မိုးစပါးစံကွက် ရိတ်သိမ်း

**ဇီးကုန်း နိုဝင်ဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် ဝက်စာပိုးအုပ်စု ကွင်းအမှတ်(၃၆၃) တောင်သူ ဒေါ်မြင့်မြင့်သောင်း လယ်မြေဧက ၂၀ ၌ စိုက်ပျိုးထားသော LP-5 စပါးမျိုးကို နိုဝင်ဘာ ၁၅ ရက်က စံကွက်ရိတ်သိမ်းရာ စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးပညာပေးရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးလှမြင့်အောင်၊ တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးလှမြင့်နှင့် ခရိုင်ဦးစီးမှူး ဒေါ်တင်မြလွင်တို့ ကွင်းဆင်းကြည့်ရှုကြသည်။

အဆိုပါစံကွက်ကို ရိတ်သိမ်းရာတွင် အထွက်နှုန်း ၁၅၉ ဒသမ ၈၂ တင်း ထွက်ရှိကြောင်း သိရသည်။

**သိန်းတိုး(ဇီးကုန်း)**

# ကျေးရွာသုံးရွာရှိ နေအိမ်များကို ဆိုလာမီးအစုံ ၃၅၇ စုံတပ်ဆင်

**ခင်ဦး နိုဝင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၆၇ ဒသမ ၄၇၃ သန်းဖြင့် ကျေးလက် မီးလင်းရေးအတွက် ဆိုလာမီးအစုံ ၃၅၇ စုံကို ကျေးရွာသုံးရွာသို့ နိုဝင်ဘာ ၁၆ ရက်က အိမ်အရောက် တပ်ဆင်ပေးခဲ့ပြီးဖြစ်သည်။

ဆိုလာမီးအစုံများကို ရွာသစ်(ရ) ကျေးရွာတွင် ၁၁၇ စုံ၊ ခြေမြစ်ကျဉ်း(မ)ရွာတွင် အစုံ ၁၂၀၊ အင်းပေါက်ကျေးရွာတွင် အစုံ ၁၂၀ တို့ကို Three Princess ကုမ္ပဏီက ကျေးရွာရှိအိမ်များအရောက် တပ်ဆင်ပေးခဲ့ကြောင်း ဆိုလာမီးတစ်စုံလျှင် ငွေကျပ် တစ်သိန်းရှစ်သောင်းကိုးထောင်တန်ဖိုးရှိကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ချိုချိုနွယ်က ပြောသည်။

**ခင်ဦးစိုးဝေ**




ခင်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်တွင်းရှိ ကျေးရွာများ၌ ဆိုလာမီးတပ်ဆင်နိုင်ရေး ဒေသခံများသို့ ပေးအပ်စဉ်။



# ကျေးရွာချင်းဆက်တံတား တည်ဆောက်

**နေပြည်တော် နိုဝင်ဘာ ၁၇**

နေပြည်တော်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသည့် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ဝွေးတောက်ရိုး-ပိတောက်ကုန်းကျေးရွာချင်းဆက်တံတား ဆောင်ရွက်နေမှုကို ဒက္ခိဏခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးလင်း၊ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက အဆိုပါတံတားသို့ သွားရောက်၍ တည်ဆောက်ရေးလုပ်ငန်းများအား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ ဝွေးတောက်ရိုး-ပိတောက်ကုန်းတံတားမှာ အရှည်ပေ ၇၀ ရှိ သံပေါင်ရက်မ သစ်သားခင်းတံတားဖြစ်ပြီး ခွင့်ပြုရန်ပုံငွေကျပ် ၄ ဒသမ ၂ သန်း ကုန်ကျခံ တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။ **ရွှေကုက္ကို**

# နိုဝင်ဘာ ၁၇ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာ ၁၇ ရက်၊ (အင်္ဂါနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်) ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၃၅၀၀ မှ ၅၁၀၀၀ |
| ၂ | ဇီရာ/ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၁၀၀၀ မှ ၂၆၀၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၁၀၀၀ မှ ၂၃၀၀၀ |
| ၄ | မြီးတိုး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၂၉၀၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၇၀၀၀ မှ ၂၈၀၀၀ |
| ၆ | ပေါ်ဆန်း(ဆန်သစ်) | နယ်စုံ | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၅၅၀၀ မှ ၂၈၅၀၀ |
| ၇ | မိုးသုခ(ဆန်သစ်) | နယ်စုံ | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၇၀၀၀ မှ ၂၈၀၀၀ |
| ၈ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၂၉၈၀၀၀ |
| ၉ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ ရွှေဝါ၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၂၀၀ မှ ၂၅၀၀ |
| ၁၀ | ကြက်သွန်နီ | ဆိပ်ဖြူ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၂၅၀ မှ ၂၉၅၀ |
| ၁၁ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၅၇၀ မှ ၂၆၀၀ |
| ၁၂ | ကြက်သွန်ဖြူ | တောင်ကြီး၊ အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၈၀၀ မှ ၃၄၀၀ |
| ၁၃ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၇၃၀ မှ ၈၈၀ |
| ၁၄ | ဆီးသီး | | တစ်တာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၆၅၀၀ |
| ၁၅ | ထောပတ်သီး | | တစ်တာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၃၀၀၀ |
| ၁၆ | သြဇာသီး | | တစ်တာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၃၈၀၀ |
| ၁၇ | လိမ္မော်သီး | | တစ်ပိဿာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၀၀၀ မှ ၁၃၀၀ |

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။


## စစ်တက္ကသိုလ်အမှတ်စဉ် (၁၅)
## (၄၂)နှစ်မြောက် နှစ်ပတ်လည်နေ့ ဖိတ်ကြားလွှာ

စစ်တက္ကသိုလ်၊ အမှတ်စဉ် (၁၅)၏ (၄၂)နှစ်မြောက် နှစ်ပတ်လည်နေ့ကို အောက်ပါအစီအစဉ်များအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ သူငယ်ချင်းများ၊ ကျဆုံး/ကွယ်လွန်သူများ၏ ဇနီးများ၊ မိသားစုများအားလုံး တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

(၁) ဂေါက်သီးကစားခြင်း
(က) နေ့ရက်/အချိန် ။ ၂၈. ၁၁. ၁၅ ရက်နေ့ (၀၆:၀၀)နာရီ
(ခ) နေရာ ။ မင်္ဂလာဒုံတပ်မတော်ဂေါက်ကွင်း

(၂) ဆွမ်းဆက်ကပ်လှူဒါန်းခြင်း
(က) နေ့ရက်/အချိန် ။ ၂၉. ၁၁. ၁၅ ရက်နေ့ (၀၉:၀၀)နာရီ
(ခ) နေရာ ။ ရွှေတိဂုံဘုရားတောင်ဘက်၊ မြန်မာ့သစ်လုပ်ငန်း၊ ခမ္မာရုံ။ **(သီးခြားဖိတ်စာမပို့ပါ)**

(၃) ညစာစားပွဲ
(က) နေ့ရက်/အချိန် ။ ၂၉. ၁၁. ၁၅ ရက်နေ့ (၁၈:၀၀)နာရီ
(ခ) နေရာ ။ ပြည်လမ်း၊ အင်းလျားကန်မြောက်ဘက် IBC



## " ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက် "

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ အမှတ်-( ၃၃၃ )တွင် ရုံးခန်းဖွင့်လှစ်၍ လုပ်ငန်းဆောင်ရွက်လျက်ရှိသော **NCX Myanmar Co., Ltd.** သည် အောက်ဖော်ပြပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ကုမ္ပဏီမူပိုင်အမှတ်တံဆိပ်အဖြစ် ရန်ကုန်တိုင်းဒေသကြီးစာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားခဲ့ပြီး ဖြစ်ပါသည်။

NCX

IV- ၁၈၅၆၂/၂၀၁၄

အထက်တွင်ကပ်နှိပ်ဖော်ပြထားသော " NCX " ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကိုအသုံးပြု၍ မှတ်ပုံတင်သွင်းကြေညာသူ **NCX Myanmar Co., Ltd.** သည် " **Tyre** အမျိုးမျိုး၊ **Tube** အမျိုးမျိုး၊ **Battery** အမျိုးမျိုး၊ **Chain** အမျိုးမျိုး၊ **Sprocket Set** အမျိုးမျိုး၊ မီးသီးအမျိုးမျိုး၊ အင်ဂျင်ဝိုင်၊ ဘရိတ်ဆီ၊ ချောဆီ၊ စက်ဆီ၊ အင်ဂျင်ဆီ၊ အားဖြည့်စက်ဆီ၊ အမဲဆီ၊ **Lubricants** အမျိုးမျိုး၊ လယ်သာပေါလစ်အမျိုးမျိုး၊ မော်တော်ဆိုင်ကယ်နှင့် ဆက်စပ်အပိုပစ္စည်းအမျိုးမျိုး၊ မော်တော်ကားနှင့် ဆက်စပ်အပိုပစ္စည်းအမျိုးမျိုး၊ မော်တော်ဆိုင်ကယ်နှင့်မော်တော်ကားအလှဆင်ပစ္စည်းအမျိုးမျိုး " တို့ကို မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် ဆိုင်ခွဲများဖွင့်လှစ်၍ဖြန့်ချိရောင်းချသွားမည် ဖြစ်ပါသည်။

သို့ပါ၍ အဆိုပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသား၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ ဆင်တူယိုးမှားပြုလုပ်၍သော်လည်းကောင်း၊ ထင်ယောင်ထင်မှားတုပပြုလုပ်၍သော်လည်းကောင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ မှာယူတင်သွင်းခြင်း၊ လက်ဝယ်ထားရှိခြင်းမပြုလုပ်ကြပါရန်နှင့် အကယ်၍ပြုလုပ်ပါက တရားဥပဒေအရ ထိရောက်စွာအရေးယူသွားမည် ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ ဦးအီနုစ်(တရားလွှတ်တော်ရှေ့နေ)

**YE NOOS & ASSOCIATES (Law Firm)**

အမှတ်-၁၇၆(ပထမထပ်)၊ မိဘရိပ်မွန်အိမ်ရာ၊ ဗိုလ်တထောင်ဘုရားလမ်း၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း- ၃၉၇၂၃၄ ၊ ၂၉၆၁၃၂ ။

# အပြည်ပြည်ဆိုင်ရာ စားပွဲတင်တင်းနစ်ပြိုင်ပွဲများသို့ မြန်မာနိုင်ငံကိုယ်စားပြုဒိုင်များ စတင်စေလွှတ်နိုင်တော့မည်

**ရန်ကုန် နိုဝင်ဘာ ၁၇**

မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ်နှင့် ကမ္ဘာ့စားပွဲတင်တင်းနစ်အဖွဲ့ချုပ် (ITTF) တို့ပူးပေါင်း ဖွင့်လှစ်သည့် ပထမဦးဆုံး အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီးသင်တန်းတွင် မြန်မာနိုင်ငံမှ သင်တန်းသားအများစု ဝင်ရောက်ဖြေဆိုခဲ့ရာ သုံးဦးအောင်မြင်ခဲ့၍ မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ်အနေဖြင့် တစ်ကြိမ်တစ်ခါမျှ စေလွှတ်ခဲ့ဖူးခြင်းမရှိသေးသည့် အပြည်ပြည်ဆိုင်ရာစားပွဲတင်တင်းနစ်ပြိုင်ပွဲများသို့ စတင်စေလွှတ်နိုင်တော့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ်မှ သိရသည်။

မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ် အပြည်ပြည်ဆိုင်ရာဒိုင်လူကြီးသင်တန်းကို ITTF မှဦးစီးကာ ၂၀၁၄ ခုနှစ်က ဖွင့်လှစ်ခဲ့သည်။ အဆိုပါ သင်တန်းတွင် သင်တန်းသား သင်တန်းသူ ၃၃ ဦးတက်ရောက်ခဲ့သော်လည်း ဂုဏ်ပြုဆုတံဆိပ်နှင့် အောင်လက်မှတ်တို့ကို မြန်မာနိုင်ငံမှ သုံးဦးသာရရှိခဲ့သည်။ အဆိုပါသင်တန်းကို မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ်၏ ဖိတ်ကြားမှုဖြင့် ပထမဦးဆုံး လာရောက်ဖွင့်လှစ်ပေးခြင်းဖြစ်သည်။

ယခုမြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်ပြုလုပ်သည့် နိုင်ငံတကာစားပွဲတင်တင်းနစ်ဒိုင်လူကြီး သင်တန်းတွင် ကမ္ဘာ့စားပွဲတင်တင်းနစ်အဖွဲ့ချုပ် (ITTF)က ချီးမြှင့်သည့် အပြည်ပြည်ဆိုင်ရာဒိုင်လူကြီး ဂုဏ်ပြုဆုတံဆိပ်နှင့် အသိအမှတ်ပြုအောင်လက်မှတ်တို့ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ နိုင်ငံဖြတ်ကျော် မှုခင်းဌာနမှ ဒေါ်သူဇာလွင်(ဒု-ရဲမှူး)၊ ဦးဘုန်းမြင့်နှင့် ဦးကြံ့ပာရင်မန်းတို့ကရရှိခဲ့ပြီး ဒေါ်သူဇာလွင်အား လာမည့်ဒီဇင်ဘာလတွင် စင်ကာပူနိုင်ငံ၌ ကျင်းပမည့် ပါရာဆီးဂိမ်းစားပွဲတင် တင်းနစ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုဒိုင်အဖြစ်ပထမဦးဆုံးသွားရောက်ဆောင်ရွက်ရန် စေလွှတ်မည်ဖြစ်သည်။

" ဒီအပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီးသင်တန်းအသိအမှတ်ပြုအောင်မြင်တဲ့ ဆုတံဆိပ်ရလို့ အလွန်ပဲပျော်ပါတယ်။ စင်ကာပူနိုင်ငံမှာကျင်းပမယ့် ပါရာဆီးဂိမ်းပြိုင်ပွဲမှာလည်း အတတ်နိုင်ဆုံး (ITTF)က သင်ကြားပေးတဲ့အတတ်ပညာနဲ့ ဥပဒေဘောင်အတွင်းက ဆောင်ရွက်သွားမှာပါ။ အခုလိုနိုင်ငံကိုယ်စားပြု ပထမဦးဆုံးသွားရောက်ရတဲ့အတွက် အလွန်ဝမ်းသာပါတယ်" ဟု နိုင်ငံကိုယ်စားပြု ပထမဆုံးစေလွှတ်ခြင်းခံရသည့် ဒေါ်သူဇာလွင်က ပြောသည်။



အပြည်ပြည်ဆိုင်ရာဒိုင်လူကြီးအဖြစ် ဂုဏ်ပြုဆုတံဆိပ်နှင့် အောင်လက်မှတ်ရရှိခဲ့သည့် ဒိုင်သုံးဦးနှင့် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်။

မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ်အနေဖြင့် ယခုလာမည့် ၂၀၁၆ ခုနှစ်တွင်လည်း ကမ္ဘာ့စားပွဲတင် တင်းနစ်အဖွဲ့ချုပ် (ITTF)နှင့်ပူးပေါင်းကာ ဒုတိယအကြိမ် အပြည်ပြည်ဆိုင်ရာဒိုင်လူကြီးသင်တန်းကို ထပ်မံဖွင့်လှစ်သွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**စိန်လွင်အောင်(မြန်မာ့အလင်း)**

**ဓာတ်ပုံ-မင်းထက်**

---

❍ *ကျောဖုံးမှ*

သန်းဇော်ဟိန်း (မကွေး)တို့ ပါဝင်ကြသည်။ မြန်မာယူ-၂၁ အသင်းကို နည်းပြချုပ်အဖြစ် အဲရစ်ဝီလျံကိုင်တွယ်နေပြီး အောက်တိုဘာ ၂၆ ရက်ကတည်းက လေ့ကျင့်မှုများ ပြုလုပ်နေခြင်းဖြစ်သည်။ မြန်မာယူ-၂၁ အသင်းသည် ဗီယက်နမ်ဖိတ်ခေါ်ပြိုင်ပွဲအတွက် ပြင်ဆင်နေချိန် ရက် ၂၀ ကျော်ရရှိခဲ့ပြီး ၂၀၁၅ ယူ-၂၀ကမ္ဘာ့ဖလားပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့်မြန်မာယူ-၂၀ အသင်း၊ ၂၀၁၆ အာရှယူ-၁၉ ခြေစစ်ပွဲယှဉ်ပြိုင်ခဲ့သည့် မြန်မာယူ -၁၉ အသင်းတို့မှ ကစားသမားအများစု ပါဝင်လာသည်။

ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ရမြန်မာ ယူ-၂၀ အသင်းတွင် ပါဝင်ခဲ့သည့် သန်းပိုင်၊ မောင်မောင်စိုး၊ မောင်မောင်လွင်၊ ထိုက်ထိုက်အောင်၊ မျိုးကိုထွန်း၊ ရန်နိုင်ဦးစသည့် ကစားသမားများပါဝင်လာခဲ့သည်။ မြန်မာယူ-၂၁ အသင်းသည် ပြိုင်ပွဲ အကြိုခြေစမ်းပွဲသုံးပွဲကစားခဲ့ရာ နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ခဲ့သည်။ မြန်မာယူ-၂၁ အသင်းသည် ပထမပွဲတွင် ရန်ကုန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး မြန်မာ့လက်ရွေးစင်အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ဟံသာယာဝတီအသင်းကို နှစ်ဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ရထားသည်။ ယင်းပြိုင်ပွဲကို နိုဝင်ဘာ ၂၀ ရက်မှ ၂၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းမှာ အုပ်စု(ခ)တွင် တောင်ကိုရီးယား ယူ-၁၉ အသင်း၊ ဟောင်အန်းဂယ်လိုင် ယူ-၂၁ အသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေသည်။ အုပ်စု(က)တွင် ဗီယက်နမ် ယူ-၂၁၊ ထိုင်း ယူ-၂၁ ၊ စင်ကာပူ ယူ-၂၁ အသင်းတို့ ပါဝင်သည်။ မြန်မာအသင်းမှာ အုပ်စုပွဲစဉ်များအဖြစ် နိုဝင်ဘာ ၂၀ ရက်တွင် ဟောင်အန်ဂယ်လိုင်ယူ-၂၁ အသင်း၊ နိုဝင်ဘာ ၂၂ ရက်တွင် တောင်ကိုရီးယား ယူ-၁၉အသင်းတို့နှင့် ကစားရမည်ဖြစ်သည်။

မြန်မာယူ -၂၁ အသင်းသည် ပြိုင်ပွဲဝင်ရန် နိုဝင်ဘာ ၁၈ ရက် **(ယနေ့)** ထွက်ခွာမည်ဖြစ်သည်။

◆ *ကျောဖုံးမှ*

၁၃ မီတာပတ်လည် ရှစ်မြောင့်အဌဂံပုံ သံကူကွန်ကရစ်အမျိုးအစားဖြင့် တည်ဆောက်ထားပြီး ရေဒါထိပ်ဆုံးအလုံးထိ ၇၅ မီတာမြင့်ကြောင်း ဘိုးပိုင်တူးချိန်တွင် နေ့ဆိုင်း ညဆိုင်း လုပ်ကိုင်ခဲ့ကြပြီး ယခုအခါ ပုံမှန်အလုပ်ချိန်အတိုင်း ဆောင်ရွက်နေကြသော်လည်း ခန့်မှန်းအချိန်ကာလ၌ ပြီးနိုင်မည်ဟု ပြောသည်။

"မြန်မာနိုင်ငံမှာ ရေဒါတာဝါကြီးများ တည်ဆောက်နိုင်တော့ ဘင်္ဂလားပင်လယ်အော်၌ဖြစ်ပေါ်နေတဲ့ လေဖိအားနည်းရပ်ဝန်း၊ မုန်တိုင်းဖြစ်စေမှု မိုးရေချိန် မိုးလေဝသ အခြေအနေ လေတိုက်နှုန်း ၂၄ နာရီလုံးလုံး တိုက်ရိုက်ဖမ်းယူကြည့်ရှုနိုင်ပြီဖြစ်တဲ့အတွက် အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်နိုင်ပါတယ်။ တစ်မြို့မှာ တစ်စခန်းနှုန်းဖြင့် အလိုအလျောက် မိုးရေချိန်တိုင်းကိရိယာ မိုးလေဝသ တိုင်းတာရေးစခန်း ၃၀ တပ်ဆင်ထားပြီး ဖြစ်ပါတယ်။

"အဲဒီစခန်းများမှတစ်ဆင့် တိုင်းထွာရရှိသော အချက်အလက်များ ရေဒါတာဝါနှင့် ချိတ်ဆက်ပါက အချိန်မီတိကျမှန်ကန်သောမိုးလေဝသသတင်းကို ထုတ်ပြန်နိုင်ပါတယ်။ အဲဒီတော့ မုန်တိုင်းဒဏ်၊ လေတိုက်နှုန်း၊ ငလျင်ဒဏ်၊ ရေကြီးရေလျှံဘေးအမျိုးမျိုး ကြိုတင်ကာကွယ်နိုင်ပါတယ်။

"ရခိုင်ပြည်နယ် ကျောက်ဖြူရေဒါတာဝါကြီးပြီးစီးပြီး မကြာခင်မှာပဲ ကိုမန်ဆိုတဲ့မုန်တိုင်းကို အချိန်မီ သတင်းထုတ်ပြန်နိုင်လို့ ပြည်သူတွေသဘာဝဘေးဒဏ်ကသက်သာရာသက်သာကြောင်း ကြိုတင်တွက်ချက် လုပ်ဆောင်နိုင်ခဲ့ပါတယ်။

"အရင်က ဂြိုဟ်တုမှတစ်ဆင့် ဖမ်းယူမှ သိရှိနိုင်တာဖြစ်လို့ သတင်းထုတ်ပြန်မှု နောက်ကျခြင်း ကြုံတွေ့ခဲ့ရပါတယ်"ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားရေးမှူးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်လွင်က မြန်မာ့အလင်းသို့ ပြောကြားသည်။

---


## လားရှိုးအသင်း(ရန်ကုန်)
## ဒုတိယအကြိမ် စုပေါင်းမဟာဘုံကထိန်
## သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

လားရှိုးအသင်း(ရန်ကုန်)၏ဒုတိယအကြိမ်မြောက် စုပေါင်းမဟာဘုံကထိန် သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရန်ကုန်ရောက် လားရှိုးမြို့သူ/မြို့သားများ ကြွရောက်ကုသိုလ်ယူနိုင်ကြပါရန် လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက်** - ၂၁-၁၁-၂၀၁၅ရက်(စနေနေ့)
**တရားနာချိန်** - နံနက် ၉း၃၀နာရီ
**ဧည့်ခံကျွေးမွေးချိန်** - နံနက် ၁၀း၃၀နာရီမှ မွန်းတည့် ၁၂နာရီအထိ
**ကျင်းပမည့်နေရာ** - အင်းလျားကန်ဖျားကျောင်းတိုက်၊ အမှတ်(၇၀)၊ တက္ကသိုလ်ရိပ်သာလမ်းဟောင်း၊ (မြဝတီဓာတ်ဆီဆိုင်ဘေးလမ်းမှဝင်ရန်)

မိမိလှူဒါန်းလိုသော လှူဖွယ်ပစ္စည်းများကို အသင်းရုံးခန်း ဖုန်းနံပါတ်ဖုန်း-၀၉-၈၇၆၈၇၇၁၄၀၊ ၀၉-၇၈၁၅၂၀၀၁၇ မဆုမွန်သိမ့်သိမ့်သို့ ဆက်သွယ်ပေးပို့ပါရန်နှင့် အလှူငွေများကို လားရှိုးအသင်း(ရန်ကုန်) ငွေစာရင်းအမှတ်- 00 80205010010494 AYA BANK(YGN 26)KTD သို့ ပေးသွင်းလှူဒါန်းနိုင်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**လားရှိုးအသင်း(ရန်ကုန်)**

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးတွင် တက်ရောက်ကုသနေသော လူနာများအတွက် အသုံးပြုရန် လိုအပ်သည့် FDA အသိအမှတ်ပြုဆေးနှင့်ဆေးပစ္စည်းများနှင့် ဓာတ်ခွဲခန်းသုံးဆေးရည်၊ ဓာတ်ခွဲခန်းသုံးဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်ရှိပါသဖြင့် စိတ်ဝင်စားသောလိုင်စင်ရ ဆေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းအသေးစိတ်နှင့် အချက်အလက်များစာရင်းကို သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးတွင် လူကိုယ်တိုင်လာရောက်၍ စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၈-၁၁-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)
**တင်ဒါပိတ်မည့်ရက်** - ၃၀-၁၁-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်အချိန်** - ညနေ ၄ နာရီ

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

ရွှေကြေးစည် မှ ကျိုက်ထီးရိုး (နေ့စဉ်-နံနက်/ည)
▲တောင်ကြီးမီးပုံးပျံပွဲ(၂ညအိပ်)၊ အင်းလေး၊ ပင်းတယ၊ မွေတော်ကက္ကူ၊ ထမ့်စမ်းဂူ
ဆက်၍-(မန္တလေး၊ ပြင်ဦးလွင်မီးပုံးပျံပွဲ၊ စစ်ကိုင်း၊ ကျောက်စိမ်းဘုရား)(ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး)
▲မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာအန်း၊ ကျောက်စိမ်းဘုရား
▲ပုဂံ၊ ညောင်ဦး၊ စွယ်တော်လေးဆူ၊ ပုပ္ပါး၊ ပခုက္ကူ၊ သီဟိုဠ်ရှင်
အပတ်စဉ် – သောကြာ Nov 24,25,27
▲ပုဂံ၊ ညောင်ဦး၊ စွယ်တော်လေးဆူ၊ ပုပ္ပါး၊ ပခုက္ကူ၊ မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်စိမ်းဘုရား
▲ကျိုက္ခမီ၊ မော်လမြိုင်၊ ဇက်ခဲ၊ န္ဂားလပို့တောင်–ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်။
ပန်းဆိုးတန်း ☎01-240860/01-372290 ဒေါပုံ 09-49282825 ကမာကြည် 09421029191

## မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဂျပန်ချေးငွေ (JICA ODA Loan)ဖြင့် ဆောင်ရွက်မည့် မြို့(၄)မြို့ (ဘားအံမြို့၊ ထားဝယ်မြို့၊ မကွေးမြို့၊ စစ်တွေမြို့)တို့တွင် တိုးချဲ့မြို့ရေရရှိရေးလုပ်ငန်းအတွက် လိုအပ်သော ပိုက်နှင့်ပိုက်ဆက်ပစ္စည်းများနှင့် ပဲခူးမြို့ရေရရှိရေးအတွက်လိုအပ်သော(Generator)နှင့် ဆက်စပ်ပစ္စည်းများဝယ်ယူရန် ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းနိုင်ပါသည်-

**(က) မြို့ (၄)မြို့ရေရရှိရေးလုပ်ငန်း (Lot-1)ပိုက်နှင့် ပိုက်ဆက်ပစ္စည်းများ**
**(ခ) ပဲခူးမြို့ရေရရှိရေးလုပ်ငန်း (Lot-3)Generatorနှင့် ဆက်စပ်ပစ္စည်းများ**

၂။ မြို့(၄)မြို့ရေရရှိရေးလုပ်ငန်း (Lot-1) ပိုက်နှင့်ပိုက်ဆက်ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ (Finan cial Proposal) များကို ၁၅-၁၂-၂၀၁၅ရက် နံနက် ၉နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပြီး တင်ဒါဖွင့်ပွဲအား ၁၅-၁၂-၂၀၁၅ရက် နံနက် ၁၀နာရီတိတိတွင် ဆောင်ရွက်မည် ဖြစ်ပါသည်။

၃။ ပဲခူးမြို့ရေရရှိရေးလုပ်ငန်း (Lot-3) Generator နှင့် ဆက်စပ်ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်း အဆိုပြုလွှာ (Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal) များကို ၁၆-၁၂-၂၀၁၅ရက် မွန်းတည့် ၁၂နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပြီး တင်ဒါဖွင့်ပွဲအား ၁၆-၁၂-၂၀၁၅ရက် မွန်းတည့် ၁၂နာရီတွင် ဆောင်ရွက်မည် ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးအမှတ်(၁၄)၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၉၄၀၇၊ ၄၀၉၂၁၅တို့သို့ ဆက်သွယ်ရယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၄)
## သံလွင်တံတား(ချောင်းဆုံ)တည်ဆောက်ရေးစီမံကိန်းနှင့်
## 66KV ဓာတ်အားလိုင်း သံလွင်မြစ်ကျော်တာဝါတိုင်
## တည်ဆောက်ရေးစီမံကိန်း
## မွန်ပြည်နယ်၊ မော်လမြိုင်မြို့
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ သံလွင်တံတား(ချောင်းဆုံ)တည်ဆောက်ရေးစီမံကိန်းနှင့် 66KVဓာတ်အားလိုင်း၊ သံလွင်မြစ်ကျော်တာဝါတိုင်တည်ဆောက်ရေးစီမံကိန်းတို့တွင် အသုံးပြုရန်လိုအပ်သော ဆောက်လုပ်ရေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် သယ်ယူ/ဝယ်ယူလိုပါသည်။

၂။ ပစ္စည်းသယ်ယူ/ဝယ်ယူရန်
(၁) မြိုင်ကလေးမှ ဘိလပ်မြေအား သံလွင်တံတား(ချောင်းဆုံ)တည်ဆောက်ရေးလုပ်ငန်းခွင်စတိုသို့ သယ်ယူခြင်း
(၂) 6"x9" ကျောက်ကြီးဝယ်ယူခြင်း
(၃) 8mm thick M.S Plate
(၄) Bentonite ဝယ်ယူခြင်း
(၅) တောသစ်ဝယ်ယူခြင်း

**တင်ဒါတင်သွင်းရမည့်ရက်** - ၁၈-၁၁-၂၀၁၅ရက်မှ ၂-၁၂-၂၀၁၅ရက် - ညနေ ၄နာရီ
**တင်ဒါစိစစ်ရွေးချယ်ရမည့်ရက်/အချိန်** - ၃-၁၂-၂၀၁၅ရက် မွန်းလွဲ ၁၃း၀၀နာရီ
**တင်ဒါစိစစ်ရွေးချယ်ရမည့်နေရာ** - သံလွင်တံတား(ချောင်းဆုံ) တည်ဆောက်ရေးစီမံကိန်းရုံးလင်းဆောင်၊ ရေတပ်ဝင်း၊ မုပွန်ရပ်၊ မော်လမြိုင်မြို့

၃။ တင်ဒါစည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များ၊ တင်ဒါလျှောက်လွှာပုံစံများကို သံလွင်တံတား(ချောင်းဆုံ)တည်ဆောက်ရေးအဖွဲ့(၁)ရုံးနှင့် တည်ဆောက်ရေးအဖွဲ့(၄)ရုံး၊ ကျိုက်မုပွန်ဘုရားအနီး၊ မော်လမြိုင်တွင် ၁၈-၁၁-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**ပျောက်ဆုံးကြောင်း**

ကျွန်တော်တေဇာဝင်း ၁၂/သခန(နိုင်)၁၄၃၁၁၁၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၄၁၄၆၁၆**

# နိုးထလာပြီဖြစ်သော ကာလနဂါး

မျိုးမြင့်သန်း(မန်းစက်မြေ)

**တစ်ခုသော** ရုံးပိတ်ရက်၏ နေပြည်တော် ကုံကော်အိမ်ရာတွင် ဖြစ်ပါသည်။ ဇာတိက အညာမြေဖြစ်၍လားမသိပါ။ စတူဒီယိုသီချင်းများထက် မြန်မာသံစဉ် မိုနိုသီချင်းများကို ငယ်စဉ်ကပင် ကြိုက်နှစ်သက်မှန်းသိသော ဇနီးသည်က အလိုက်တသိဖြင့် ဖွင့်ပေးလိုက်သည့် ''ပန်းသတင်းလေညှင်းဆောင်သလို---လူသတင်း လူချင်းဆောင်လို့--- ပျံ့ပျံ့သင်းသင်း သန့်သန့်ရှင်းရှင်း---'' အစချီသော သီချင်းသံလေးက တိုးဝင်လာပါသည်။

**ယခင်က မြန်မာ့ခရီးသွားလုပ်ငန်း ကဏ္ဍမှာ ကာလနဂါးပမာပင်။ ခရီးသွားဧည့်သည် ဝင်ရောက်မှုနှင့် ပတ်သက်၍ သန်းဂဏန်းချီပြီး မည်မျှပါဟု ပြောနိုင်သော အနေအထားမရှိပါ။ မိခင်ဝန်ကြီးဌာနကိုပင် တချို့က (Sleeping Ministry) ဟု ကျီစယ်ခဲ့ကြ**

သီချင်းသံလေးကို နားထောင်ရင်း အတွေးမျှင်စလေးတစ်ခု ဝင်ရောက်လာပါသည်။ သီချင်းစာသားလေးကတော့ သဘာဝအမှန်တရား ဖြစ်ပါသည်။ ပန်းတစ်ပွင့်၏ရနံ့မှာ သင်းပျံ့မွှေးကြိုင်သည် ဖြစ်စေ၊ အနံ့အသက်ဆိုးရွားသည်ဖြစ်စေ လေညင်းက သယ်ဆောင်၍ ဖြန့်ဝေပေးသည်သာ ဖြစ်ပါသည်။ ထို့အတူ လူတို့၏ကောင်းသတင်း၊ ဆိုးသတင်းမှာလည်း လူအချင်းချင်းကပင် သယ်ဆောင်ဖြန့်ဖြူးလေ့ရှိကြပါသည်။

မော်တော်ယာဉ်များ အဆင့်အတန်းမြင့်မားရေး၊ စားသောက်ဆိုင်များ အဆင့်အတန်းမြင့်မားရေး၊ ဝန်ဆောင်မှုကောင်းမွန်စေရန်အတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးစဉ်ဒေသများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ဆက်စပ်ဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းအဖွဲ့များ၊ ဒေသခံပြည်သူလူထုများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ဆုချီးမြှင့်ပွဲတွင် မြန်မာနိုင်ငံအား အကောင်းဆုံး AEC နိုင်ငံခရီးသွားဆု (Best in Travel – AEC Country) ချီးမြှင့်ခြင်းခံရပါသည်။(ASEAN Tourism Forum 2015)ဖွင့်ပွဲ အခမ်းအနားတွင် Lonely Planet Media မှ ကိုယ်စားလှယ်က ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံ ပေးအပ်ခဲ့ပါသည်။

Lonely Planet သည် အမေရိကန်ပြည်ထောင်စု၊ အင်္ဂလန်၊ တရုတ်၊ အိန္ဒိယနိုင်ငံများတွင် ရုံးခွဲများ

တစ်ဆက်တည်းဝင်လာသည်က မိခင်ဝန်ကြီးဌာန နှင့် ပတ်သက်သည့် အတွေးအမျှင် စလေးများဖြစ်ပါသည်။ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီး ဌာနတွင် နှစ်ပေါင်း ၂၀ ကျော် တာဝန်ထမ်းဆောင်ခဲ့သည့် သန္ဓေ ဝန်ထမ်းတစ်ဦးအနေဖြင့် မိခင်ဌာန၏အတွေ့အကြုံ လောကဓံတရား ရှစ်ပါးနှင့်အညီ ကြုံတွေ့ခဲ့မှုများကို ကောင်းစွာသဘောပေါက်မိပါသည်။

ယခင်က မြန်မာ့ခရီးသွားလုပ်ငန်း ကဏ္ဍမှာ ကာလနဂါးပမာပင်။ ခရီးသွားဧည့်သည် ဝင်ရောက်မှုနှင့် ပတ်သက်၍ သန်းဂဏန်းချီပြီး မည်မျှပါဟု ပြောနိုင်သော အနေအထား မရှိပါ။ မိခင်ဝန်ကြီးဌာနကိုပင် တချို့က (Sleeping Ministry) ဟု ကျီစယ်ခဲ့ကြပါသည်။

နိုင်ငံတော်အစိုးရသစ် တက်လာပြီးနောက် Tourism ကာလနဂါးကို နိုးထအောင် ဆောင်ရွက်နိုင်ရန် မိခင်ဝန်ကြီးဌာနမှ အစွမ်းကုန်ကြိုးပမ်းခဲ့ပါသည်။ ပြည်ထောင်စုဝန်ကြီးမှ အစပြု၍ အောက်ခြေဝန်ထမ်းအဆုံး တက်ညီလက်ညီ



(သာမန်ထက် ထူးကဲသာလွန်အောင်မြင်မှုဆု) ကဏ္ဍအောက်မှ ၂၀၁၅ ခုနှစ်အတွက် "Destination of the Year" ဆုကို ရရှိခဲ့ခြင်းဖြစ်ပါသည်။ TTG ၏ အယ်ဒီတာအဖွဲ့က နေ့စဉ် လူများနှင့် အဖွဲ့အစည်းများသို့ တွေ့ဆုံမေးမြန်းလေ့လာပြီး ၎င်းတို့၏ အကြံပြုချက်များနှင့်အညီ ထိုက်တန်သည့် ခရီးသွား ကုန်သွယ်မှု လုပ်ငန်းကို အကျိုးပြုသည့် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများကို ရှာဖွေ၍ အမှတ်ပေးဆုချီးမြှင့်ခြင်းဖြစ်ပါသည်။

အနာဂတ် မြန်မာနိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လမ်းပြမြေပုံအဖြစ်ခံယူကျင့်သုံးသွားမည့် "ခရီးသွားလုပ်ငန်း ပင်မစီမံကိန်း (၂၀၁၃-၂၀၂၀)" အား ရေးဆွဲခဲ့ပြီးလည်း ဖြစ်ပါသည်။

ခရီးသွားလုပ်ငန်းဖြင့် မြန်မာနိုင်ငံအား ပိုမိုကောင်းမွန်သော နေရာတစ်ခုဖြစ်စေရန် ရည်ရွယ်ပြီး အလုပ်အကိုင် ပိုမိုဖန်တီးရေး၊ ကောင်းမွန်၍ကြီးမားသော စီးပွားရေးအခွင့်အလမ်းကောင်းများ ပိုမို

**၂၀၁၂ ခုနှစ်မှစတင်၍ သန်းချီ ပြောနိုင်သော အနေအထားမှ ၂၀၁၄ ခုနှစ်တွင် ၃ ဒသမ ၀၈၁ သန်း ဝင်ရောက်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ် စက်တင်ဘာလကုန်အထိ ၃ ဒသမ ၀၈ သန်း ရရှိခဲ့ပြီး ယခင်နှစ်၏ ရရှိမှုကို ပြည့်မီခဲ့ကာ နှစ်ကုန်တွင် ၄ ဒသမ ၅ သန်း ရရှိနိုင်ရန် မျှော်မှန်း ဆောင်ရွက်လျက်ရှိ**

ဆောင်ရွက်ခဲ့မှုပင်ဖြစ်သည်။

Visa On Arrival၊ E. Visa စနစ်များ၊ လေကြောင်းလိုင်းများ တိုးချဲ့နိုင်ရေး၊ ပို့ဆောင်ရေး

၂၀၀၆ ခုနှစ်က အလှည့်ကျ လက်ခံကျင်းပရန် ဖြစ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ကျင်းပနိုင်ခဲ့ခြင်းမရှိဘဲ ဖိလစ်ပိုင်နိုင်ငံသို့ လွှဲပြောင်းကျင်းပခွင့်ပေးခဲ့ရသည့် အာဆီယံခရီးသွားလုပ်ငန်း ပြပွဲ (ASEAN Tourism Forum)ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် နေပြည်တော်၌ အောင်မြင်စွာ လက်ခံကျင်းပနိုင်ခဲ့ပါသည်။

လူသတင်း လူချင်းဆောင်သကဲ့သို့ ခရီးသွားဧည့်သည်များအကြား အချင်းချင်း (Mouth to Mouth) စနစ်နှင့် လက်ရှိမြန်မာနိုင်ငံတော်၏ ပြုပြင်ပြောင်းလဲတိုးတက်မှုအစုံကိုကြားသိရသဖြင့် ခရီးသွားဧည့်သည် ဝင်ရောက်မှာ အရှိန်အဟုန်ဖြင့် တိုးတက်လာခဲ့ပါသည်။

၂၀၁၂ ခုနှစ်မှစတင်၍ သန်းချီပြောနိုင်သော အနေအထားမှ ၂၀၁၄ ခုနှစ်တွင် ၃ ဒသမ ၀၈၁ သန်း ဝင်ရောက်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ် စက်တင်ဘာလကုန်အထိ ၃ ဒသမ ၀၈ သန်းရရှိခဲ့ပြီး ယခင်နှစ်၏ ရရှိမှုကို ပြည့်မီခဲ့ကာ နှစ်ကုန်တွင် ၄ ဒသမ ၅ သန်း ရရှိနိုင်ရန် မျှော်မှန်းဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတကာ၏ အကဲဖြတ်သုံးသပ်မှုဖြင့် သမိုင်းတွင် ကျန်ရစ်မည့် နိုင်ငံတကာမှ ချီးမြှင့်ခံရသောဆုများလည်း ရရှိလာသည်။ ပထမတစ်ဆုမှာ Lonely Planet Traveller မဂ္ဂဇင်းမှ " Lonely Planet Traveller Destination Awards 2014 " တတိယကြိမ်မြောက် ဖွင့်လှစ်ကာ ဝန်ထမ်းပေါင်း ၄၀၀ ကျော်၊ စာရေးဆရာပေါင်း ၂၀၀ ကျော်တို့ဖြင့် လုပ်ငန်းလည်ပတ်ကာ ၂၀၁၁ ခုနှစ်တွင် ကမ္ဘာတစ်ဝန်းလုံးသို့ Travel Guide Book စာအုပ် သန်း ၁၂၀ အထိ စံချိန်တင်ရောင်းချနိုင်အောင် ခရီးသွားလုပ်ငန်းကဏ္ဍတွင် အရေးပါမှုကြီးမားသော Media တစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်အများစုမှာ Lonely Planet Guide Book စာအုပ်များ ကိုင်ဆောင်၍ ဝင်ရောက်လာသည်ကို မြင်တွေ့ဖူးပါသည်။


အစိုးရသစ် လက်ထက်ကာလမတိုင်မီအထိ ခရီးသွားလုပ်ငန်းအပေါ်တွင် အားပေးမှုနည်းပါးခြင်း၊ ချို့ယွင်းအားနည်းချက်များပြားမှုတို့အပေါ် အခြေခံ၍ ၎င်းမဂ္ဂဇင်း၏ တင်ပြချက်များမှာ မိမိတို့နိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူမပြုသည်သာမက အဟန့်အတားပင် ဖြစ်စေခဲ့ပါသည်။

ဆက်လက်၍ မြန်မာနိုင်ငံအား ထင်ရှားသည့် နိုင်ငံတကာ ခရီးသွားမီဒီယာဖြစ်သော Travel Trade Gazette (TTG) မှ ၂၀၁၅ ခုနှစ်အတွက် ချီးမြှင့်သည့်ဆုလည်း ရရှိခဲ့ပါသေးသည်။ Travel Trade Gazette (TTG) မှ ခရီးသွား လုပ်ငန်းကဏ္ဍအတွက် အင်္ဂလန်နှင့် အိုင်ယာလန်နိုင်ငံထုတ် နာမည်ကျော် TTG အပတ်စဉ်သတင်းစာထုတ်ဝေပါသည်။

TTG ၏ Outstanding Achievement

ရရှိရေး၊ သဘာဝသယံဇာတများနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းဆောင်ရွက်ရေး၊ ကွဲပြားသောယဉ်ကျေးမှုတို့ မျှဝေခံစားစေရေးတို့အတွက် တာဝန်သိသော ခရီးသွားလုပ်ငန်းအားဖြင့် ပံ့ပိုးပေးရမည်ဖြစ်သဖြင့် "တာဝန်သိ ခရီးသွားလုပ်ငန်းမူဝါဒ" ကိုလည်း ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ခရီးသွားကဏ္ဍကို အဓိက တာဝန်ယူဆောင်ရွက်နေရသည့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနအနေဖြင့် တက်ကုန်ဖွင့်၊ ရွက်စုံလွှင့်၍ ကြိုးပမ်းမှုရလဒ်အဖြစ် အိပ်ပျော်နေသော ခရီးသွားလုပ်ငန်းကာလနဂါးကြီးကို နိုးထစေခဲ့ပါပြီ။ ဆက်လက်၍ ခရီးသွားကဏ္ဍထာဝရတည်တံ့ခိုင်မြဲရေး အရှိန်အဟုန်မပျက် ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် နိုင်ငံတော်အစိုးရအဖွဲ့၏လမ်းညွှန်မှု၊ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် မိခင်ဝန်ကြီးဌာနနှင့်အတူ ဆက်စပ်ဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်သည့် (Public, Private, People, Partnership) ပုံစံဖြင့် ဆက်လက်ကြိုးပမ်း ဆောင်ရွက်မည်ဖြစ်သဖြင့် တည်ငြိမ်အေးချမ်းသော လေပြည်ဆောင်ယူမှုနှင့်အတူ ခရီးသွားပန်းရနံ့များ ဆက်လက်သင်းပျံ့နေဦးမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ ။



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ ''မန္တလေးမျဉ်းဖြောင့်များ''အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ ''မန္တလေးမျဉ်းဖြောင့်များ''ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစုကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ ''မန္တလေးမျဉ်းဖြောင့်များ'' အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay 'အမည်ဖြင့် ဆရာရေချမ်း(မန္တလေး) က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ ဒုတိယတွဲအဖြစ် '' ၄၅ တာ၊ ၁၄ခန်း ဇရပ်နှင့် ၇ သံချိုညချမ်း'' အမည်နှင့် ရတနာပုံစာအုပ်တိုက်က ၂၀၀၂ခုနှစ်တွင် ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော ''မန္တလေးမျဉ်းဖြောင့်များ''ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ်၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော '' ၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချိုညချမ်း'' ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*



# မိကျောင်းတံတားဇာတ်ဝင်ခန်း

**ဆူးငှက်**

***ယခင်အပတ်မှ အဆက်***

ကုန်းလိပ်ခွံက အခွံပေါ်ရှိ အကွက်များကား ကျွမ်းကျင်သည့် ဒီဇိုင်းဆရာရေးဆွဲထားသလို လှပသည်။ လိပ်ခွံသားက အဝါဘက်သန်းသောအရောင်မို့ ဆီဖြင့်အမြဲထိတွေ့ကာ ဆီဝနေသော လိပ်ခွံသည် အမြဲဝင်းလက်တောက်ပနေ၏။

ဆီခြင်မည်ဆိုလျှင် ဆီသည်မသည် လိပ်ခွံထဲသို့ ပုံးထဲမှဆီကို မှုတ်ကြီးဖြင့်ခပ်ကာ ထည့်လိုက်သည်။ ထို့နောက် ဝယ်သူအလိုရှိသော အလေးချိန်အရ ၁၀ သားတန်လျှင် ၁၀ သားမှုတ်၊ ငါးကျပ်သားတန်လျှင် ငါးကျပ်သားမှုတ်ဖြင့် မှုတ်ထဲသို့ လိပ်ခွံထဲကဆီကို လောင်းထည့်ကာ ခြင်တွယ်ခြင်းဖြစ်ပါသည်။

အခုတော့ထိုကဲ့သို့သော ခေါင်းရွက်ဗျပ်ထိုးဆီသည်များလည်း မရှိတော့. . .။

ထိုရပ်ကွက်ကလေးတွင် နေထိုင်ကြသူအားလုံးလိုလို မန္တလေးပေါက်များမဟုတ်ကြ။ မုံရွာနယ်၊ ဆားလင်းကြီးနယ်၊ ဘုတလင်နယ်များကဖြစ်ကြပါသည်။ အရင်က ထိုရပ်ကွက်လေးတည်ရှိရာ မြေများသည် ရပ်ကွက်လေးတောင်ဘက်ရှိ ပုဏ္ဏားအမျိုးသားများပိုင်သော မြေများဖြစ်သည်ဟု ပြောစမှတ်ပြုကြ၏။ အစကတော့မြေငှားပေ့ါ။ နောက်တော့အနေကြာလာသောအခါ ပုဏ္ဏားအမျိုးသားတို့ထံမှ မြေများကိုပိုင်းကာ ဝယ်ယူကြသည်။

မြေနှင့်ပတ်သက်၍ စကားစပ်ပြောရလျှင် ကျွန်တော့် ဘိုးဘွား၊ မိဘများသည်ကား မန္တလေးသို့ ရှေးဦးကတည်းက လုပ်ကိုင်စားသောက်ရန်ရောက်ရှိခဲ့သူများဖြစ်ကြသည်။ ရောက်စကတော့ မန္တလေးမှာ ခြောက်လ၊ ဇာတိရွာမှ ခြောက်လနေကြသတဲ့. . .။ စတင်ရောက်ကြတော့ ဒေါင်းရိုးရပ်ဟုခေါ်နေသော နေရာများမှာ လူနေအိမ်ခြေမရှိလှသေး. . .။ ကိုယ့်ဘာသာကိုယ် ခုတ်ထွင်ရှင်းလင်းဝင်းခတ်ကာ နေထိုင်ကြရသည်။ ကျွန်တော့် အဘိုးအဘွား၊ မိဘများက ကိုယ်ခဲ့ထွင်နေနိုင်လျှင် နေနိုင်သလောက် ကိုယ်ပိုင်မြေဖြစ်နိုင်ပါလျက် သူများဝင်းထဲ လွယ်လင့်တကူ အခန့်သင့်နေခဲ့ကြ၏။ နောင်သောအခါ မန္တလေးသို့ ကနဦးရောက်ခဲ့ကြသော အဘိုးအဘွား၊ မိဘတို့ မန္တလေးမှာ ကိုယ်ပိုင်မြေတစ်လက်မမျှပင် မပိုင်ဆိုင်ခဲ့ကြ. . .။ ယခုမန္တလေးမှာ မွေးဖွားခဲ့သော ကျွန်တော်တို့ လက်ထက်မှာပင် မြေတစ်လက်မမျှ မပိုင်ဆိုင်ခဲ့ကြ။

အသက်နှစ်ဆယ်အရွယ် အိမ်ထောင်ကျစမှာ မန္တလေးသို့ရောက်လာသည့် ကျွန်တော့်မိဘများသည် အသက် ခုနစ်ဆယ်နီးပါးအရွယ်ထိ နှစ်ငါးဆယ်နီးပါးမျှ ထိုရပ်ကွက်လေးမှာ နေထိုင်ခဲ့ကြပါသည်။ ဆီစက်ကြီးကို အမှီပြုကာ ခေါင်းရွက်ဗျပ်ထိုး အရပ်တကာဆီလှည့်ရောင်းပြီး ကျွန်တော်တို့ကို လူဖြစ်စေခဲ့ပါ၏။

ထိုရပ်ကွက်လေးတွင် ဆီသည်များရှိသလို ဆိုက်ကားနင်းသူများ၊ ဈေးချိုကိုင်းတန်းဈေး၊ ထီးတိုင်ဈေးများတွင် ပျံကျဈေးရောင်းသူများ၊ နွားလှည်းထောင်၊ မြင်းလှည်းထောင်သူများ၊ ပွဲရုံများတွင် ကြက်သွန်ပြာ၊ ဆန်ပြာအလုပ်ကို ဆန်ကောတစ်ချပ်စီဖြင့် အုပ်စုဖွဲ့လုပ်ကိုင်သူများ၊ ကောက်ညှင်းပေါင်း အကြော်ရောင်းသူများ အစုံရှိပါ၏။ အလွှာအနေဖြင့်မူ အောက်ခြေလက်လုပ်လက်စားအလွှာအများစုရှိပါသည်။ အညာကျေးလက်များမှ ပြောင်းရွှေ့လာသူများဖြစ်ကြသလို လက်လုပ်လက်စားများလည်းဖြစ်၊ အရံအတားမရှိ၊ ဝင်းထရံမရှိ၊ တန်းလျားလို အိမ်လေးများအခန်းလေးများမှာနေရတော့ သူ့ထမင်းအိုးကိုယ်နှိုက်၊ ကိုယ့်ထမင်းအိုး သူနှိုက်၊ ကိုယ့်အိပ်ရာသူဝင်၊ သူ့အိပ်ရာကိုယ်ဝင်နှင့် တစ်ရပ်ကွက်လုံး ကိုယ့်အိမ်ကိုယ့်ရာချည်းဖြစ်နေပါသည်။ မနက်မိုးမလင်းခင်က လုပ်ငန်းခွင်အသီးသီးသို့ထွက်ခွာကြရပြီး ညနေစောင်းမှ အိမ်ကပ်ရတာမို့ နေ့ခင်းနေ့လယ် တိတ်ဆိတ်ငြိမ်သက်သလောက် ညနေစောင်းလျှင် ရပ်ကွက်လေးမှာ လှုပ်ရှားသက်ဝင်ဆူညံလာတော့သည်။ သမဝါယမခွဲတမ်းရ ဖိလစ်ရေဒီယိုကိုတကြော်ကြော်ဖွင့်သူဖွင့်၊ မူးလာသည့် ယောကျ်ားကို တကြော်ကြော်ဆဲသူဆဲ၊ ဟီးဟီးဟားဟား ရယ်သူရယ် . . .၊ အော်သူအော် . . .၊ ငိုသူငို . . .၊ ငေါက်သူငေါက်၊ ရန်ဖြစ်သူဖြစ်၊ ညည်းတွားသူ ညည်းတွားနှင့် အနောက်နိုင်ငံများမှ ဂန္ထဝင်မြောက်ရုပ်ရှင် ကားကြီး၏ဇာတ်ပို့ဇာတ်ရံများလိုဇာတ်ညွှန်းအတိုင်း အကွက်စေ့စေ့ လှုပ်ရှားနေသည်နှင့် တူလှသည်။

ထင်းရှူးသေတ္တာရိုက်သူက သူ့စိတ်ကူးနှင့် လေလေး ချွန်ချွန်နှင့်ရွှေပေါ်ထိုး . . .။ သမဝါယမအသင်းတစ်သင်းမှ တာဝန်ခံစာရေးကြီးကလည်း ဟန်းဘားဘီးအိုကြီး တွန်းကာသီချင်းလေးညည်း။ ထီးတိုင်ဈေး ပျံကျတန်းမှာ ရောင်းသည့် ဈေးသည်အပျိုမကလည်း ရေချိုးရင်း သူ့စိတ်ကူးနှင့်သူ့သီချင်းနှင့် သဘောတွေ့မနောခွေ့သည်လိုသည်လို ကိုယ့်ဘဝကိုယ်ပျော်ရွှင်ကျေနပ်နေသူများလည်း ရပ်ကွက်ထဲမှာရှိပါသည်။ ထို့အတူ ညနေတိုင်းမူးပြီး တွေ့ကရာကော်ဆဲနေသူလည်းရှိမှာပေ့ါ။ မျက်နှာချင်းဆိုင်တာနဲ့ တကျက်ကျက်ရန်ဖြစ်နေသော လင်မယားလည်းရှိမှာပေ့ါ။ အိမ်ကလစ်တာနဲ့ အနည်းအများ လောင်းကစားဝိုင်းဆီရောက်နေလို့ အမြဲဆိုဆဲနေတဲ့ သားအမိလည်းရှိမှာပေ့ါ . . .။

ထိုသို့သော ရပ်ကွက်လေးထဲမှာ ငယ်ငယ်ကကျွန်တော်တို့ သူငယ်ချင်းတစ်တွေ ဇာတ်ကတမ်းကစားခဲ့ကြတာလည်း အမှတ်တရလွမ်းစရာလေးတွေ ဖြစ်ရပြန်ပါသည်။ အခုပြန်စဉ်းစားလိုက်တော့ ဇာတ်ကတမ်းကစားတာ ကျွန်တော်တို့တစ်တွေတင်မဟုတ်. . .။ မြောက်နားတန်းလျားဟု ကျွန်တော်တို့ခေါ်သော ဒေါ်မြမေတန်းလျားမှ အဘိုးကြီးအိုကျော်မင်းလည်း ဇာတ်ကတမ်းကစားပါသည်။

သူက ကျွန်တော်တို့ထက်သာတာက ခတ်ပြားထဲက ဇာတ်ထုပ်မျိုးစုံကိုအလွတ်ရသဖြင့် သူ့ဇာတ်ခုံလေးမှာက ဂန္ထဝင်ဇာတ်ထုပ်တွေကြားနိုင်ပါသည်။ မေဓာဝီတို့၊ မြစိမ်းတို့၊ လက်ဝဲသုန္ဒရတို့ခင်းနိုင်၏။ ကျွန်တော်တို့ဇာတ်ခုံမှာက မီးဆက်တင်အပြင်အဆင်သာသည်။ သူ့လိုဂန္ထဝင်ဇာတ်ကြီးတွေမရတော့ ကျွန်တော်တို့က ခေတ်ပေါ်ကိုယ်ပိုင်ပြဇာတ်တွေပဲ ပါးစပ်နှင့်ခင်းနိုင်၏။ သူကဂန္ထဝင်၊ ကျွန်တော်တို့က မော်ဒန်ဆိုကြပါစို့။

တကယ်တော့ ကျွန်တော်အခုလို စာလေးပေလေး မတောက်တစ်ခေါက်ရေးဖြစ်နေတာက ငယ်ငယ်က ဇာတ်ခုံလေးနှင့် သူငယ်ချင်းတစ်တွေ ပြောဇာတ်ကခဲ့ဖူးတာကြောင့် ဖြစ်ပါလိမ့်မည်။ ထိုကဲ့သို့ ဇာတ်ကခဲ့ကြသည့် အချိန်က မိကျောင်းတံတားသည် အခုလို လမ်းမသာသေး၊ လမ်းမီးကလည်းမရှိ၊ အသွားအလာကလည်းပြတ်တော့ ညနေစောင်းလျှင်ပင် မိကျောင်းတံတားပေါ် မသွားရဲတော့။

အရပ်ထဲမှာ မြက်တံမြတ်စည်းတွေပြုလုပ်သည့် လုပ်ငန်းလည်းရှိပါသည်။ ဖြတ်တောက်ထားသော တံမြက်စည်းရိုးတွေကို မိကျောင်းတံတားပေါ်မှာပင် စွန့်ပစ်ပေမယ့်နေဝင်လျှင် ဇာတ်ခုံလေးအတွက် အသုံးဝင်သော်လည်း သွားမယူဝံ့. . .။

ထိုအချိန်က အိမ်တော်ရာအနောက်ဘက်မှသည် ဟိုတောင်ဘက် ဥယျာဉ်တန်းအထိ မိကျောင်းတံတားလမ်းမသည် မည်းမှောင်ခြောက်ကပ်လျက်။ ဥယျာဉ်တန်းလောက်ရောက်မှ တောအရက်ဆိုင်လေးတွေ့၏။ ရေနံဆီမီးခွက် အလင်းရောင်လက်လက်နှင့် လူစသူစမြင်ရတော့သည်။

“ရပ်ကွက်လူထုကြီးခင်ဗျား. . . ရပ်ကွက်လူထုကြီးခင်ဗျား နွေရာသီကျရောက်လာပြီဖြစ်တဲ့အတွက် မီးကိုအထူးဂရုပြုသုံးစွဲကြပါရန် မေတ္တာရပ်ခံအပ်ပါသည် ခင်ဗျား . . . မီးဖိုမီး၊ ဖယောင်းတိုင်မီး၊ မှန်အိမ်မီးများကို အထူးဂရုပြု ထွန်းညှိကြပါရန် ပန်ကြားအပ်ပါသည် ခင်ဗျား”

နွေဦးပေါက်လာတိုင်း မိကျောင်းတံတားဘေးက ရပ်ကွက်လေးမှာ ညစဉ်ကြားရသည့် ဆော်သြသံဖြစ်ပါသည်။ ထိုဆော်သြက တာဝန်ရှိရပ်ကွက်လူကြီးလည်း မဟုတ်၊ မီးသတ်သမားလည်းမဟုတ်။ ဆယ်အိမ်ခေါင်းလည်းမဟုတ်၊ (ထိုခေတ်အခေါ်) ရ. လ. က လူကြီးလည်းမဟုတ်။ ရပ်ကွက်ထဲမှ စေတနာ့ဝန်ထမ်း လူကြီးတစ်ဦးပဲ ဖြစ်ပါသည်။ သူသည် နွေအခါရောက်လာတိုင်း သွပ်ပြား အော်လန်ကတော့ကြီးကိုကိုင်ကာ ရပ်ကွက်အနှံ့၊ အိမ်ကြိုအိမ်ကြားအထိ လှည့်လည်ဆော်သြလေ့ရှိပါ၏။ နွေရာသီတွင်ဟုတ်ရိုးလား။ မိုး၊ ဆောင်းရောက်သော်လည်း ရာသီဥတုဖောက်ပြန်ကာ လေမုန်တိုင်း တိုက်ခတ်မည့် အရိပ်အယောင်မြင်လျှင်လည်း ထိုအော်လန်ကြီးဖြင့် လှည့်လည်အော်ဟစ်သတိပေးတတ်ပါသည်။

ထိုသို့သတိပေးမှုကြောင့်ရော. . .၊ရပ်ကွက်လူထု၏ဂရုစိုက်မှုကြောင့်ရော . . . အကယ်၍ မီးထင်းကိစ္စကြုံပြန်လျှင်လည်း ရပ်ကွက်သားတွေ ညီညွတ်မှုကြောင့် ဤမျှ အိမ်ခြေပွတ်ကပ်ညှပ်ပြီး လျှပ်စစ်မီးမရှိဘဲ အိမ်တိုင်းစေ့ရေနံဆီမီးခွက်လေးများနှင့်ဖြစ်သော်လည်း မီးဘေးကိစ္စအကြီးအကျယ်မကြုံဖူးသော ရပ်ကွက်ကလေးဖြစ်ပါသည်။ မကြုံပါစေနှင့်ဟုလည်း ဆုတောင်းမိပါသည်။

ကျွန်တော်တို့ ငယ်ငယ်ကတော့ ထိုသို့ မီးကိုဂရုစိုက်ဖို့ ဆော်သြသည့် စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်ကြီးကို ကလေးပီပီ အလေးအနက်မထားလှဘဲ “သူက မီးဂရုစိုက်ဖို့ ပြောမှာပေ့ါ။ ရပ်ကွက်ထဲမှာ သူ့အိမ်ကြီးကအကောင်းဆုံးမဟုတ်လား” ဟု နောက်ပြောင် စကားပြောခဲ့ဖူးပါသည်။ သို့သော် မဟုတ်ပါ။ ရပ်ကွက်အပေါ် စေတနာထားလွန်း၍ အပင်ပန်းခံကာ ဆော်သြခြင်းဖြစ်ပါ၏။ တတ်နိုင်သူကတတ်နိုင်သလို ရပ်ကွက်အပေါ် စေတနာထားကြသလို၊ မတတ်နိုင်သော်လည်း တတ်နိုင်သည့်ဘက်မှ ရပ်ကွက်အကျိုးဆောင်ရွက်သူကိုလည်း ထိုရပ်ကွက်လေးမှာ တွေ့ရပါ၏။

ထိုအဒေါ်ကြီးက ဆင်းရဲပါသည်။ သို့သော်ရပ်ကွက်ထဲမှာ နာရေးကိစ္စကြုံလေတိုင်း ရုပ်ကလာပ်ကို ရေမိုးချိုးပေး၊ ပြင်ဆင်ပေးတာ၊ နာရေးဆိုင်ရာ မိရိုးဖလာကိစ္စဆောင်ရွက်ပေးတာ၊ ရက်လည်သည်အထိ ကိုယ်ဖိရင်ဖိဆောင်ရွက်ပေးတတ်ပါ၏။ နာရေးရှင်က ထိုအဒေါ်ကြီးကို အခကြေးငွေပေးသော်လည်း လက်မခံ. . .။ နာရေးရှင် တည်ခင်းသော ဆေးပေ့ါလိပ်လေးဖွာတာ၊ လက်ဖက်တစ်ရိုးဝါးတာလောက်ပဲရှိပါသည်။ ထို အဒေါ်ကြီး အဆုတ်ရောဂါဖြင့် ဆေးရုံတက်ရသောအခါ ယခုလို အဆုတ်ရောဂါကုဆေးရုံ သီးခြားမရှိသောကြောင့် ဆေးရုံမှာနေရာတကျ အကုသမခံရဘဲ ဆုံးပါးသွားခဲ့သည်။ သူ့အကြောင်းကို ဆရာဝန်တစ်ဦးက ဟံသာဝတီသတင်းစာတွင် ဆောင်းပါးတစ်ပုဒ်ရေးသားခဲ့ဖူးပါ၏။ သူဆုံးပါးသွားသော်လည်း သူ့လုပ်ငန်းကို သမီးဖြစ်သူက ဆက်လက်လုပ်ကိုင်ကာ ကုသိုလ်ယူပါသည်။

ရပ်ကွက်ကလေးတွင် ဤသို့သော စံပြုနမူနာယူဖွယ်ပုဂ္ဂိုလ်များလည်းရှိခဲ့ပါသည်။ မြန်မာ့စိတ်ရင်းဖြင့် မြန်မာ့လူနေမှုစရိုက်များကို မိကျောင်းတံတားပေါ်မှတစ်ဆင့် ရပ်ကွက်လေးကိုမြင်တိုင်း သတိရလွမ်းဆွတ်နေမိသည်။

ထိုရပ်ကွက်လေးမှ ကျွန်တော်တို့သည် ၁၉၈၃ ခုနှစ်လောက်က စွန့်ခွာခဲ့ကြပါသည်။ စွန့်ခွာစနှစ်များကတော့ အိမ်တော်ရာဘုရားပွဲမို့ ရပ်ကွက်လေးထဲမှာ သာရေးနာရေး၊ ဘုရားပွဲလည်းရှိလည်းရှိလို့မို့ သွားရောက်ကာ အဆက်အသွယ်မပြတ်ဖြစ်နေပါသေး၏။ သည်လိုနှင့် တစ်နှစ်. . .၊ နှစ်နှစ်၊ သုံးလေးနှစ်ကြာတော့ ရပ်ကွက်လေးဆီ မရောက်ဖြစ်တော့။

ဆယ်နှစ်နီးပါးကြာမှ ရပ်ကွက်လေးဆီ အလည်အပတ်ရောက်တော့ အရင်ကလို မိကျောင်းတံတားမှ အောက်သို့ အနက်ကြီးဆင်းစရာမလိုတော့ . . .။ အရင်ကလို မိကျောင်းတံတားအောက်မှာ ကပ်မိုးကပ်ကာ တဲကလေးတွေငုပ်လျှိုးနေပြီး မီးခိုးတအူအူနှင့် ရပ်ကွက်လေးမဟုတ်တော့. . .။ မိကျောင်းတံတားကို မေးတင်ပြီး ပျဉ်ထောင်အိမ်ကြီးတွေ၊ နံကပ်တိုက်တွေ၊ အုတ်တံတိုင်းခတ်ဝင်းတွေ ဖြစ်ကုန်ပါပကော။ တံမြက်စည်းရိုးတံ အမှိုက်တွေစွန့်ပစ်ရာ မိကျောင်းတံတားပေါ်မှာ မှောင်မည်းမည်းနေရာမှာ လက်ဖက်ရည်ဆိုင်တစ်ဆိုင်

*စာမျက်နှာ ၁၇ သို့*

စာမျက်နှာ ၁၆မှ
မီးကထိန်ထိန်၊ ကက်ဆက်သံတညံညံ. . . အရင်က လှည်းထောင်အိမ် နေရာမှာလည်း ထော်လာဂျီအင်ဂျင်စက်သံ တဒုန်းဒုန်း. . . . ထမင်းဆိုင်တွေ. . .၊ ကျူရှင်ဆိုင်းဘုတ်တွေ. . . . ပြီးတော့ သစ်ပင် ရိပ်မှာ ခုံပုလေးတွေနှင့် ဝင်းကျယ်ကြီးထဲက အအေးဆိုင်. . .။

ရပ်ကွက်လေးထဲမှာလည်း ဗီဒီယိုရုံနှင့်. . .၊ ငါးပိငါးခြောက် အိတ်ကြီးတွေနှင့် ငှက်ပျောပွဲရုံနှင့်. . .။

အများစုက အရင်လူဟောင်းများချည်းမို့ ဝမ်းသာစရာကောင်းပါ၏။ ရပ်ကွက်ထဲက ကလေးတွေလည်း ကျွန်တော်တို့ငယ်ငယ်ကလို ဇာတ်စင်လေးဆောက်ကာ အရုပ်ပြဇာတ်မကကြတော့. . .။ အိမ်တော်ရာပွဲ၌ ကိုယ်တိုင်ဂီတာတီးကာ စင်ပေါ်တက် စတိတ်ရှိုးဆိုနေကြပါပြီ။

အရင်ကလိုနွေရောက်လျှင်မီးဘေးဆော်သြမည့်သူ. . .။နာရေးဆိုလျှင် အစအဆုံးဆောင်ရွက်ပေးမည့်သူတွေ ရှိလေဦးမလားတော့မသိ။

မိကျောင်းတံတား၏ အနောက်ဘက်ခြမ်းတွင် ရပ်ကွက်လေးနှင့်မျက်နှာချင်းဆိုင်၌ အနောက်ထီးလင်းတိုက်ရှိသည်။ အနောက်ထီးလင်းတိုက်၏အုတ်တံတိုင်းက မိကျောင်းတံတားပေါ်ထိကာရံထား၏။ အနောက်ထီးလင်းတိုက်သည် မိကျောင်းတံတားပေါ်တွင် တောင်ဘက် ၂၉ လမ်း၌ဆုံးပါသည်။ ၂၉ လမ်းသည်လည်း အနောက်ခြမ်းမှာ မိကျောင်းတံတား၌ဆုံးပါသည်။ အနောက်ထီးလင်းတိုက် အုတ်တံတားဆုံးတော့ တောင်ဘက်ကပ်လျက်မှာ ဓမ္မာရုံဟောင်းနေရာတစ်ခုရှိသည်။ အရင်က ဓမ္မာရုံဟောင်းမှာ အရှေ့ဘက်မိကျောင်းတံတားနှင့် ကပ်လျက် ကျောက်ဆင်းတု တစ်ဆူရှိသည်။ ဓမ္မာရုံဟောင်းမှာ အောက်ခံအုတ်ခုံရှိ ပြီး အကာအမိုးမရှိတော့. . .။ ရုပ်ပွားတော်ဆင်းတုမှာတော့ အုတ်ပလ္လင်ပါ၏။ တစ်ခါတစ်ရံ ရုပ်ပွားတော်ရှေ့တွင် စဉ့်ညောင်ရေအိုးလေး၌ လတ်လတ်ဆတ်ဆတ် ဘုရားပန်းများထိုးကာ ပူဇော်ထားတတ်ပါသည်။

မိကျောင်းတံတား၏ လက်ဟောင်းမူလ အုတ်လက်ရန်းကြီးများ၊ ခန်းဖွဲ့တိုင်ကြီးများကို ထိုနေရာများတွင်ယခင်ကမြင်တွေ့ရသေးသည်။ လေး၊ ငါးခန်းစာမျှ ရှိမည်ထင်၏။

အခုတော့ ထိုနေရာများမှာ မိကျောင်းတံတားကိုမေးတင်ပြီး ဆောက်လုပ်ထားကြသော ပွဲရုံကြီးများ အလျှိုလျှိုပေါ်လာပြီး အုတ်တံတားကြီး၏အစအနများ ပျောက်ကွယ်သွားတော့၏။ ဤပွဲရုံကြီးများကတံတားအရှေ့ဘက်ခြမ်းမှာရှိ၏။ တံတားအနောက်ဘက်ခြမ်းမှာရော ဘာထူးမလဲ. . .။ ယခင်ကမြင်တွေ့ခဲ့ရသော အုတ်လက်ရန်းကြီးများနေရာတွင် မျက်နှာဖွင့်အိမ်ဈေးဆိုင်များ ဖြစ်ကုန်တော့သည်။ အရှေ့ဘက်ခြမ်းက ဒေါင်းရိုးပုဏ္ဏားစုဟုခေါ်ပါ၏။ မြန်မာမင်းများလက်ထက်ကတည်းက မန္တလေးမှာ ပုဏ္ဏားရွာများရှိခဲ့ပါသည်။ ဗောဓိကုန်း၊ ဒေါင်းရိုး၊ သမီးတော်ဈေး၊ မင်းတဲအီကင်းရပ်များတွင် နေရာချထားခဲ့သည်။ မိကျောင်းတံတား၏ အနောက်ဘက်ခြမ်းကိုတော့ ဥယျာဉ်တန်းဟု ခေါ်၏။

ယခင်က ထိုနေရာမိကျောင်းတံတားသည် လူသူပြတ်လပ်၊ ကားလမ်းပေါ်၌ အလုပ်သိမ်းပြန် နွားလှည်းသာရှိသော်လည်း အခုတော့ ထိုနေရာသည် ၂၉ လမ်းမှတစ်ဆင့် ဝင်လာသော ဈေးကား၊ ကုန်ကား၊ ဘတ်စ်ကား၊ ခေါက်တိုကား၊ ဥယျာဉ်တန်းလမ်းမှတစ်ဆင့် ဈေးသို့သွားမည့်ကား၊ မြင်းလှည်း၊ ထော်လာဂျီ၊ လက်တွန်းလှည်း၊ ဆိုင်ကယ်. . . အမြဲမပြတ် ကျပ်ညပ်နေတော့၏။ သည်ကြားထဲ သကြ်န်သီချင်း တကြော်ကြော်နှင့် ထီလှည်းတွေလည်းပါသေးသည်။ ယခင်ကလက်လုပ်လက်စားအများစုသာရှိသော ဥယျာဉ်တန်းရပ်ကလည်း ပွဲရုံကြီးတွေဖြစ်ကုန်ပြီ။ မိကျောင်းတံတားပေါ်မှာလည်း ထမင်းဆိုင်၊ အထည်ဟောင်းဆိုင်၊ ကွမ်းယာဆိုင်၊ အအေးဆိုင်၊ လိုင်စင်ရအရက်ဆိုင်၊ ဆံပင်ညှပ်ဆိုင်၊ ပွဲရုံ၊ အမှုန့်ကြိတ်စက်၊ ရွှေပန်းတိမ်၊ အသုပ်စုံဆိုင်စသည်ဖြင့် ဈေးတန်းကလေးဖြစ်နေတော့၏။

ပွဲရုံများနှင့်လည်းနီး၊ ကုန်တင်ကုန်ချ၊ လှည်းဆွဲအလုပ်သမားတွေနှင့်လည်းနီးတော့ ထမင်းဆိုင်၊ အရက်ဆိုင်တွေမှာ လူစည်နေတော့သည်။

“ညီလေး. . . . လာပါကွာ၊ အစ်ကိုပြောတာနားထောင်ပါ ညီလေး၊ အေးအေးဆေးဆေး အိမ်လိုက်ခဲ့ပါကွာ. . .”

“တော်စမ်းပါဗျာ. . .၊ ခင်ဗျားဟာ ကျုပ်အစ်ကိုလည်းမဟုတ်ဘူး။ ကျုပ်ကတစ်ကောင်ကြွက်ဗျ. . .၊ကျုပ်ဘဝနဲ့ကျုပ်ရှိပါစေတော့ဗျာ. . .၊ ကျုပ်လုပ်ခဲ့သမျှလည်း မှန်တယ်။ ကျုပ်ဘဝမှာ သစ္စာအရှိဆုံးအဖော်က အစ်ကိုလည်းမဟုတ်ဘူး။ အစ်မလည်းမဟုတ်ဘူး။ ဘယ်သူငယ်ချင်းမှလည်းမဟုတ်ဘူး”

“ညီလေး စဉ်းစဉ်းစားစားလုပ်ပါကွာ. . .၊မင်း ဒီလိုနေတာကြည့်ပြီး အမေကလည်း စိတ်ဆင်းရဲလှပြီ။ အစ်ကို့မှာလည်း ညီလေးအတွက် အလုပ်ပျက်လှပြီ။ အိမ်ကိုပြန်ခဲ့ . . . . ဟုတ်လား၊ လာပါကွာလာပါ. . .”

“ဟာ. . . . ပြောလေကဲလေပါလားဗျ. . . ခင်ဗျားရှေ့မတိုးနဲ့နော်၊ ဟောဒီမှာ ကျုပ်လက်ထဲမှာပုလင်း. . . ကျုပ်ရဲ့ အကောင်းဆုံးအဖော်က ဟောဒီပုလင်းထဲက အရက်ပဲဗျာ. . . . . ဟား ဟား ဟား ဟား. . . သောက်မယ်။ မူးအောင်သောက်မယ်၊ မေ့အောင်သောက်မယ်၊ ခင်ဗျားပြန်ဗျာ၊ ကျုပ်ဟောဒီပုလင်းထဲက အရက်တွေ ကုန်အောင်သောက်ဦးမယ်. . . .၊ အေ့ ထွီ. . .”

“တောက်. . . . မိုက်တွင်းနက်တဲ့ကောင်၊ ကဲကွာ. . . ကဲကွာ”

“အား. . .”

တကယ်တော့ ထိုအဖြစ်အပျက်က ငယ်ငယ်က ဇာတ်ခုံလေးမှာ အရုပ်လေးတွေနှင့် ကပြခဲ့သည့်ပြဇာတ်မဟုတ်. . .။ မိကျောင်းတံတားလမ်းပေါ်မှ ညမှောင်မှောင်တွင်ဖြစ်ပျက်နေသော တကယ့်ဇာတ်ဝင်ခန်းဖြစ်ပါသည်။ သည်လိုဇာတ်ဝင်ခန်းမျိုး၊ ဇာတ်လမ်းမျိုးကို မိကျောင်းတံတားပေါ်မှာ ကပြနေကြတာ နှစ်ချီကြာပါပြီ။ ဇာတ်ကောင်သာပြောင်းသွားမည်။ ဇာတ်လမ်းကတော့ သည်ဇာတ်လမ်း. . .။

***(၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချီညချမ်း အခန်းဆက်ဆောင်းပါးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)***

# မုံရွာမြို့ ရွှေစည်းခုံဘုရားကြီး မသိုးသင်္ကန်းရက်ပြိုင်ပွဲ ပထမဆု ကျပ် ၃ သိန်း ချီးမြှင့်မည်

**မုံရွာ နိုဝင်ဘာ ၁၇**

မုံရွာမြို့ရှိ သမိုင်းဝင်ရွှေစည်းခုံဘုရားကြီးတွင် တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့ (နိုဝင်ဘာ ၂၅ ရက်နေ့) ည၌ ကျင်းပမည့် မသိုးသင်္ကန်းရက်ပြိုင်ပွဲတွင် ပထမဆု ငွေကျပ် သုံးသိန်းအထိ ချီးမြှင့်သွားမည်ဖြစ်ကြောင်း ဘုရားဂေါပကအဖွဲ့ဝင်တစ်ဦးက ပြောသည်။

“ပထမဆုအနေနဲ့ သုံးသိန်းကျပ်၊ ဒုတိယဆုကို ကျပ်နှစ်သိန်း၊ တတိယဆုက တစ်သိန်းခွဲ နှစ်သိမ့်ဆု နှစ်ဆုကို ငွေကျပ် ရှစ်သောင်းနှုန်းနဲ့ ချီးမြှင့်သွားမှာပါ။ ယခင်နှစ် (၁၅) ကြိမ်မြောက် ပြိုင်ပွဲတုံးက ပထမဆုကို မဏီစန္ဒာစင် (ဒါန်းပဲတဲကျေးရွာ)၊ ဒုတိယဆုကို ဝဏ္ဏပါဘာစင် (ခိုးသန်းကျေးရွာ)၊ တတိယဆုကို ဒေဝစ္ဆရာစင် (တုံ-ထန်းတောကြီး ကျေးရွာ)တို့က ရရှိခဲ့ပါတယ်”ဟု ရွှေစည်းခုံ ဂေါပကအဖွဲ့မှတာဝန်ရှိသူတစ်ဦးကပြောသည်။

ယနေ့အထိ ပြိုင်ပွဲဝင်ရန် စာရင်းပေးထားသော အသင်း ၁၀ သင်းရှိသွားပြီဖြစ်ကာ ပြိုင်ပွဲဝင်အသင်းများသည် နိုဝင်ဘာ ၁၉ ရက်တွင် မဲစနစ်ဖြင့်ရွေးပြီး ပြိုင်ကြရမည်ဖြစ်သည်။ ထို့နောက် နိုဝင်ဘာ ၂၃ ရက်နေ့နှင့် ၂၅ ရက် မွန်းတည့် ၁၂ နာရီအထိ လေ့ကျင့်ခွင့်ရရှိကြမည်ဖြစ်သည်။



ယမန်နှစ်ကလည်း မုံရွာရှိ ရွှေစည်းခုံစေတီတော်မြတ်ကြီးတွင် မသိုးသင်္ကန်းကပ်လှူပွဲကြီးကို ကျင်းပခဲ့သည်။

(၁၆)ကြိမ်မြောက်ဖြစ်သည့် ယခုနှစ် မသိုးသင်္ကန်းကပ်လှူပြိုင်ပွဲတွင်လည်း မုံရွာမြို့နယ်အတွင်းမှ ရက်ကန်းလုပ်ငန်းများ အများဆုံးလုပ်ကိုင်သော ခိုးသန်း၊ ဒါန်းပဲတဲကျေးရွာနှင့် ဆားလင်းကြီးမြို့နယ်အတွင်းမှ တုံ-ထန်းတောကြီးကျေးရွာတို့မှ အများဆုံးလာရောက်ယှဉ်ပြိုင်ကြမည် ဖြစ်ကြောင်းနှင့် မဏီစန္ဒာရက်ကန်းစင်၊ သူရိယဝစ္ဆရာရက်ကန်းစင်၊ ဒေဝစ္ဆရာရက်ကန်းစင်၊ ဝဏ္ဏပါဘာ ရက်ကန်းစင်၊ ဓာတုကလျာ ရက်ကန်းစင် ငါးစင်ဖြင့် ပြိုင်ပွဲကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**

# ပြင်ဦးလွင်တန်ဆောင်တိုင်ပွဲ ရိုးရာလက်ဝှေ့ ယှဉ်ပြိုင်မည်

**မန္တလေး နိုဝင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့တွင် တန်ဆောင်ပွဲတော်ကြီး နှစ်စဉ်စည်ကားစွာကျင်းပလျက်ရှိရာ အဆိုပါပွဲတော်တွင် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများ ထည့်သွင်းကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူး၍ မန္တလေး အောင်သမာဓိ စိန်ရွှေရတနာဆိုင်၏ အဓိကကူညီပံ့ပိုးပြီး ဆရာဒဿစီစဉ်သည့် မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကြီးကို နိုဝင်ဘာ ၂၃ ရက်နှင့် ၂၄ ရက် မွန်းလွဲ ၂ နာရီတွင် ပြင်ဦးလွင်မြို့ တန်ဆောင်တိုင်ပွဲတော် ဝင်းတွင် ကျင်းပမည်ဖြစ်သည်။ မြန်မာ့ရိုးရာလက်ဝှေ့သုံးချီပွဲ၊ လေးချီပွဲ၊ ငါးချီပွဲ တစ်နေ့လျှင် တွဲဆိုင်း ၁၀ ဆိုင်းကျင်းပမည်ဟု ပွဲစီစဉ်သူဆရာဒဿက ပြောသည်။

ထိုးသတ်မည့်တွဲဆိုင်းအချို့ကို ဖော်ပြရလျှင် ရွှေခါးပတ်ချန်ပီယံ စောဖြိုးဝေ(အဖြူရောင်သွေးသစ်)နှင့် ဗထူးမောင် (ရတနာပုံ)၊ကြယ်မင်း (အဖြူရောင်သွေးသစ်) နှင့်စိုးမောင်ဦး (ရတနာပုံ)၊၁၂ တောင်ကျား (ကျားဖြူ) နှင့်တာရာအောင် (ဗထူးမြန်မာ့သိုင်း)၊ 5K(ကျားဖြူ) နှင့် မိုက်လက်သီး (မတ္တရာ)၊ မဲကြီး (မြဇမ္ဗူကလပ်)နှင့် အားမာန်(စဥ့်ကိုင်)တို့ တွဲဆိုင်းများအပြင် အောက်မြန်မာပြည်၊ အထက်မြန်မာပြည်လက်ဝှေ့ကျော်အများအပြားပါဝင် ထိုးသတ်မည်ဖြစ်ပြီး ရုံဝင်ကြေးမှာ ငွေကျပ် ၃၀၀၀ ဟု သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

# လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူအသုံးပြုသူများပြားလာ

**ကောလင်း နိုဝင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်နှင့် ဝန်းသိုမြို့နယ်အတွင်း၌ လယ်ယာလုပ်ငန်းခွင်များတွင် အလုပ်သမား ရှားပါးလာမှုများကြောင့် အခက်အခဲများနှင့် ကြုံလာကြသည့်အတွက် လယ်ယာသုံး စက်ပစ္စည်းကိရိယာ၊ လယ်ထွန်စက်အမျိုးမျိုး၊ စပါးရိတ်စက်၊ စပါးခြွေလှေ့စက်အမျိုးမျိုးကို ဝယ်ယူအသုံးပြု အငှားလိုက်သူ များပြားလျက်ရှိကြောင်း သိရသည်။

“ကျွန်တော်တို့ နယ်ကလူငယ်အတော်များများက ဒေသမှာရှိတဲ့ လယ်ယာလုပ်ငန်းကို စွန့်ခွာပြီး ဝင်ငွေပိုမိုရတဲ့ အထက်ပိုင်း၊ ဖားကန့်ဘက်ကို သွားရောက် အလုပ်လုပ်တာများတယ်။ အမျိုးသမီးတွေကလည်း ငွေပိုရတဲ့ ပြည်တွင်းက မြို့ရွာတွေမှာ အလုပ်လုပ်ကြတော့ လယ်ယာလုပ်ငန်းခွင်မှာ အလုပ်သမားရှားပါးမှုက တစ်နှစ်ထက်တစ်နှစ် ကြီးထွားလာတယ်။ အခု စပါးရိတ်ချိန်ဖြစ်တော့ လုပ်သားတွေ ပိုလိုအပ်လာတယ်။ မိုးစပါးအပြီး နောက်တစ်သီးကလည်း ရာသီအမီ စိုက်နိုင်ဖို့က ပိုအရေးကြီးပါတယ်။ ဒါကြောင့် စက်ကိရိယာတွေ လိုအပ်လာတယ်။ အဲဒီလိုအပ်ချက်တွေအတွက် SIF- ANG တစ်လုံးထိုး ရိတ်သိမ်းခြွေလှေ့စက်ကို ငွေကျပ် ၇၅ သိန်း ပေးဝယ်ထားပါတယ်။ ကိုယ်တိုင်လည်းသုံး၊ အငှားလည်း လိုက်ပါတယ်။ အငှားလိုက်တဲ့နှုန်းကတော့ တစ်ဧက ငွေကျပ် ၃၅၀၀၀ ဖြစ်ပါတယ်”ဟု သပြေသာကျေးရွာနေ ဦးတင်းပြုံးက ပြောပြသည်။



ထို့ပြင် အဆိုပါဒေသများတွင် ရိတ်သိမ်းခြွေလှေ့စက်များကိုသာမက ထယ်ထိုးရန် ထွန်စက်များကိုပါ အသုံးပြုလျက်ရှိကြောင်း သိရသည်။

ထွန်စက် အငှားလိုက်သူများသည် တစ်ဧက ထယ်ထိုးနှုန်း ငွေကျပ် ၂၅၀၀၀ နှင့် မြေမှုန့်ဆူးလုံးမွှေခ တစ်ဧက ငွေကျပ် ၁၅၀၀၀ ဖြင့် အငှားလိုက်ကြောင်း သိရသည်။ **မြင့်ထွန်းမင်း(ကောလင်း)**

## အပေါ့စားရေစုပ်စက်နှစ်လုံး လွှဲပြောင်းပေးအပ်

**ကောလင်း နိုဝင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် ထောက်ပံ့ပေးအပ်သော ကောလင်းမြို့နယ် တောင်ပုံအုပ်စု၊ တောင်ပုံကျေးရွာနှင့် ကျောက်တန်းအုပ်စု ကျောက်တန်းကျေးရွာတို့ကို အပေါ့စားရေစုပ်စက်နှစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲကို နိုဝင်ဘာ ၁၆ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဇာတိမာန်ခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရဲမြတ်တင့်က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဌေးမြင့်က အပေါ့စားရေစုပ်စက်များ ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် သက်ဆိုင်ရာတာဝန်ရှိသူများက ကျေးရွာအုပ်ချုပ်ရေး မှူးများအား အပေါ့စားရေစုပ်စက်တစ်စုံစီ လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။

**အောင်ကျော်စိုး(ကောလင်း)**

# အခြေခံကောင်းများနှင့် ဖွံ့ဖြိုးတိုးတက်လာသည့် ဂန့်ဂေါခရိုင်

**ဂန့်ဂေါ နိုဝင်ဘာ ၁၇**



ယောဒေသဟု ခေါ်ဆိုကြသည့် မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင်သည် နှစ်ကာလများစွာ လမ်းပန်းဆက်သွယ်ရေး သွားလာမှုခက်ခဲပြီး ဂန့်ဂေါမှ မန္တလေး၊ပခုက္ကူ ကလေး၊ ဟားခါးစသည့် မြို့များသို့ သွားလာရာတွင် လမ်းခရီး၌ တစ်ည၊ နှစ်ည အိပ်ပြီးမှ လိုရာခရီးသို့ ရောက်ခဲ့ရသည်ဟုဆိုသည်။

ယခုအခါ ဂန့်ဂေါခရိုင်သည် လမ်းပန်းဆက်သွယ် သွားလာရေးကောင်းမွန်လာပြီး ဂန့်ဂေါမှ မန္တလေး၊ ပခုက္ကူ ကလေး၊ ဟားခါး စသည့် မြို့များသို့ ကူးသန်းသွားလာကြရာတွင် လမ်းခရီး၌ ညမအိပ်ရတော့ဘဲ လိုရာခရီးသို့ နေ့ချင်းရောက်ရှိနိုင်ပြီဖြစ်သည်။ ခရိုင်အတွင်းရှိမြို့များကို ဆက်သွယ်ရာလမ်းများသည်လည်း ကျောက်ကြမ်းလမ်းများအဖြစ်မှ ကတ္တရာလမ်းများအဖြစ်သို့ ပြောင်းလဲခဲ့ပြီး ကျေးလက်လမ်းများ အဆင်ပြေချောမွေ့လျက်ရှိသည်။

“ဒီလို လမ်းပန်းဆက်သွယ်ရေးတွေ ကောင်းမွန်လာဖို့ဆိုတာ ကျွန်တော်တို့ ဒေသခံတွေအနေနဲ့ မမျှော်လင့်ရဲခဲ့တဲ့ အရာတစ်ခုပါ” ဟု ဒေသခံ အမျိုးသားတစ်ဦးက ပြောကြားသည်။

မကြာသေးမီကာလကမှ ဂန့်ဂေါမြို့သို့ မဟာဓာတ်အားလိုင်းစနစ်ဖြင့် လျှပ်စစ်ဓာတ်အား ရောက်ရှိလာခဲ့သည်။ ယခုအခါ ဂန့်ဂေါမြို့ပေါ်ရပ်ကွက်များတွင်သာမက ကျေးရွာအချို့မှာပင် လျှပ်စစ်မီးထိန်ထိန်လင်းနေပြီဖြစ်သည်။ ထို့ပြင် ဂန့်ဂေါခရိုင်အတွင်းရှိ ထီးလင်း၊ ကျောက်ထုဆော စသည့် မြို့များသည်လည်း မကြာမီကာလတွင် မဟာဓာတ်အားလိုင်းစနစ်ဖြင့် မီးလင်းနိုင်ရန် ဓာတ်အားလိုင်းများ သွယ်တန်း ချိတ်ဆက်နေပြီဖြစ်သည်။

“ဒီလို ဝေးလံခေါင်ဖျားဒေသ ဂန့်ဂေါမြို့နယ်အထိ လျှပ်စစ်မီး ရောက်ရှိလာတယ်ဆိုတော့ အံ့ဩမိတာတော့ အမှန်ပါပဲ” ဟု ဒေသခံ ဦးသန်းနိုင်ထွန်းက ပြောသည်။

ဂန့်ဂေါမြို့နယ်သည် မဟာဓာတ်အားလိုင်းစနစ်ဖြင့် ၂၄ နာရီ လျှပ်စစ်မီးလင်းသော မြို့နယ်ဖြစ်နေပြီဖြစ်ပြီး မကြာမီကာလ၌ ခရိုင်အတွင်းရှိ ထီးလင်း၊ ကျောက်ထုဆောမြို့များသည် ၂၄ နာရီ လျှပ်စစ်မီး လင်းတော့မည်ဖြစ်သည်။ တယ်လီဖုန်း၊ အင်တာနက်ဆက်သွယ်ရေးသည်လည်း ကောင်းမွန်နေပြီဖြစ်ရာ ဒေသဖွံ့ဖြိုးရန် အခြေခံကောင်းများ ဖြစ်ထွန်းပေါ်ပေါက်နေပြီဖြစ်သော ဂန့်ဂေါခရိုင်သည် မကြာမီကာလ၌ ဒေသခံများ၏ ကြိုးစားအားထုတ်မှု၊ နိုင်ငံတော်၏ ကူညီထောက်ပံ့မှုများကြောင့် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာတော့မည်မှာ ဧကန်မုချပင်ဖြစ်သည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**



## ပုတီးကုန်းမြို့၌ ထရန်စဖော်မာတစ်လုံးတိုးချဲ့တပ်ဆင်

**သဲကုန်း နိုဝင်ဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် ပုတီးကုန်းမြို့၌ ၃၃/၁၁ကေဗွီ၊ ၁၂၅၀ ကေဗွီအေထရန်စဖော်မာတစ်လုံးကို နိုဝင်ဘာ ၁၆ ရက်က တိုးချဲ့တပ်ဆင်ပြီးစီးကြောင်းသိရသည်။

ယခင်က ပုတီးကုန်းမြို့၌ ၁၂၅၀ ကေဗွီအေထရန်စဖော်မာတစ်လုံး တည်းသာရှိပြီး ယခုအသစ်တိုးချဲ့တပ်ဆင်ပေးမှုကြောင့် စုစုပေါင်း ၂၅၀၀ ကေဗွီအေဖြင့် ဓာတ်အားပိုမိုရရှိလာမည်ဖြစ်၍ ယင်းဒေသ၏ စီးပွားရေး၊ လူမှုရေးနှင့် ပညာရေးကဏ္ဍများ ယခင်ကထက်ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင်/ပြန်ဆက်)**

## ဉာဏ်စမ်းပဟေဠိပြိုင်ပွဲနှင့် ဟောပြောပွဲကျင်းပ

**သဲကုန်း နိုဝင်ဘာ ၁၇**

ကမ္ဘာ့ခုခံအားကျဆင်းမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲနှင့် မြို့နယ်အဆင့်ကူးစက်ရောဂါအကြောင်း ဟောပြောပွဲကို နိုဝင်ဘာ ၁၃ ရက်က ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် (၂၅)ခုတင်ဆံ့ မြို့နယ်ဆေးရုံ၌ ကျင်းပသည်။ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးမူယာကျော်က စိတ်ကျန်းမာရေးနှင့် ဆေးလိပ်ဆေးရွက်ကြီးသုံးစွဲမှုဆိုးကျိုးများ အကြောင်းနှင့် ကမ္ဘာ့ကူးစက်ရောဂါများအန္တရာယ်တို့ကို ဟောပြောပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ချိုဝေလွင်နှင့်အဖွဲ့က ဆေးရုံတက်ရောက်နေသည့် ကိုယ်ဝန်ဆောင်မိခင်များအား မိခင်နှင့် ကလေးအထောက်အပံ့ပစ္စည်းများ လှူဒါန်းခဲ့သည်။

**ကိုကြီးစိုး (ဆိပ်ကမ်း)**

# အခြေခံဂဟေဆက်ခြင်း သင်တန်းဖွင့်

**နေပြည်တော် နိုဝင်ဘာ ၁၇**

ကျေးလက်နေ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရန်၊ မိသားစုဝင်ငွေတိုးပွားစေရန်နှင့် လူမှုစီးပွား ပိုမိုတိုးတက်စေရန်အတွက် ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံ ဂဟေဆက်ခြင်းသင်တန်း (၂/၂၀၁၅)ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၆ ရက်က နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် တံတားဦးကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီနယ်မြေ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးကိုကိုနိုင်က အမှာစကားပြောကြားပြီး ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးဝင်းမြင့်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ သင်တန်းတွင်ပို့ချသော ဘာသာရပ်များကို အလေးထား မှတ်သားကြရန်နှင့် ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းတွင် သင်တန်းသား ၃၀ အား သင်တန်းဆရာများက ၁၀ ရက်ကြာ ဂဟေဆက်ခြင်းဆိုင်ရာ သိကောင်းစရာများကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး သင်တန်းများဖွင့်

**ရန်ကုန် နိုဝင်ဘာ ၁၇**

ဝန်ထမ်းများ အရည်အသွေးမြှင့်တင်ရေးသင်တန်းများဖြစ်သည့် စီမံခန့်ခွဲရေး သင်တန်းအမှတ်စဉ်(၆၃)၊ အဆင့်မြင့်စက်ချုပ်နည်းပြသင်တန်းအမှတ်စဉ်(၂၈)နှင့် စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၉၃) သင်တန်းများ ဖွင့်ပွဲကို နိုဝင်ဘာ ၁၆ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၅၁) ရပ်ကွက် မြဝတီမင်းကြီးလမ်းရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့် ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း သင်တန်းခန်းမ၌ ကျင်းပရာ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးသိန်းဌေးဦးတက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းများသို့ သင်တန်းသူ ၁၀၂ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ်ကြာမြင့်မည်ဖြစ်သည်။

**(သတင်းစဉ်)**

## အထူးရဲသတင်းများ



**ပြင်ဦးလွင်**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင်ကျင်းပခဲ့သော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ပြင်ဦးလွင်မြို့ အထူးရဲတပ်ဖွဲ့ဝင်များအားဂုဏ်ပြုပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၃ ရက်က ပြင်ဦးလွင်မြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့သည်။ **သက်နိုင်(ပြင်ဦးလွင်)**

..............................

**မင်းလှ**

သာယာဝတီခရိုင် မင်းလှမြို့နယ်တွင် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တွဲဖက်တာဝန်ထမ်းဆောင်ခဲ့သော အထူးရဲတပ်ဖွဲ့ဝင်များအား ရဲချုပ်၏ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို မြို့နယ်အုပ်ချုပ်ရေးမှူး အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၁၃ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

**ပေါက်စ(ပြန်/ဆက်)**

..............................

**မိုးညို**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ်၌ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်အတူ လုံခြုံရေးတာဝန်များ ပူးပေါင်းဆောင်ရွက်ခဲ့သော မိုးညိုမြို့နယ်မှ အထူးရဲတပ်ဖွဲ့ဝင်များအား ရဲချုပ်၏ ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ခြင်း အခမ်းအနားကို နိုဝင်ဘာ ၁၃ ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

**ခင်လတ်(မိုးညို)**

..............................

**စလင်း**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် အထွေထွေရွေးအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၁၃ ရက်က အထူးရဲတပ်ဖွဲ့ဝင်များအားဂုဏ်ပြုပွဲ ကျင်းပရာ မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထွန်းသိန်းက မဲရုံ ၂၇၇ ရုံတွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သော အထူးရဲတပ်ဖွဲ့ဝင်များကို ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

..............................

**သီပေါ**

အထူး ရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုပွဲအခမ်းအနား ကို နိုဝင်ဘာ ၁၃ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့မရဲစခန်း၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ထံမှ ပေးပို့သော ဂုဏ်ပြုလွှာများကို ရဲချုပ်ကိုယ်စား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဆွေက ပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# မန်စီးတီးကွင်းမှာ ကြိုးကြာနီတို့ တောင်ပံခတ်အောင်ပွဲခံနိုင်ပါ့မလား



အခုတလော ကြားရက်တွေရော၊ စနေ တနင်္ဂနွေတွေပါ ကမ္ဘာ့ဖလားခြေစစ်ပွဲ၊ ယူရိုခြေစစ်ပွဲ၊ နိုင်ငံတကာခြေစမ်းပွဲတွေနဲ့ စည်ကားသိုက်မြိုက်နေခဲ့ပါတယ်။ ပွဲကောင်းတွေတစ်ပွဲပြီးတစ်ပွဲ ရှုစားရင်း ရသစုံခံစားနေရတဲ့ ပရိသတ်တွေအတွက် လာမယ့် စနေ၊ တနင်္ဂနွေမှာ ဥရောပပြည်တွင်းလိဂ်တွေ ပြန်ကစားမှာမို့ ရင်ခုန်သံမြန်ရပါဦးမယ်။ နိုဝင်ဘာ ၂၁ ရက်နဲ့ ၂၂ ရက်တွေမှာတော့ ပရီမီယာလိဂ်ပွဲစဉ် (၁၃)က စောင့်ကြိုနေပြီး မန်စီးတီးနဲ့ လီဗာပူးတို့ပွဲက ပရိသတ်တွေအတွက် ရင်ခုန်သံပဟေဠိကို အဖြေညှိရဦးမယ့်ပွဲစဉ် ဖြစ်နေပါတယ်။

**မန်စီးတီးနှင့် လီဗာပူး**

ပွဲကောင်းဖြစ်တာမို့ ခြေကုန်ထုတ်ကြရမယ့်ပွဲပါပဲ။ ဒီနှစ်သင်းရဲ့ နောက်ဆုံး ငါးပွဲတွေ့ဆုံခဲ့တဲ့ ရလဒ်တွေကိုကြည့်ရင် လီဗာပူးက နှစ်ပွဲနိုင်ပြီး မန်စီးတီးကလည်း နှစ်ပွဲနိုင်ကာ တစ်ပွဲသရေဖြစ်ထားပါတယ်။ စုစုပေါင်း တွေ့ဆုံမှုအားလုံးကိုကြည့်ရင်တော့ မန်စီးတီးက ၄၄ ပွဲနိုင်ပြီး လီဗာပူးက ၈၃ ပွဲနိုင်ကာ သရေ ၄၄ပွဲ ဖြစ်ထားပါတယ်။ ဒီနှစ်ပရီမီယာလိဂ်မှာတော့ မန်စီးတီးက အိမ်ကွင်းမှာ ခြောက်ပွဲကစားပြီးချိန်အထိ တစ်ပွဲသာရှုံးထားသလို လီဗာပူးတို့ကလည်း ဒီနှစ်ပရီမီယာလိဂ်မှာ အဝေးကွင်းတစ်ပွဲပဲ ရှုံးထားပါတယ်။ ဒါပေမယ့် တိုက်စစ်ရော ခံစစ်ပိုင်းမှာပါ အားသာချက်ရှိနေတဲ့ မန်စီးတီးကွင်းမှာ ကြိုးကြာနီတို့ တောင်ပံခတ်အောင်ပွဲခံဖို့ ခက်ခဲပါလိမ့်မယ်။

**ဝက်ဖို့ဒ်နှင့် မန်ယူ**

ဝက်ဖို့ဒ်နဲ့ဆိုတိုင်း မန်ယူတို့နိုင်ပွဲတွေချည်းရရှိခဲ့တာဖြစ်ပါတယ်။ လောလောဆယ် မန်ယူရဲ့ ခြေစွမ်းကိုကြည့်ရင် ပဲလေ့စ်၊ စီအက်စ်ကေအေမော်စကိုနဲ့ ဝက်စ်ဘရွန်းတို့ကို ရှုံးပွဲမရှိအောင် ကစားနိုင်ပါတယ်။ ဝက်ဖို့ဒ်တို့ကတော့ စတုတ်၊ ဝက်စ်ဟမ်းတို့ကို အနိုင်ကစားခဲ့ပြီး လက်စတာကိုတော့ နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးထားပါတယ်။ ဝက်ဖို့ဒ်ဟာ အိမ်ကွင်းကစားအားကောင်းပြီး ပြိုင်ဘက်တိုင်းကို ခြိမ်းခြောက်နိုင်တဲ့အသင်းဖြစ်တာမို့ မန်ယူတို့ အဝေးကွင်းမှာ နိုင်ရင်တောင် ရလဒ်မပြတ်သားနိုင်ပါဘူး။

**ဝက်စ်ဟမ်းနှင့် အာဆင်နယ်**

ဘိုင်ယန်မြူးနစ်ကို ငါးဂိုး-တစ်ဂိုးနဲ့ရှုံးပြီး စပါးကို တစ်ဂိုးစီသရေပွဲကစားခဲ့တဲ့ အာဆင်နယ်ရဲ့ ခြေစွမ်းကလည်း စိတ်ချစရာတော့မရှိပါဘူး။ ဝက်စ်ဘရွန်းတို့ကလည်း အိမ်ကွင်းမှာ ခြေပျက်နေပြီး ရလဒ်တွေဆိုးရွားနေလို့ အခုပွဲမှာ အာဆင်နယ်ရဲ့ အမှတ်ပြည့်ရလိုမှု ပြင်းပြနေတဲ့ဆန္ဒကို ဖြည့်ဆည်းပေးရပါလိမ့်မယ်။

**ချယ်လ်ဆီးနှင့် နော့ဝှစ်ချ်**

လောလောဆယ်ခြေစွမ်းပိုင်းကိုကြည့်ရင်တော့ ကွာဟမှုသိပ်မရှိပါဘူး။ ဒီနှစ်သင်းရဲ့ နောက်ဆုံးငါးပွဲတွေ့ဆုံမှုမှာတော့ ချယ်လ်ဆီးတို့ သုံးပွဲနိုင်ပြီး နှစ်ပွဲသရေဖြစ်ထားပါတယ်။ ချယ်လ်ဆီးရဲ့ လတ်တလောခြေစွမ်းပိုင်းကိုကြည့်ရင် လီဗာပူး၊ စတုတ်တို့ကိုရှုံးထားပြီး ဒိုင်နမိုကိဗ်တို့တော့ နိုင်ပွဲရထားပါတယ်။ ချယ်လ်ဆီးတစ်သင်းလုံး ဝေဖန်ပြစ်တင်မှုတွေ ခံစားနေရတဲ့ အခြေအနေကရုံးထွက်ဖို့ ဒီပွဲမှာ သက်သေပြပါလိမ့်မယ်။

**အဲဗာတန်နှင့် ဗီလာ**

နည်းပြသစ် ဂါဒီနဲ့ ပရီမီယာလိဂ်ကို ဖြတ်သန်းနေတဲ့ ဗီလာတို့က အဲဗာတန်ကို ခြေရည်တူကစားပြီး အမှတ်ရအောင်ယူဖို့ ကြိုးစားပါလိမ့်မယ်။ ဗီလာရဲ့ အားထုတ်မှုက မန်စီးတီးလိုအသင်းကို သရေပွဲရအောင် အားထုတ်နိုင်ခဲ့တာက ချီးကျူးစရာပါပဲ။ ဒါပေမယ့် ဒီနှစ်ပရီမီယာလိဂ်မှာ ၁၂ ပွဲ ကစားပြီးချိန်အထိ နိုင်ပွဲမရသေးတဲ့ ဗီလာတို့ ဒီပွဲမှာလည်း အနိုင်ဈေးဦးမပေါက်နိုင်သေးပါဘူး။

**ဆွမ်ဆီးနှင့် ဘုန်းမောက်**

ဒီနှစ်မှ တန်းတက်လာတဲ့ ဘုန်းမောက်တို့လည်း တာထွက်ကောင်းခဲ့ပေမယ့် အခုအချိန်မှာတော့ ရလဒ်တွေ ဆိုးရွားနေပါတယ်။ ဆွမ်ဆီးတို့ကလည်း ရှုံးပွဲတွေဆက်နေတာမို့ အခုပွဲမှာတော့ အလေးထားကစားသွားပါလိမ့်မယ်။ ဘုန်းမောက်ရဲ့ ခံစစ်ပိုင်းအားနည်းမှုက ဆွမ်ဆီးကို အခွင့်အရေးကောင်းတွေ ခွင့်ပြုပေးသလို ခံစားသွားရပါလိမ့်မယ်။

**နယူးကာဆယ်နှင့် လက်စတာ**

လက်စတာတို့က အခုနောက်ပိုင်းမှာ နယူးကာဆယ်ကို အနိုင်ကစားလာတာတွေ့ရပါတယ်။ ဟားစီးတီး၊ ဝက်စ်ဘရွန်း၊ ဝက်ဖို့ဒ်တို့ကို ရှုံးပွဲမရှိ ကစားထားနိုင်ခဲ့တာမို့ အခုပွဲမှာ နယူးကာဆယ်တို့ မလွယ်ပါဘူး။ အိမ်ကွင်းမှာ သရေပွဲများနေတဲ့ နယူးကာဆယ်အတွက် တန်းဆင်းဇုန်ကဝေးအောင် ဒီပွဲမှာ အနိမ့်ဆုံး တစ်မှတ်ရအောင်ယူဖို့ကလည်း ခက်ခဲမယ့် အနေအထားရှိပါတယ်။ ဒါပေမယ့် ရလဒ်တွေ ပြန်ကောင်းလာတဲ့ နယူးကာဆယ်ကိုလည်း လျှော့တွက်လို့မရတာမို့ ဒီပွဲဟာ အမှတ်ခွဲယူရကိန်းဆိုက်သွားနိုင်ပါတယ်။

**ဆောက်သမ်တန်နှင့် စတုတ်**

ဗီလာ၊ ဘုန်းမောက်၊ ဆန်းဒါးလန်းအသင်းတွေကို နိုင်ပွဲရအောင် ကစားနိုင်ခဲ့တဲ့ ဆောက်သမ်တန်တို့က အခုပွဲအိမ်ကွင်းဖြစ်တာမို့ ရမှတ်ကို စုဆောင်းနိုင်ဖို့ ကြိုးစားပါလိမ့်မယ်။ အိမ်ကွင်းမှာ တိုက်စစ်မှူးတွေ ဂိုးသွင်းမှုမြင့်မားပေမယ့် ခံစစ်ပိုင်းက အများအယွင်းရှိနေတတ်တာကို သတိပြုရမှာဖြစ်ပါတယ်။ စတုတ်တို့က အဝေးကွင်းဆိုရင် အနိမ့်ဆုံးတစ်မှတ်ရအောင် အားထုတ်လေ့ရှိတာမို့ ဒီပွဲမှာ အိမ်ရှင်တို့ အမှတ်ပြည့်ရနိုင်ဖို့တော့ ခက်ခဲပါလိမ့်မယ်။ ။

**မိုးမြင့်လင်းလက်**

---

## မန်ယူကို မပြန်သင့်ဘူးဆိုတဲ့ စီရော်နယ်ဒို



ရီးရဲမက်ဒရစ်တိုက်စစ်မှူး စီရော်နယ်ဒိုဟာ လတ်တလော မန်ယူကို ပြန်ကစားလိမ့်မယ်လို့ သတင်းတွေ ထွက်ပေါ်နေပါတယ်။ ဒါနဲ့ပတ်သက်လို့ မန်ယူရဲ့ ဂန္ထဝင်ကစားသမားကြီး ဂယ်ရီနဗီးလ်ကတော့ စီရော်နယ်ဒိုအနေနဲ့ မန်ယူကိုပြန်ရင် အမှားကြီးမှားလိမ့်မယ်လို့ သတိပေးပြောကြားလိုက်ပါတယ်။

စီရော်နယ်ဒိုဟာ ၂၀၀၉ ခုနှစ်က မန်ယူကနေ ရီးရဲမက်ဒရစ်သို့ စံချိန်တင်ပြောင်းရွှေ့ကြေးနဲ့ ပြောင်းရွှေ့သွားသူပါ။ သူဟာ မန်ယူမှာ အောင်မြင်ခဲ့သလို ရီးရဲမက်ဒရစ်မှာလည်း အောင်မြင်တဲ့ တိုက်စစ်မှူးအဖြစ် ရှိနေတာပါ။ ရီးရဲမက်ဒရစ်ရဲ့သမိုင်းမှာ ဂိုးစံချိန်တင်သွင်းယူထားသူလည်းဖြစ်ပါတယ်။ သို့ပေမယ့် လက်ရှိနည်းပြဘင်နီတက်ဇ်နဲ့ ဆက်ဆံရေးအခြေအနေကြောင့် အသင်းမှ ထွက်ခွာဖို့တာစူနေပါတယ်။

စီရော်နယ်ဒိုအနေနဲ့ မန်ယူကိုပြန်လာရင်တော့ အောင်မြင်မှုတွေနဲ့ လွဲချော်သွားနိုင်တယ်လို့ ဂယ်ရီနဗီးလ်က သတိပေးပြောဆိုလိုက်ပါတယ်။ လက်ရှိအခြေအနေမှာ မန်ယူအသင်းအနေနဲ့ တိုက်စစ်မှူးကောင်းတစ်ဦး အလိုရှိနေတာပါ။ နည်းပြ ဗန်ဟားလ်အနေနဲ့ ရီးရဲမက်ဒရစ် တောင်ပံတိုက်စစ်မှူး ဂါရက်ဘေးလ်ကို ခေါ်ယူဖို့ ပစ်မှတ်ထားနေတာဖြစ်ပါတယ်။

❐❐

**ကောင်းမြတ်သူ - စုစည်းသည်။**

## ရွန်းနေရဲ့ ဂိုးသွင်းစံချိန်ကို အမီလိုက်မယ်ဆိုတဲ့ ဟယ်ရီကိန်း

အင်္ဂလန်တိုက်စစ်မှူး ဟယ်ရီကိန်းက သူ့အနေဖြင့် ရွန်းနေရဲ့ဂိုးသွင်းစံချိန်ကို အမီလိုက်ဖို့ကြိုးစားသွားမယ်လို့ ပြောဆိုလိုက်ပါတယ်။ တိုက်စစ်မှူး ရွန်းနေဟာ အင်္ဂလန်ဘောလုံးသမိုင်းတစ်လျှောက် ဂိုး ၅၀ နဲ့ အများဆုံးစံချိန်တင် သွင်းယူထားတဲ့သူပါ။ ဟယ်ရီကိန်းက ဒီစံချိန်ကိုလိုက်မီဖို့ ကြိုးစားနေပြီလို့ ဆိုပါတယ်။ ခြသေ့်သုံးကောင်အသင်း (အင်္ဂလန်) အသင်းရဲ့ အသင်းခေါင်းဆောင် ရွန်းနေဟာ စက်တင်ဘာလအတွင်းက အင်္ဂလန်က ဆွစ်ဇာလန်ကို အနိုင်ရတဲ့ပွဲမှာ ဆာဘော်ဘီချာလ်တန်ရဲ့ ဂိုးသွင်းစံချိန်ကို ကျော်ဖြတ်ကာ စံချိန်တင်ဂိုးသွင်းယူနိုင်တဲ့ ကစားသမားဖြစ်လာခဲ့ပါတယ်။ ဝင်ဘလေကွင်းကြီးမှာကျင်းပတဲ့ ဒီပြိုင်ပွဲကစလို့ ရွန်းနေဟာ အင်္ဂလန်ဘောလုံးသမိုင်းတစ်လျှောက်မှာ ဂိုးအများဆုံး သွင်းယူပေးနိုင်တဲ့သူဖြစ်လာခဲ့ပါတယ်။ သို့ပေမယ့် စပါးတိုက်စစ်မှူး ဟယ်ရီကိန်းရဲ့ ကစားပုံအနေအထားမှာ နှေးကွေးနေတယ်လို့ ဆိုပါတယ်။ သူဟာ ပြီးခဲ့တဲ့ရာသီက စပါးအသင်းနဲ့အတူ ခြေစွမ်းပြလာပြီး ပရီမီယာလိဂ် ဂိုး ၂၁ ဂိုးအထိ သွင်းယူပေးခဲ့ပါတယ်။ ယခုနှစ် ရာသီမှာလည်း အင်္ဂလန်အသင်းရဲ့ အဓိကကစားသမားအဖြစ် ပါဝင်ကစားခွင့်ရရှိနေပြီဖြစ်ပါတယ်။

---

## ယူရိုခြေစစ်ပွဲမအောင်ပါက နားမည်ဟု အီဘရာဟင်မိုဗစ်ဆို

ပီအက်စ်ဂျီတိုက်စစ်မှူး အီဘရာဟင်မိုဗစ်က ဆွီဒင်အသင်းအနေနဲ့ ယူရို ၂၀၁၆ ခြေစစ်ပွဲမှာ အောင်မြင်မှုမရတော့ဘူးဆိုရင် နိုင်ငံ့လက်ရွေးစင်ကစားသမားအဖြစ်မှ အနားယူတော့မယ်လို့ ပြောဆိုလိုက်ပါတယ်။ ဆွီဒင်အသင်းဟာ ယူရို ၂၀၁၆ ခြေစစ်ပွဲ Play-off ပထမအကျော့မှာ ဒိန်းမတ်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိထားပါတယ်။ ဆွီဒင်အသင်းအနေနဲ့ ဒုတိယအကျော့ရလဒ်ကို စောင့်ကြည့်ရဦးမှာပါ။ ဆွီဒင်အသင်းအနေနဲ့ ဒီခြေစစ်ပွဲမှာ မအောင်ဘူးဆိုရင်တော့ နိုင်ငံ့လက်ရွေးစင်အဖြစ်မှ အနားယူတော့မယ်လို့ ဇလတ်တန် အီဘရာဟင်မိုဗစ်က ဆိုပါတယ်။ သူဟာ ပြင်သစ်ကလပ် ပီအက်စ်ဂျီမှာရော ဆွီဒင်အသင်းမှာပါ ဂိုးအများဆုံးသွင်းယူထားတဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီယူရို ၂၀၁၆ မှာ ကစားချင်တဲ့ အဓိကအကြောင်းအရင်းကတော့ ပြင်သစ်မှာ ကျင်းပမယ့်ပွဲဖြစ်လို့ ကစားချင်နေတာပါလို့ အီဘရာဟင်မိုဗစ်က ဆိုပါတယ်။ ပီအက်စ်ဂျီအသင်းမှာ ခြေစွမ်းပြကစားနေတဲ့ တိုက်စစ်မှူးတစ်ဦးအနေနဲ့ ယူရို ၂၀၁၆ မှာလည်း ဆွီဒင်အသင်းနဲ့အတူ ကစားချင်နေတဲ့ သဘောရှိပါတယ်။ သို့ပေမယ့် ဒုတိယရလဒ် အကျော့ကိုတော့ စောင့်ကြည့်ရဦးမှာဖြစ်ပါတယ်။

# သဘာဝဘေးကြောင့် ရေကြီးမြေပြိုဖြစ်ခဲ့သော ချင်းပြည်နယ်တွင် ပြန်လည်ထူထောင်ရေး ဆောင်ရွက်နေ(၃)

ဟားခါး-ဂန့်ဂေါကားလမ်းသည် ဟားခါးမှ ဂန့်ဂေါအထိ ၈၆ မိုင်ရှိပြီး ဇူလိုင်လနှင့် ဩဂုတ်လအတွင်းက ချင်းပြည်နယ်တွင် ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် လမ်းသားပျက်စီးမှု ၃၈ နေရာရှိခဲ့ကာ ရေမြောင်းခြောက်စင်း ပျက်စီးပြီး တောင်ပြိုမှု ၄၄ နေရာရှိခဲ့သည်။

ပျက်စီးမှုများကို ယာယီပြုပြင်ခြင်းအတွက် ကျပ် ၁၂၃ ဒသမ ၃၈ သန်း ကုန်ကျခဲ့ပြီး အပြီးပြုပြင်ပါက ကျပ် ၁၀၇၈ ဒသမ ၅ သန်းကုန်ကျမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။ ယခုအခါ ပျက်စီးသွားသောနေရာများတွင် ယာယီပြုပြင်ခြင်းလုပ်ငန်းများကို ချင်းပြည်နယ် လမ်းဦးစီးဌာနက လူအား၊ စက်အားများအသုံးပြု၍ ဆောင်ရွက်လျက်ရှိသည်။

ဇူလိုင်လအတွင်း ချင်းပြည်နယ်၌ မိုးအဆက်မပြတ်ရွာသွန်းကာ တောင်များပြို၍ ဂန့်ဂေါနှင့် ဟားခါးကြား လမ်းပန်းဆက်သွယ်မှု ပြတ်တောက်ခဲ့စဉ် ဇူလိုင် ၃၀ ရက်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ဟားခါး-ဂန့်ဂေါကားလမ်း မိုင်တိုင်အမှတ်(၄၂)အထိ လာရောက်ခဲ့ပြီး လမ်းအမြန်ပွင့်အောင် ဆောင်ရွက်ကြရေး ညွှန်ကြားခဲ့သည်။

ထို့ကြောင့် ချင်းပြည်နယ် လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးနှင့် လမ်းဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူးတို့ပါဝင်သောအဖွဲ့သည် မန်းပြည်တံခွန်၊ ရှန်းမိသားစု၊ Mercypar၊ Power Sever၊ ရွှေဟားခါးနှင့် ဒေစီချန်ကုမ္ပဏီများမှ မြေတူးစက်များ၊ မြေကော်စက်များဖြင့် ဟားခါးနှင့် ဂန့်ဂေါ လမ်းပိုင်းကို နှစ်ဖက်ညှပ်၍ လမ်းပြုပြင်မှုများ ဆောင်ရွက်ခဲ့ကြသည်။

စက်တင်ဘာ ၁၃ ရက်တွင် ကားလေးများ စတင်ဖြတ်သန်းနိုင်ခဲ့ပြီး ရွှံ့နွံများဖယ်ရှားခြင်း၊ လမ်းတာချဲ့ခြင်း၊ အတက်အဆင်းဖြေလျှော့ခြင်း၊ ကျောက်ခင်းခြင်း၊ ရေထုတ်ပြွန်များတည်ဆောက်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၆ ရက်တွင် ခြောက်ဘီးကားကြီးများနှင့် ခရီးသည်တင်ယာဉ်ကြီးများပါ ပြန်လည်သွားလာမောင်းနှင်နိုင်ခဲ့ကြောင်း ကားလမ်းပြုပြင်မှုများတွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခဲ့သူ ဟားခါးခရိုင် လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထာပဲန်းက ပြောသည်။

အဆိုပါ ဟားခါး-ဂန့်ဂေါလမ်းမှာ မြင့်မားလွန်းသော ချင်းတောင်တန်းကြီးများ၏ တောင်ကမ်းပါးယံတွင် ဖောက်လုပ်ထားသော ကားလမ်းဖြစ်သည်။ မြေပြိုစဉ်က ကားလမ်းသား အရှည် နှစ်ဖာလုံမှ ငါးဖာလုံခန့်အထိသည် တောင်အောက်ရောက်ကာ ပျောက်ကွယ်သွားခဲ့သဖြင့် လမ်းသစ်များဖောက်လုပ်ခြင်းဖြင့် ခရီးလမ်းပန်း ဆက်သွယ်မှုရအောင် ပြန်လည်ဆောင်ရွက်ခဲ့ကြရသည်။

ကျွန်တော်သည် ထိုနေ့က ဟားခါးခရိုင် လမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထာပဲန်းနှင့်အတူ ကားတစ်စီးဖြင့် ဟားခါး-ဂန့်ဂေါကားလမ်းအတိုင်း တစ်တောင်ဆင်းတစ်တောင်တက်ဖြင့် ဖြတ်သန်းလာခဲ့ရာ (၁၉)မိုင်အရောက်တွင် မိုးရွာစဉ်က တောင်ပြိုသဖြင့် လမ်းသားများပြတ်ကျခဲ့သည့် နေရာများ၌ ငါးဖာလုံအထိ ရှည်လျားခဲ့သောအပိုင်းတွင် လူအင်အား၊ စက်အင်အားများဖြင့် ဆောင်ရွက်နေပုံများကို လိုက်လံကြည့်ရှု၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့သည်။

ကျွန်တော်တို့ စီးလာသောကားသည် အချို့နေရာတွင် ရှေ့မှ ကားတစ်စီးလာသဖြင့် လမ်းသားကျယ်သည့်နေရာတွင် ကိုယ်က ရပ်စောင့်ပေးခဲ့ရသည်များလည်း ရှိခဲ့သည်။ ဟားခါး-ဂန့်ဂေါကားလမ်းသည် တောတောင်အထပ်ထပ်ကို ဖြတ်ကျော်ဖောက်လုပ်ထားသော ကားလမ်းဖြစ်သည့်အတွက် ကားပေါ်လိုက်ပါရင်း ဘေးသို့ငုံ့ကြည့်လိုက်လျှင် အလွန်နက်ရှိုင်းသော ချောက်ကမ်းပါးများကိုလည်း မြင်တွေ့ရသည်။ ထို့ကြောင့် ကျွန်တော်တို့အဖွဲ့သည် ရှေ့မဆက်တော့ဘဲ ဟားခါး-ဂန့်ဂေါကားလမ်း (၁၉)မိုင်စခန်း တောင်ပြိုကျလမ်းပျက်မှုအား လမ်းဦးစီးဌာနနှင့် ကုမ္ပဏီများက ပြုပြင်နေကြသည်ကို ကြည့်ရှုကာ ဟားခါးသို့ ပြန်ခဲ့ကြသည်။

ချင်းပြည်နယ်တွင် မိုးရွာရေကြီးခြင်းနှင့် တောင်ပြိုမှုများဖြစ်ခဲ့စဉ်က ဟားခါး-ဂန့်ဂေါကားလမ်းတစ်လမ်းတည်းသာ ပျက်ခဲ့သည်မဟုတ်ဘဲ ကလေး-ဖလမ်း ကားလမ်း အရှည် ၁၁၅ မိုင်ကျော်၌လည်း လမ်းသားပျက်စီးမှု ၆၃ နေရာ၊ မြေကာနှင့် ရေမြောင်း ၁၈ နေရာ၊ တောင်ပြိုခြင်းကြောင့်လမ်းပျက်မှု ၇၂ နေရာ ရှိခဲ့သည်။ မင်းတပ်-မတူပီကားလမ်း အရှည် ၁၀၂ မိုင်တွင်လည်း လမ်းသားပျက်စီးမှု ၈၂ နေရာ၊ ရေမြောင်းတံတား ၃၃ စင်း ပျက်စီးခဲ့ပြီး သိုင်းငင်း-တီးတိန်ကားလမ်း အရှည် ၂၅ မိုင်ကျော်တွင်လည်း လမ်းသားပျက်စီးမှု ၁၀ နေရာ၊ မြေကာနံရံပါ ရေမြောင်းတံတား သုံးစင်း၊ တောင်ပြိုမှု ၈ နေရာ ရှိခဲ့သည်။

**ကုမ္ပဏီများမှ မြေတူးစက်များ၊ မြေကော်စက်များဖြင့် ဟားခါးနှင့် ဂန့်ဂေါ လမ်းပိုင်းကို နှစ်ဖက်ညှပ်၍ လမ်းပြုပြင်မှုများ ဆောင်ရွက်ခဲ့ကြသည်။ စက်တင်ဘာ ၁၃ ရက်တွင် ကားလေးများ စတင်ဖြတ်သန်းနိုင်ခဲ့ပြီး ရွှံ့နွံများဖယ်ရှားခြင်း၊ လမ်းတာချဲ့ခြင်း၊ အတက်အဆင်းဖြေလျှော့ခြင်း၊ ကျောက်ခင်းခြင်း၊ ရေထုတ်ပြွန်များတည်ဆောက်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၆ ရက်တွင် ခြောက်ဘီးကားကြီးများနှင့် ခရီးသည်တင်ယာဉ်ကြီးများပါ ပြန်လည်သွားလာမောင်းနှင်နိုင်ခဲ့ . . .**



ဟားခါး–ဂန့်ဂေါကားလမ်းတွင် တောင်ပြိုမြေများ ဖယ်ရှားနေစဉ်။

အရှည် ၃၁ မိုင်ကျော်ရှိ တီးတိန်-ရိဒ်ကားလမ်းတွင်လည်း လမ်းသားပျက်စီးမှု သုံးနေရာ၊ တောင်ပြိုခြင်းနေရာ ၂၀ ရှိခဲ့ကာ အရှည် ၅၈ မိုင်ကျော်ရှိ ဂန့်ဂေါ-အိုက္ကာကားလမ်းတွင် တောင်ပြိုမှု ၉၆ နေရာ ရှိခဲ့သည်။ ကျောက်တော်-ပလက်ဝကားလမ်း ၁၃ မိုင်ကျော်တွင် လမ်းသားပျက်စီးမှု တစ်နေရာ၊ ရေမြောင်းပျက်စီးမှု ငါးစင်းနှင့် မံဆော်တံတားတစ်စင်း ပျက်စီးခဲ့ပြီး ယခုအခါ မံဆော်တံတားကို ဘေလီသုံးလွှာ အားဖြည့်တည်ဆောက်ခြင်း၊ ရေတိုက်စားမှုကာကွယ်ရန် မြေထိန်းနံရံတည်ဆောက်ခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ချင်းပြည်နယ်အစိုးရက စီမံခန့်ခွဲခဲ့သော လမ်းနှင့်တံတားများတွင် အရှည် ၁၇၂ မိုင်ကျော်ရှိ ဟားခါး-မတူပီကားလမ်းတွင် လမ်းသားပျက်စီးမှု ၃၃ နေရာ၊ တောင်ပြိုမှု ၅၀၄ နေရာ၊ ရေမြောင်းနှင့် မြေကာနံရံပျက်စီးမှု သုံးခုရှိခဲ့သည်။ ဟားခါး-ထန်တလန်ကားလမ်း အရှည် ၆၅ မိုင်ကျော်တွင်လည်း လမ်းသားပျက်စီးမှု ၁၀ နေရာ၊ လမ်းသားနိမ့်ကျမှု ခြောက်နေရာ၊ တောင်ပြိုမှု နှစ်နေရာနှင့် ရေမြောင်းနှင့် မြေကာနံရံပျက်စီးမှု ခုနစ်ခု ရှိခဲ့သည်။

ထန်တလန်-လုံလဲကားလမ်းတွင် ၃၅ မိုင်ကျော်၊ ထန်တလန်-နာရိန်-ရေဇွာ-မတူပီကားလမ်းတွင် ၈၇ မိုင်ကျော်၊ ကလေး-နတ်ချောင်း-ဖလမ်းကားလမ်းတွင် မိုင် ၄၀၊ ဖလမ်း-ရိဒ်ကားလမ်းတွင် ၆၄ မိုင်ကျော်၊ တီးတိန်-တွန်းဇံ-ကျီခါကားလမ်းတွင် မိုင် ၈၀၊ ဖိုးဝိုက်-ထုတ်လိုင်ကားလမ်းတွင် ခြောက်မိုင်ကျော်၊ မတူပီ-ပလက်ဝကားလမ်းတွင် ၁၃၅ မိုင်၊ ကန်ပက်လက်-မင်းတပ်လမ်းတွင်၃၇မိုင်ကျော်၊ လောင်ရှည်- ကျင်ဒွေလမ်းတွင် ၂၆ မိုင်ကျော်၊ ရှားတလား-လိုတောကားလမ်းတွင် ၈ မိုင်၊ ရေဇွာ-လိုင်လင်းဝီးလမ်းတွင် ၅၀ မိုင်၊ ဟားခါးမြို့တွင်းလမ်းတွင် နှစ်မိုင်၊ ဟားခါးမြို့ပတ်လမ်းတွင် နှစ်မိုင်ခွဲကျော်နှင့် တီးတိန်-ထွီးလန့်-ဇလွီးချောင်း လမ်းတွင် လမ်းသားပျက်ခြင်း၊ တောင်ပြိုခြင်း၊ တံတားပျက်ခြင်းများ ဖြစ်ခဲ့သဖြင့် ယာယီပြင်ဆင်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရ ရန်ပုံငွေများဖြင့် ပြုပြင်ခဲ့ရာ ပြည်နယ်အတွင်းရှိ လမ်းအားလုံးတွင် ပြန်လည်သွားလာနိုင်ပြီဖြစ်သော်လည်း အပြီးပြုပြင်ရန် ရန်ပုံငွေလိုအပ်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လမ်းများနှင့် တံတားများ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင် လမ်းများနှင့် တံတားများ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပိုင် ဆည်များလည်း ပျက်စီးခဲ့ရာ ပြန်လည်ပြုပြင်ရေးအတွက် ရန်ပုံငွေများ လိုအပ်လျက်ရှိနေဆဲဖြစ်ကြောင်း သိရသည်။

ချင်းပြည်နယ်အတွင်း သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် စက်တင်ဘာ ၂၁ ရက်အထိ ခန့်မှန်းတန်ဖိုးမှာ ပုဂ္ဂလိကနေအိမ် ၂၉၅၁ လုံး(ခန့်မှန်းတန်ဖိုး ၃၀၄၄ ဒသမ ၄၆၆ သန်း)၊ ဌာနဆိုင်ရာအဆောက်အအုံ ၈၀(ခန့်မှန်းတန်ဖိုး ၄၃၄ ဒသမ ၃၄၅ သန်း)၊ စာသင်ကျောင်း ၆၆ ကျောင်း(ခန့်မှန်းတန်ဖိုး ၁၅၈ ဒသမ ၁ သန်း)၊ ဘာသာရေးအဆောက်အအုံများ ၃၇ ခု(ခန့်မှန်းတန်ဖိုး ၁၂၅၀ ဒသမ ၁၈ သန်း)၊ လမ်း ၂၇၇ လမ်း(ခန့်မှန်းတန်ဖိုး ၁၅၈၂၁ ဒသမ ၄၈၃ သန်း)၊ တံတား ၂၇၄ စင်း(ခန့်မှန်းတန်ဖိုး ၉၃၂၆ ဒသမ ၇၅၅ သန်း)၊ ဆည် ၁၁ ခု (ခန့်မှန်းတန်ဖိုး ၂၇၃ သန်း)၊ လယ်မြေပျက်စီးမှု ၃၀၂၈ ဧက(ခန့်မှန်းတန်ဖိုး ၁၂၁၂ ဒသမ ၅ သန်း)၊ သီးနှံပျက်စီးမှု ၈၀၀၉ ဧက(ခန့်မှန်းတန်ဖိုး ၃၁၀၈ ဒသမ ၀၃ သန်း)ခန့်ဖြစ်ပြီး စုစုပေါင်း ပျက်စီးဆုံးရှုံးမှု ခန့်မှန်းတန်ဖိုးမှာ ကျပ်သန်းပေါင်း ၃၆၀၀၀ ကျော်ဖြစ်ကြောင်း သိရသည်။

ချင်းပြည်နယ်အတွင်း လယ်ယာမြေများ ပြန်လည်ပြုပြင်ဆောင်ရွက်မည့် အခြေအနေမှာ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် လယ်ယာမြေများမှ ပြန်လည်ပြုပြင်ဆောင်ရွက်၍ရမည့် လယ်ယာမြေများကို ရန်ပုံငွေကျပ်သန်း ၅၀၀ ဖြင့် မြို့နယ်အလိုက် ဖော်ထုတ်ပြုပြင်သွားမည်ဖြစ်ကြောင်း၊ လယ်ယာပြုပြင်ဖော်ထုတ်ရာမှ ပိုလျှံငွေ၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးရန်ပုံငွေမှ ပိုလျှံငွေများဖြင့်လည်း ကျေးရွာချင်းဆက်လမ်းများဖောက်ခြင်း၊ တံတားများတည်ဆောက်ခြင်းတို့ကို ဆောင်ရွက်သွားရန် စီစဉ်ထားကြောင်း သိရသည်။ ။

သတင်းဆောင်းပါး–ခရမ်းစိုးမြင့်
ဓာတ်ပုံ–မိုးမြင့်လှိုင်



ဟားခါး–ဂန့်ဂေါကားလမ်းမှ တောင်ပြိုမြေများကို ဖယ်ရှားပြီးနောက် တွေ့ရစဉ်။

## မြောက်ဦးမြို့နယ်၌ ကျေးရွာစာကြည့်တိုက်သစ် ဖွင့်လှစ်

**မြောက်ဦး နိုဝင်ဘာ ၁၇**

ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် ကျွဲတဲကျေးရွာအုပ်စု၌ အလှူရှင်ဦးမောင်စံရွှေမိသားစုမှ လှူဒါန်းသော "ဘဝအလင်း" စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို နိုဝင်ဘာ ၁၅ ရက်က ကျင်းပခဲ့သည်။ စာကြည့်တိုက်အဆောက်အအုံသစ်ကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး မြောက်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဦးတင်ရွှေက စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း၏ အကျိုးကျေးဇူးနှင့် အလှူရှင်ဦးမောင်စံရွှေက စာကြည့်တိုက်လှူဒါန်းခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် စာရေးဆရာ တောကျွဲ (ခေါ်)ဦးနီရောင်(ဉာဏဝတီ)နှင့် စာရေးဆရာ ဦးဝေဟင်အောင်တို့က စာဖတ်ခြင်း၏အကျိုးကျေးဇူးများအကြောင်း ရှင်းလင်းဟောပြောခဲ့ပြီး စေတနာရှင် အလှူရှင်များက လှူဒါန်းသည့် သုတ၊ ရသ စာအုပ် စာစောင်များကို စာကြည့်တိုက်တာဝန်ရှိသူများထံ ပေးအပ်ခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**

# တန်ဆောင်တိုင် ရောင်စုံဓာတ်ပုံပြိုင်ပွဲကျင်းပမည်

**ပြင်ဦးလွင် နိုဝင်ဘာ ၁၇**

ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံသာ(ပြည်ချစ်ဘုရားကြီး)၏ ၂၀၁၅ ခုနှစ် တန်ဆောင်တိုင်ပွဲတော် ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် အကြောင်းအရာများအနေဖြင့် တန်ဆောင်တိုင်ပွဲတော်(နေ့/ည)ရှုခင်း၊ မီးပုံးပျံအလှပြိုင်ပွဲ(နေ့/ည)ရှုခင်း၊ မသိုးသင်္ကန်း ရက်ကန်းခတ်ပူဇော်ပွဲ၊ ဆီမီး ၉၀၀၀ ပူဇော်ပွဲ စသည်တို့အနက် မိမိနှစ်သက်ရာရိုက်ကူး၍ ယှဉ်ပြိုင်နိုင်ကြောင်း၊ မည်သူမဆို မိမိနှစ်သက်ရာ ကင်မရာအမျိုးအစားဖြင့် ရိုက်ကူးပြိုင်ပွဲဝင်နိုင်ကြောင်း ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ပြိုင်ပွဲဝင်မည့်ဓာတ်ပုံများကို တန်ဆောင်တိုင်ပွဲတော် စတင်ကျင်းပမည့် နိုဝင်ဘာ ၂၃ ရက်မှ ၂၇ ရက်အတွင်း ရိုက်ကူးရမည်ဖြစ်ပြီး ဒီဇင်ဘာ ၄ ရက်နောက်ဆုံးထားကာ ပြင်ဦးလွင်မြို့ ဗိုလ်ချုပ်လမ်းရှိ ခရိုင်ပြည်သူ့စာကြည့်တိုက်နှင့် မန္တလေးမြို့ လမ်း ၃၀ နှင့် ၆၅ လမ်းထောင့်ရှိ နန်းမူမူစတိုးသို့ ပေးပို့ရမည်ဖြစ်ကြောင်း၊ ဓာတ်ပုံအရွယ်အစားအနေဖြင့် ၁၀ လက်မ ၁၄ လက်မ မှ ၁၀ လက်မ ၁၅ လက်မအတွင်း ရိုက်ကူးနိုင်ပြီး မိမိစိတ်ကြိုက်နေ့အလှ ငါးပုံ၊ ညအလှ ငါးပုံ တင်သွင်းယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

ပြိုင်ပွဲဝင်ကြေးအဖြစ် ကျပ် ၂၀၀၀ သတ်မှတ်ထားပြီး ပြိုင်ပွဲဝင်ကြေးပေးသွင်းပါက အထက်ပါနေရာများတွင် ဓာတ်ပုံရိုက်ကူးခွင့်(ဝင်ခွင့်ကတ်)ကို တစ်ပါတည်းထုတ်ပေးမည်ဖြစ်သဖြင့် နိုင်ငံတစ်ဝန်းရှိ ဓာတ်ပုံပညာရှင်များ၊ ဓာတ်ပုံဝါသနာရှင်များအနေဖြင့် ပျော်ရွှင်စွာလာရောက်ပြိုင်ပွဲဝင်ကြရန် နှိုးဆော်ဖိတ်ခေါ်ထားကြောင်း သိရသည်။ **(၄၃၂)**

# မင်းတပ်မြို့၌ ချီချောင်းသံပေါင်ဘေလီတံတားဆောက်လုပ်ပြီးစီး

**မင်းတပ် နိုဝင်ဘာ ၁၇**



မင်းတပ်မြို့ ချီချောင်းကျေးရွာရှိ ချီချောင်းသံပေါင်ဘေလီတံတားမှာ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပျက်စီးသွားခဲ့ရခြင်းဖြစ်ပြီး ရွေးကောက်ပွဲမတိုင်မီ၌ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေစေရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားအထူးအဖွဲ့ (၃)က တည်ဆောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ တံတားမှာ ယခင်အလျားပေ ၉၀ မှယခုပေ ၁၄၀ ဖြင့်လည်းကောင်း၊ ယခင်တံတားတိုင်နှစ်တိုင်မှ ယခုတံတားတိုင်လေးတိုင်ဖြင့် တည်ဆောက်ပြီး ရေစီးရာလမ်းကြောင်းနှစ်ခုဖြင့်လည်းကောင်း တည်ဆောက်ခြင်းဖြစ်ပြီး ယခုအခါ ၁၃ တန်အောက် ယာဉ်များသွားလာနိုင်မည်ဖြစ်သည်။ မြေပြိုဒဏ်ကာကွယ်နိုင်ရန်အတွက် မြေကာတာများကို ဆက်လက်တည်ဆောက်လျက် ရှိကြောင်း သိရသည်။

အဆိုပါတံတားကို တည်ဆောက်ခြင်းဖြင့် မရှိယော၊ အေးစခန်း၊ မိန်ယောင်း၊ ရှိမ်း၊ ဝမ်း၊ ရက်သာ၊ အောင်ပန်းနှင့် အိမ်မွှင်ကျေးရွာများမှ ရွေးကောက်ပွဲကာလအတွင်း ဆောင်ရွက်ရသည့်လုပ်ငန်းများ မြန်ဆန်စေသည့်အပြင် ကျေးရွာနေ ပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လျက်ရှိကြောင်း တံတားတည်ဆောက်ရေး တာဝန်ခံတစ်ဦးက ပြောသည်။

**(ခရိုင် ပြန်/ဆက်)**

# မွန်ပြည်နယ်အတွင်းရှိ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး သင်တန်းဖွင့်လှစ်

**မော်လမြိုင် နိုဝင်ဘာ ၁၇**

မွန်ပြည်နယ်အတွင်းရှိ အသေးစားနှင့်အလတ်စား လုပ်ငန်းရှင်များနှင့် လုပ်ငန်းစတင်တည်ထောင်လိုသူများ၏ လုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ FNF အဖွဲ့အစည်းတို့ ပူးပေါင်း၍ "Idea Platform for Successful Business Training" သင်တန်းကို မော်လမြိုင်မြို့ရှိ စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ ကုန်စည်ဒိုင်ခန်းမ၌ နိုဝင်ဘာ ၁၆ရက်ကကျင်းပခဲ့သည်။ သင်တန်းဖွင့်ပွဲတွင် မွန်ပြည်နယ် လျှပ်စစ်ဝန်ကြီး နိုင်လဝီအောင်က အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မှုများကို ရှင်းလင်းပြီး SME မွန်ပြည်နယ် တာဝန်ခံ ညွှန်ကြားရေးမှူး ဦးခိုင်ထွန်းအောင်က ဈေးကွက်မြှင့်တင်ရေးလုပ်ငန်းများကို ရှင်းလင်း ပြောကြားခဲ့သည်။



ယင်းနောက် ရန်ကုန်မြို့ရှိ ဆရာကြီး ဦးအေးကျော်က လူ့စွမ်းအားအရင်းအမြစ်များ ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်စေရန်၊ Sales and Marketing အကြောင်းကို သိရှိနိုင်စေရန်နှင့် လုပ်ငန်းလည်ပတ်ရာတွင် စီမံခန့်ခွဲမှု အလေ့အကျင့်ကောင်းများ ရရှိစေနိုင်မည့် ဘာသာရပ်များကို သင်ကြားပို့ချခဲ့သည်။ သင်တန်းတွင် Strategy First Business School မှ ဒေါ်အေးအေးဝင်းက Business Plan ဆိုင်ရာ ဘာသာရပ်များကိုလည်းကောင်း၊ လိုအပ်သည့် စီးပွားရေးအကြောင်းအရာများ စီမံခန့်ခွဲမှုနှင့် ခွဲခြားစိတ်ဖြာနိုင်ရေး၊ SME များ၏ AEC အခွင့်အလမ်းများ၊ စိန်ခေါ်မှုနှင့်ပတ်သက်သည့် ဘာသာရပ်များကိုလည်းကောင်း၊ SME Development Department မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မူမူအေးက လုပ်ငန်းရှင်များအနေဖြင့် ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် ဂျပန်နိုင်ငံ၏ နည်းလမ်းများဖြစ်သည့် (5S-Kaizen), SME ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့် လှုပ်ရှားမှုများနှင့် Cluster Development အသိပညာပေးရေးအကြောင်းများ၊ စီးပွားရေးလုပ်ငန်းပုံစံငယ် လှုပ်ရှားမှုဘာသာရပ်များကိုလည်းကောင်း၊ Myanmar Youth Development Organization ၏ CEO ဒေါက်တာ မျိုးမင်းဝေါင်က စွန့်ဦးတီထွင် လုပ်ငန်းရှင်များ၊ တီထွင်ဆန်းသစ်ခြင်း မဟာဗျူဟာ တန်ဖိုးမြှင့်ထုတ်ကုန် ဖန်တီးခြင်းနှင့် စွန့်ဦးတီထွင်လုပ်ငန်းရှင်များ လိုအပ်သော Interpersonal Skill စသည့် အကြောင်းအရာများ ပါဝင်သည့် ဘာသာရပ်များကို နိုဝင်ဘာ ၁၆ ရက်မှ ၁၉ ရက်အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

SME မူဝါဒ နည်းဗျူဟာများဖြစ်သည့် လူ့စွမ်းအား အရင်းအမြစ် နည်းပညာဖွံ့ဖြိုးမှုနှင့် တီထွင်ဖန်တီးမှု၊ ငွေကြေးအရင်းအမြစ်၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး၊ လုပ်ငန်းဈေးကွက် အထောက်အကူပေးခြင်း၊ သင့်လျော်သော အခွန်အကောက်နှင့် လုပ်ထုံးလုပ်နည်းများအား မွန်ပြည်နယ်အတွင်းရှိ အထောက်အကူပေးခြင်း၊ သင့်လျော်သော အခွန်အကောက်နှင့် လုပ်ထုံးလုပ်နည်းများအား မွန်ပြည်နယ်အတွင်းရှိ အသေးစားနှင့်အလတ်စား လုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းကာလအတွင်း အုပ်စုဖွဲ့ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မုဒုံမောင်မောင်**

# ဝါလကင်းလွှတ်သီတင်းကျွတ်ချိန်နှင့် မြန်မာ့မီးပုံးပျံ ပြုလုပ်နည်း



ဝါလကင်းလွှတ်သီတင်းကျွတ်ချိန်နှင့် တန်ဆောင်မုန်း၊ တန်ဆောင်တိုင်တို့တွင် မီးပုံးပျံများကို ကောင်းကင်ယံသို့ လွှတ်တင်လေ့ရှိကြသည်။ မီးပုံးပျံတစ်လုံးလုပ်ရသည်မှာလွယ်ကူလှသော အလုပ်မဟုတ်ပေ။ လိုအပ်ချက်လည်းကြီးသလို လုပ်ပုံကလည်း စနစ်တကျရှိဖို့လိုပေသည်။

**မီးပုံးပျံသုံးပစ္စည်းများ လိုအပ်ချက်**

- ခေါင်အမြင့် ၂၆ ပေ၊ အကျယ် ၂၆ ပေရှိ ပြိုင်ပွဲဝင် မီးပုံးပျံကြီးတစ်လုံးပြုလုပ်ရန် မိုင်းကိုင် (ခေါ်) ရှမ်းစက္ကူ စာရွက် ၁၅၀၀ ကျော် လိုအပ်သည်။ မီးစာတိုင်အတွက် စောင် ၁၂ ထည်မှ ၁၅ ထည်အထိ လိုအပ်သည်။ မီးပုံးပျံလုပ်ရန်လူအင်အား အနည်းဆုံး ၁၀ ဦး လိုအပ်သည်။ သို့သော် ပိဿာချိန် ၇၀ ကျော် ၈၀ ရှိသော မီးပုံးပျံကြီးကို ကောင်းကင်သို့အောင်မြင်စွာလွှတ်တင်နိုင်ရန် လူ ၅၀ ခန့်အထိလိုအပ်တတ်သည်။

မီးပုံးပျံတွင် မီးစာချိတ်ဆွဲပြီးချိန်တွင် မီးပုံးပျံ၏အလေးချိန်မှာ ၃၀ ပိဿာ၊ ၄၀ ပိဿာအထိ ရှိသည်။

**မီးပုံးပျံ ဘယ်လိုလုပ်မလဲ**

(၁) ပထမဦးစွာ ၂၂ လက်မပတ်လည်စာရွက်ကို ညီညာစွာ ဖြတ်တောက်၍ ရွက်တန်း (၁) လက်မစီခေါက်ကာ ကော်သုတ် ဆက်စပ်ရသည်။

(၂) ဆက်စပ်ပြီးသည့်နေရာများကို ပိတ်ကြိုးစဖြင့် ထပ်မံ၍ ခိုင်မြဲအောင် ကော်သုတ်ဆက်ရသည်။

(၃) စက္ကူများ ဆက်စပ်ပြီးသောအခါ မိမိတို့နှစ်သက်သော ရုပ်ပုံ (ဗုဒ္ဓရုပ်ပွားတော်၊ စေတီတော်၊ ရှုခင်းရှုကွက် စသဖြင့်) ဆေးခြယ်ကြရသည်။

(၄) ပန်းချီရေးဆွဲပြီးသောအခါ ခေါင်းနှင့် အောက်ဖင်အပိတ်(လုပ်ငန်းအခေါ် တဝ) တို့ကို ဆက်စပ်ပြုလုပ်ရသည်။

(၅) အပေါ်ပိုင်းမီးပုံးပျံကြီး ပြုလုပ်ပြီးစီးသောအခါ မီးပုံးပျံလွှတ်နိုင်ရန် မီးစာကို ငါးမူးလုံးသံလုံးများဖြင့် အမြင့် ခြောက်ပေခွဲ၊ ထုထည် တစ်ပေပတ်လည် လေးထောင့်ဆက်စပ်ပုံစံခွေရသည်။

(၆) ပုံစံခွေပြီးသောအခါ မီးစာတိုင်တွင် မုံရွာစောင် (ခေါ်) အညာစောင်များကို နှစ်လက်မစီဖြတ်ပိုင်း၍ မီးစာတိုင်တွင် ကျစ်လျစ်ခိုင်မြဲအောင် ချည်နှောင်ရသည်။

(၇) မီးပုံးပျံမှိုင်းဝ၍ အပေါ်တက်စေရန်အတွက် မီးစာချောင်းအား ရေနံချေး ၁၀ ပိဿာ၊ အင်တွဲ ၃၀ ကျပ်သား၊ ဖယောင်း ငါးပိဿာတို့ကို ရောကျို၍ မီးစာချောင်းတွင် သုတ်လိမ်းရသည်။

(၈) မီးပုံးပျံလွှတ်တင်ရန် မီးဆော်များအတွက် ထင်းရှူးဆီ သုံးပိဿာပါ မီးဆော် ငါးချောင်းမှ ရှစ်ချောင်းအထိ သီးခြားပြုလုပ်ထားရသည်။

**ညမီးကျည်**

ညမီးကျည် မီးပုံးပျံတစ်လုံးကို အောက်ဆွဲယမ်းများ တပ်ဆင်ချိတ်ဆွဲရာတွင် မီးရှူးအချောင်း ၃၀၀၀၊ တစ်တွဲလျှင် ၅ ခုနှုန်းပါ မီးပုံးပျံ ၂၀၀ တွဲ၊ တစ်ကတ်လျှင် အလုံး ၂၀ ပါ ဗုံးကတ် ၇၀ ၊ မီးဂလိုက်တာ ၇၀၊ မီးရေတံခွန် ခြောက်ခု၊ တစ်စည်းလျှင် အလုံး ၃၀ ပါ မီးလောင်ပြောင်း ၁၀၀ စည်း၊ မီးပုလဲပေါက် ၂၀၀ ထည်၊ မီးရှူး ဝါ၊ စိမ်း၊ နီ၊ ပြာ စုစုပေါင်း ၄၀၀၀ ချောင်း၊ မီးလေထီး ၅၀ ခုတို့ကို ယမ်းစိမ်း၊ ကန့်၊ ပိုတက်၊ ငွေမင်၊ ကျွန်းသားမီးသွေးတို့ဖြင့် ပေါင်းစပ်ပြုလုပ်ရသည်။

**သက်နိုင်(ပြင်ဦးလွင်)၊ ဓာတ်ပုံ-မြဝတီနေ့စဥ်**

# သုံးခွမြို့တွင် ရေလုပ်သားတစ်ဦး ရေနစ်သေဆုံး

**သုံးခွ နိုဝင်ဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ အမှတ်(၇)ရပ်ကွက်ရှိ မိဘမေတ္တာရေကန်၌ အမျိုးသားတစ်ဦး၏ အလောင်းတစ်လောင်းကို နိုဝင်ဘာ ၁၅ ရက် မွန်းလွဲပိုင်းက တွေ့ခဲ့ကြောင်း သိရသည်။

သုံးခွမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စုံစမ်းခဲ့ရာ သေဆုံးသူမှာ ရေကန်အနီးတွင်နေထိုင်သည့် ရေလုပ်သားတစ်ဦးဖြစ်သူ ခင်မောင်ထွေး(၄၈ နှစ်)ဖြစ်ကြောင်းနှင့် ၎င်းသည် နိုဝင်ဘာ ၁၄ ရက် ညပိုင်းတွင် အရက်အလွန်အကျွံသောက်စားပြီး နေအိမ်မှ ထွက်ခွာသွားခဲ့ရာမှ ပျောက်ဆုံးခဲ့ခြင်းဖြစ်ကာ ရေကန်စပ်တွင် သေဆုံးနေသည်ကို ပြန်လည်တွေ့ရှိခြင်းဖြစ်သည်။ ပြင်ပဒဏ်ရာ တစ်စုံတစ်ရာမတွေ့ရဘဲ ရေနစ်သေဆုံးခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိရပြီး ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်မဟုတ် သိရှိရန် သုံးခွမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိသည်။

**ကိုကျော်(သုံးခွ)**

# သာစည်မြို့နယ်တွင် ငရုတ်သီးထွက်နှုန်းကောင်းသဖြင့် ငရုတ်သီးစိုက်တောင်သူများ လက်ဖျားငွေသီးနေ

**သာစည် နိုဝင်ဘာ ၁၇**

သာစည်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုအချို့တွင် ယခုနှစ်မိုးရာသီအတွင်းစိုက်ပျိုးခဲ့သော ငရုတ်သီးများ အထွက်နှုန်းကောင်းမွန်နေသဖြင့် ငရုတ်စိုက်တောင်သူများ ဝင်ငွေကောင်းလျက်ရှိကြောင်း သိရသည်။

“ဒီနှစ် မိုးထောင်ငရုတ်သီး အချိန် ၃၀၀ ပိဿာလောက်ရရှိပါတယ်။ တစ်ပိဿာ ၃၅၀၀ ကျပ်ဈေးနှုန်းနဲ့ ရောင်းရပါတယ်။ လက်ထဲမှာ ငွေ ၁၀ သိန်းကျော်လောက် ပိုက်မိထားပါပြီ။ ဒီနှစ် မိုးထောင်ငရုတ်သီးက ဈေးနှုန်းကောင်းတယ်။ ညှံ့တဲ့ငရုတ်သီးတောင် တစ်ပိဿာကို ၃၃၀၀ ကျပ်ဈေး ရောင်းရပါတယ်။ တောင်သူတွေအတွက်တော့ ဒီနှစ်ဟာ မိုးထောင်ငရုတ်သီးနှစ်လို့တောင် ပြောလို့ရမယ့်သဘော ရှိပါတယ်”ဟု ညောင်ရမ်းကျေးရွာအုပ်စု ဥသျှစ်ကုန်းကျေးရွာမှ ငရုတ်စိုက်တောင်သူ ဦးပိန်က ပြောသည်။

သာစည်မြို့နယ်အတွင်း မိုးထောင်ငရုတ်ကို စိုက်ပျိုးရာတွင် တန်ခူးလတွင်ပျိုးထောင်ပြီး ဝါဆို၊ ဝါခေါင်လများတွင် ပျိုးပင်နုတ်၍ စတင်စိုက်ပျိုးရကြောင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင် ငရုတ်သီးများ အပင်တွင်မှည့်ပြီဖြစ်၍ ခူးဆွတ်ပြီး အချို့ကို ရေနွေးဖျော၍ အခြောက်လှန်း၊ အချို့ကို နေပူလှန်း၍ အခြောက်ခံရကြောင်း၊ လုံးဝခြောက်သွေ့နေမှ ပွဲရုံများသို့ သွားရောက်ရောင်းချရကြောင်း သိရသည်။

ငရုတ်အထွက်နှုန်းကောင်းသဖြင့် တောင်သူများ အဆင်ပြေသည့်အပြင် မြို့ပေါ်ရှိ ငရုတ်ပွဲရုံများတွင်လည်း ငရုတ်သီးဝင်ရောက်မှုကောင်းသဖြင့် ပွဲရုံများလည်း အဆင်ပြေလျက်ရှိကြောင်း သာစည်မြို့ အမှတ်(၅)ရပ်ကွက်ရှိ ဦးချစ်တင်ငရုတ်ပွဲရုံမှ သိရသည်။

မြို့ပေါ်ရှိ ငရုတ်ပွဲရုံများအနေဖြင့် ငရုတ်ထွက်ကျေးရွာများသို့ အလုပ်သမားများ စေလွှတ်၍ မိုးထောင်ငရုတ်သီးများကို ဈေးပြိုင်ပေးပြီး ဝယ်ယူလျက်ရှိသည်။ သာစည်မြို့တွင် ငရုတ်ပွဲရုံ ရှစ်ရုံရှိပြီး ပွဲရုံများအနေဖြင့် တောင်သူများထံမှ ဝယ်ယူထားသော ငရုတ်သီးများကို သန့်စင်၍ မန္တလေးငရုတ်ပွဲရုံများသို့ ကားများဖြင့် နေ့စဉ်ပို့ဆောင်ပေးလျက်ရှိသည်။

သာစည်မြို့နယ်တွင် မိုးထောင်ငရုတ်ကို ကျေးရွာအများအပြားတွင် စိုက်ပျိုးကြပြီး အများဆုံး ထွက်ရှိသော ကျေးရွာများမှာ ကန်ရှည်၊ မဲတော၊ မြေစို၊ မုန်တော၊ ယင်းမာရိုး၊ မကျည်းရိုး၊ တင်းတိမ်ကာ၊ ကန့်ဖြူ၊ အုတ်ဖို၊ ကုက္ကိုစု၊ မရွှေးနှင့် တောင်-ဥသျှစ်ကုန်း ကျေးရွာများဖြစ်ကြောင်း သိရသည်။

**မောင်ကို (သာစည်)**



## တိုင်းရင်းဆေးဖြင့် ကွင်းဆင်းဆေးကုသခြင်းနှင့် ကျန်းမာရေးပညာပေး ဟောပြောပွဲပြုလုပ်

**ရန်ကုန် နိုဝင်ဘာ ၁၇**

ရန်ကုန်မြို့ အလုံမြို့နယ် စောရန်ပိုင်အရှေ့ရပ်ကွက်မှ ပြည်သူများအား တိုင်းရင်းဆေးပညာဦးစီးဌာန အလုံမြို့နယ်တိုင်းရင်းဆေးကုဌာနမှ ဆေးခန်းမှူး ဒေါ်ညိုညိုဦးဆောင်သောအဖွဲ့က နိုဝင်ဘာ ၁၅ရက်တွင် တိုင်းရင်းဆေးဖြင့် ကွင်းဆင်းဆေးကုသပေးခဲ့ပြီး ကျန်းမာရေးအသိပညာပေးဟောပြောပွဲကိုလည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို အလုံမြို့နယ် စောရန်ပိုင်အရှေ့ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့ပြီး ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်သန္တာရဲတင့်နှင့် အဖွဲ့ဝင်များ၊ အလုံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများက ပါဝင်ကူညီခဲ့ကြောင်း သိရသည်။ **တင်မောင်ဦး(အလုံ)**

# ချည်မျှင်ဝါစိုက်ပျိုးမှုတိုးတက်ရေး စိုက်ပျိုးရေးဦးစီးဌာနက ကူညီပေးလျက်ရှိ

**ကျောက်ဆည် နိုဝင်ဘာ ၁၇**

ကျောက်ဆည်မြို့နယ်အတွင်းရှိ ဝါစိုက်တောင်သူများ၏ ဝါစိုက်ပျိုးမှုနှင့် အထွက်နှုန်းမြင့်မားကာ ဝင်ငွေကောင်းမွန်စေရေးအတွက် သိပ္ပံနည်းကျစိုက်ပျိုးထားသော ရွှေတောင်(၈) မိုးနှောင်းချည်မျှင်ဝါစိုက်ပျိုးမှုကွင်းသရုပ်ပြပွဲကို စိုက်ပျိုးရေးဦးစီးဌာန(စက်မှုသီးနှံ)မှ ကြီးမှူး၍ မိုင်းပန်ကျေးရွာအုပ်စုကွင်းအမှတ်(၂၂၅)၌ နိုဝင်ဘာ ၁၆ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ကွင်းသရုပ်ပြရာတွင် ကျောက်ဆည်ခရိုင် အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်က အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာန(စက်မှုသီးနှံ)မှ ဦးစီးမှူး ဦးကျော်သူရိန်တို့က ဝါစိုက်တောင်သူများအတွက် စိုက်နည်းစနစ်နှင့် သိပ္ပံနည်းကျစိုက်နည်းစနစ်များကို စိုက်ကွင်းများအရောက် ပညာပေးလျက်ရှိကြောင်း၊ တောင်သူများအနေဖြင့်လည်း ကြိုးစားစိုက်ပျိုးစေလိုကြောင်း၊ အထွက်နှုန်းကောင်း ဝါမျိုးသန့်များကိုလည်း ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ တောင်သူများအနေဖြင့် လိုအပ်သည့် အကူအညီများကိုလည်း စိုက်ပျိုးရေးဦးစီးဌာနများတွင် တောင်းခံနိုင်ကြောင်း ပြောကြားသည်။



ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန(စက်မှုသီးနှံ) မြို့နယ်ဦးစီးမှူး ဦးဝင်းသိန်းက ကျောက်ဆည်မြို့နယ်အတွင်းရှိ ဝါစိုက်ကွင်းများတွင် တွေ့ရှိရသည့် လိုအပ်ချက်များ၊ ဝါမျိုးစေ့ရွေးချယ်ပြီး ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ စိုက်ခင်းအတွင်း မျိုးစေ့မချမီ မြေပြုပြင်ထိန်းသိမ်းနည်းနှင့် သွင်းအားစုထည့်သွင်းနည်းများ။ အပင်ဖြစ်ပွားပြီးနောက် သွင်းအားစုနှင့် ပိုးမွှားကာကွယ်နှိမ်နင်းမှုများကို အချိန်ကိုက်လုပ်ဆောင်ရမည့် နည်းလမ်းများနှင့် တောင်သူများလိုအပ်ပါက စိုက်ပျိုးရေးဦးစီးဌာနမှ ရွှေတောင်(၈)၊ ငွေချည်(၉)နှင့် ငွေချည်(၆)မျိုးစေ့များကို ဖြန့်ဖြူးပေးနေမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

တက်ရောက်လာသော တောင်သူများက ဌာနမှ ဖြည့်ဆည်းပေးသည့် နည်းပညာများမှာ လုံလောက်မှုရှိကြောင်းနှင့် စိုက်ပျိုးစရိတ်ချေးငွေအဖြစ်ပေးသော တစ်ဧက ကျပ်နှစ်သောင်းနှုန်းမှာ နည်းပါးသောကြောင့် တိုးမြှင့်ချေးပေးစေလိုကြောင်း ပြန်လည်ဆွေးနွေးခဲ့သည်။

ကျောက်ဆည်မြို့နယ်တွင် မြို့၏ အရှေ့ဘက်ခြမ်းရှိ ကျေးရွာများတွင် ဝါသီးနှံကို အဓိကစိုက်ပျိုးကြပြီး ၂၀၁၅-၂၀၁၆ ဝါစိုက်ပျိုးရာသီတွင် ၁၅၄၀၀ ဧကစိုက်ပျိုးရန် လျာထားဆောင်ရွက်ခဲ့ရာ မိုးကြိုတွင် ၂၇၅ ဧက၊ မိုးတွင် ၅၅၄၈ ဧကနှင့် မိုးနှောင်းတွင် ၁၀၃၃၇ ဧက စုစုပေါင်း ၁၆၁၆၀ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

## မဟာအောင်မြေ စာရေးဆရာအသင်းက ပြန်/ဆက်ဦးစီးဌာနသို့ စာအုပ်များလှူဒါန်း

**မန္တလေး နိုဝင်ဘာ ၁၇**

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် စာရေးဆရာအသင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ပြည်သူ့ဝန်ဆောင်မှု အသိပညာပေးလုပ်ငန်းများဖြစ်သည့် စာပေရေချမ်းစင်များအတွက် စာအုပ်များကို နိုဝင်ဘာ ၁၆ ရက်က ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မဟာအောင်မြေမြို့နယ် စာရေးဆရာအသင်းရုံးခန်း၌ ကျင်းပသည့် စာအုပ်လှူဒါန်းပွဲတွင် အသင်းဥက္ကဋ္ဌ ဦးရာစိုး(ဆရာရာစိုး-လူမှု)၊ ဒုတိယဥက္ကဋ္ဌ ဆရာမ ခင်ခင်ဝင်း(ပညာရေး)၊ အတွင်းရေးမှူး ဆရာမ ခင်လေးငယ်နှင့် အဖွဲ့ဝင် ဆရာပြည်ဆွေ(နတ္တလင်း)တို့က လောကအလင်းဂျာနယ်နှင့် Street View ဂျာနယ်များနှင့် စာအုပ် ၂၄၀ ကို ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးဘိုဘိုဟန်ထံ ပေးအပ်ခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူးက ပြည်သူ့ဝန်ဆောင်မှု အသိပညာပေးလုပ်ငန်းအနေဖြင့် မန္တလေးဘူတာကြီး၌ ဆောင်ရွက်နေသော စာပေရေချမ်းစင်များအကြောင်းကို ရှင်းလင်းပြောကြားကာ စာအုပ်များလှူဒါန်းခြင်းအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

**ခင်ခင်ဝင်း(ပညာရေး)**

## မိုးနှောင်းပဲတီစိမ်း အထွက်နှုန်းနည်းသော်လည်း ဈေးကောင်းရ

**သာစည် နိုဝင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် မိုးနှောင်းပိုင်းစိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများ၌ ပဲတီစိမ်းအထွက်နှုန်းနည်းသော်လည်း ဈေးကောင်းဖြင့်ရောင်းချရ၍ ပဲစိုက်တောင်သူများအနေဖြင့် တွက်ခြေကိုက်ကြောင်း သိရသည်။

“ပဲတီစိမ်းကို မိုးဦးကျမှာ မိုးနှမ်းနဲ့အတူစိုက်ပျိုးပြီး နှမ်းရိုးကျွတ်အကွက်တွေမှာ မိုးနှောင်းပိုင်းပဲတီစိမ်းကို ထပ်မံစိုက်ပျိုးကြပါတယ်။ ပဲတီစိမ်းက အချိန်တိုအတွင်းမှာ အသီးဆွတ်ခူးရောင်းချနိုင်တာကြောင့် စိုက်ပျိုးသူများပါတယ်။ ပဲတီစိမ်းခင်းကို တစ်ပတ်တစ်ကြိမ်ခန့် ဆေးဖျန်းပေးရပါတယ်။ မိုးဦးပိုင်းမှာဆိုရင် ပဲတီစိမ်းကို တစ်လခွဲလောက် အသီးခြောက်ကောက်ရပြီး မိုးနှောင်းပိုင်းမှာတော့ တစ်လနီးပါးလောက်ပဲ အသီးခြောက် ကောက်ရပါတယ်။ မိုးဦးပိုင်းက ပဲတီစိမ်းတစ်တင်းကို သုံးသောင်းလောက်နဲ့ ရောင်းချရပြီး အခုမိုးနှောင်းပိုင်းမှာ ပဲတီစိမ်းတစ်တင်း သုံးသောင်းခြောက်ထောင်ခန့် ရောင်းချရပါတယ်။ မိုးနှောင်းပိုင်းပဲတီစိမ်းများပေါ်ချိန်မှာ ပဲဈေးကောင်းလို့ ပဲစိုက်တောင်သူတွေ အဆင်ပြေနေပါတယ်”ဟု သာစည်မြို့နယ် နှမ်းကန်ကျေးရွာမှ ဒေသခံတောင်သူ တစ်ဦးက ပြောသည်။

ပဲတီစိမ်းစိုက်ပျိုးရာတွင် မိုးဦးကျစိုက်ပျိုးခြင်းက အပင်ကြီးထွားမှုကောင်းကာ အထွက်နှုန်းလည်းကောင်းမွန်ကြောင်း၊ မိုးနှောင်းပိုင်းစိုက်ပျိုးမှုမှာ အပင်ဖြစ်ထွန်းမှုအားနည်းပြီး အထွက်နှုန်းလည်းနည်းကြောင်း၊ ပဲတီစိမ်းမှာ နောက်ပိုင်းကာလများတွင် ဈေးကောင်းလေ့ရှိခြင်းကြောင့် တောင်သူအများစုမှာ မိုးနှောင်းပိုင်းတွင် စိုက်ပျိုးကြခြင်းဖြစ်ကြောင်း သိရသည်။ **မျိုးမင်း(သာစည်)**

# ဒုတိယအကြိမ်မြောက် ဓမ္မစကူး ဆရာဖြစ်သင်တန်းဖွင့်

**စဉ့်ကိုင် နိုဝင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်တွင် မြို့နယ်သြဝါဒါစရိယ ရွှေကျီးနားကျောင်းတိုက်ဆရာတော်ကြီးမှူး၍ ဒုတိယအကြိမ်မြောက် ဓမ္မစကူး ဆရာဖြစ်သင်တန်းကို နိုဝင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ စဉ့်ကိုင်မြို့နယ် ရန်နိုင်ရပ်ကွက် ရွှေကျီးနားကျောင်းတိုက်၌ ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။

ဓမ္မစကူးသင်တန်းတွင် ရွှေကျီးနားကျောင်းတိုက် ဆရာတော်၏ သြဝါဒနှင့်အညီ ဓမ္မစကူးဖောင်ဒေးရှင်း နည်းပြဆရာ ဆရာမများက ဓမ္မစကူးဖောင်ဒေးရှင်းသင်တန်းသား ကျောင်းသား ကျောင်းသူများကို ကလေးဗဟိုပြုချဉ်းကပ်နည်းများဖြင့် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

မျိုးဆက်သစ် လူငယ်များအနေဖြင့် ဗုဒ္ဓဘာသာဆိုင်ရာ အသိပညာဗဟုသုတများ တိုးတက်လာစေရန်၊ စာရိတ္တပညာရေးအသွင်ဖြင့် လက်တွေ့သင်ကြားနိုင်ရန် ရည်ရွယ်ချက်



များဖြင့် သင်တန်းကို ဖွင့်လှစ်ခြင်းကြောင်း၊ အဆိုပါ သင်တန်းသည် စဉ့်ကိုင်မြို့နယ်တွင် ဒုတိယအကြိမ်မြောက် ဖွင့်လှစ်သည့် ဓမ္မစကူး ဆရာဖြစ်သင်တန်းဖြစ်ကြောင်း၊ ဓမ္မစကူး ဖောင်ဒေးရှင်းအနေဖြင့် (၄၂၉)ကြိမ်မြောက် ဖွင့်လှစ်သော သင်တန်းဖြစ်ကြောင်း သိရသည်။

**တင်တင်ထွေး(စဉ့်ကိုင်)**

# ၁၉၇၃–၁၉၇၉ ရန်ကုန်စက်မှုတက္ကသိုလ် ကျောင်းသား ကျောင်းသူများ၏ ဆရာပူဇော်ပွဲ

ရန်ကုန်စက်မှုတက္ကသိုလ် ၁၉၇၃-၁၉၇၉ ခုနှစ် ဗိသုကာနှင့် အင်ဂျင်နီယာဘာသာရပ်ပေါင်းစုံ ကျောင်းသား ကျောင်းသူများ၏ ဆရာပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်။ ကျောင်းပြီးသည်ဖြစ်စေ၊ ကျောင်းမပြီးသည်ဖြစ်စေ ၁၉၇၃ ခုနှစ်တွင် ကျောင်းအတူဝင်ခဲ့သူများ ၇၃-၇၉ Batch နှင့် အတန်းတူတက်ခဲ့သူများနှင့် မည်သည့်ခုနှစ်တွင် ကျောင်းဝင်ခဲ့သည်ဖြစ်စေ၊ ၁၉၇၉ ခုနှစ်တွင် ကျောင်းအတူပြီးခဲ့သူ သူငယ်ချင်းများအားလုံး တက်ရောက်ပါရန် ခင်မင်စွာဖိတ်ကြားအပ်ပါသည်။

**နေ့ရက်၊ အချိန်** - ၁၂-၁၂-၂၀၁၅ ရက် (စနေနေ့) ၁၇း၀၀ နာရီ
**နေရာ** - M3 Food Center၊ ဗဟန်းအားကစားကွင်း၊ ဗဟန်းမြို့နယ်

**ဆက်သွယ်/လှူဒါန်းရန်**

| | | | |
|---|---|---|---|
| ပြုံးပြုံးဦး Civil | ဖုန်း-၀၉-၇၃၀၁၈၈၁၁ | မောင်မောင်အုန်း Mn | ဖုန်း-၀၉-၅၀၆၂၆၅၄ |
| ခိုင်ခိုင် Civil | ဖုန်း-၀၉-၄၂၀၁၈၂၈၃၈ | ကြည်ကြည်ဝင်း EP | ဖုန်း-၀၉-၂၅၀၅၁၀၁၉၂ |
| ညွန့်ညွန့်ဆွေ Civil | ဖုန်း-၀၉-၃၁၀၆၈၃၈၄ | မောင်မောင်ဟန် Ec | ဖုန်း-၀၉-၇၉၅၀၀၄၄၇၃ |
| ခင်မောင်သန်း Civil | ဖုန်း-၀၉-၈၃၀၁၂၆၆၊ ၀၉-၅၀၃၀၇၀၅ | သက်နိုင် Mech | ဖုန်း-၀၉-၄၅၀၀၄၆၇၅၈ |
| အောင်မြင့် Civil | ဖုန်း-၀၉-၅၁၄၆၆၂၄ | ဝင်းနိုင်(မန္တလေး) EC | ဖုန်း-၀၉-၂၀၀၅၃၃၄ |
| မင်းစိုး Mech | ဖုန်း-၀၉-၈၆၂၀၀၄၄ | ခင်သန်းဝင်း Civil | ဖုန်း-၀၉-၈၃၀၃၈၀၀ |




အမှတ်(၈)၊ ဇေယျာသုခလမ်း၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်နေ ကွယ်လွန်သူမိခင်ကြီး ဒေါ်မြနေအောင်(ခ) ဒေါ်နီနီအားရည်စူး၍ ဗိုလ်မှူးကြီးသန်းတင်(ငြိမ်း)နှင့် သားသမီး မြေးမြစ်မိသားစုတို့မှ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းသို့ အလှူငွေကျပ် ၁၀ သိန်းတိတိကို လှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံးမှ လက်ခံယူပါသည်။





ရွှေဘုန်းပြည့် Travels & Tours

တန်ဆောင်တိုင် နှင့် ဒီဇင်ဘာ ခရီးစဉ်များ

09-566101, 09-73060048, 09-30043202

ဦးအောင်ဝင်း
(ရွှေတံဆိပ်ဆုရှင်-လန်ဒန်)

LCCI သင်တန်းများ ခုံနံပါတ်ယူထားနိုင်ပြီ။
December - 19 (Saturday) စမည်။

LCCI
အနှစ်(၂၀)အတွေ့အကြုံကြောင့်
သင်ကြားမှုပြီးပြည့်စုံစေသည်။

အမှတ်(၂၉၀)၊ တထပ်၊ ပန်းဆိုးတန်းလမ်း(အထက်ဘလောက်)။
☎-01-371741, 240824, 381350





## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊ ဇဝနတိက္ခလမ်း၊ အမှတ် ၁၁၊ ပထမထပ်၊ (၂၀'×၄၀')ဟု ခေါ်တွင်သော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်အေးအေးခိုင် ၁၂/ရကန(နိုင်)၀၄၇၈၇၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်းအကျိုးခံစားခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများပြသ၍ ကျွန်ုပ်တို့ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ညွှန်ကြားချက်အရ-**

**ဒေါ်နန်းကြည်မေ (LL.B,LL.M)**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း-၀၉-၇၉၉၈၆၃၆၅၃**

## အမှတ်(၅၂၈) သုံးလွှာ(ယာ)၊ ကန်တော်လမ်း၊ သင်္ဃန်းကျွန်းမြို့နယ်နေ မွန်သာသ်နှင့် အများသိစေရန်

မွန်သာသ်၏ ခင်ပွန်းဖြစ်သူ AS အမာန္တလ်ခန်း၏ ညွှန်ကြားချက်အရ ကြေညာအပ်သည်မှာ-

မွန်သာသ်နှင့် AS အမာန္တလ်ခန်းတို့သည် အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ရာ အာစီယားအမည်ရှိ သမီးတစ်ဦးထွန်းကားခဲ့ပါသည်။ ယခုအခါ မွန်သာသ်နှင့် AS အမာန္တလ်ခန်းတို့ အိမ်ထောင်ခန်းကွာရှင်းပြတ်စဲရန် နှစ်ဦးသဘောတူ ဆုံးဖြတ်ခဲ့ကြပြီးဖြစ်ပါသည်။

သို့ရာတွင် မွန်သာသ်နှင့် AS အမာန္တလ်ခန်းတို့သည် အစ္စလာမ်ဘာသာဝင်များဖြစ်ကြသည့်အတွက် အစ္စလာမ်ဘာသာဓလေ့ထုံးစံနှင့်အညီ အိမ်ထောင်ခန်း ကွာရှင်းပြတ်စဲရခြင်း မတိုင်မီအထိ (၁) မိသားစုလက်ရှိနေထိုင်ရာ အမှတ် ၅၂၈၊ သုံးလွှာ(ယာ)၊ ကန်တော်လမ်း၊ သင်္ဃန်းကျွန်းမြို့နယ် နေအိမ်တိုက်ခန်းနှင့် အိမ်အသုံးအဆောင်ပစ္စည်းများ၊ (၂) မွန်သာသ် ဝတ်ဆင်လျက်ရှိသော ငွေကျပ်သိန်း ၄၀ တန်ဖိုးရှိ ရွှေထည်တစ်ဆင်စာ၊ (၃) AS အမာန္တလ်ခန်းမှ ဇနီးဖြစ်သူ မွန်သာသ်ထံ လက်ဝယ်ပေးအပ်ထားသော ကားဝယ်ရန် ငွေသားကျပ်သိန်း ၇၀ တို့သည် မွန်သာသ်နှင့် AS အမာန္တလ်ခန်းတို့ နှစ်ဦးပိုင်ပစ္စည်းများအဖြစ် တည်ရှိနေဆဲဖြစ်သည့်အတွက် ယင်းပစ္စည်းများနှင့်စပ်လျဉ်း၍ AS အမာန္တလ်ခန်း၏ သဘောတူညီချက်မပါဘဲ မွန်သာသ်၏ တစ်ဦးတည်းသောသဘောဆန္ဒအရ လွှဲပြောင်းရောင်းချ ပေးကမ်းခြင်း၊ အခြားနည်းဆောင်ရွက်ခြင်းမပြုလုပ်ရန် ဤနို့တစ်စာဖြင့် တားမြစ်လိုက်ပါသည်။

အကယ်၍ တားမြစ်ချက်ကိုလိုက်နာခြင်းမရှိပါက တည်ဆဲတရားဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဒေါ်အိအိခင်၊ တရားလွှတ်တော်ရှေ့နေ၊ စဉ်-၇၈၃၄**
**အခန်း(D/4) May Shopping(အပေါ်ထပ်)၊ ကုန်သည်လမ်းနှင့်ပန်းဆိုးတန်းလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၄၄၁၉၁၄၈**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ် ၃၀၄၊ ခုနစ်လွှာ(ခေါင်းရင်း)ပေ(၂၀×၈၀)အကျယ်ရှိ တိုက်ခန်းအား တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အား ပိုင်ဆိုင်သူ ဦးအေးလွင် ၁၀/မလမ(နိုင်)၀၂၆၆၅၇ ထံမှ ကျွန်မ၏မိတ်ဆွေ ဦးခမ်ခင်းမန် ၄/တတန(နိုင်)၀၀၇၉၅၄က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ၎င်းတိုက်ခန်းကို ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်ကြောင်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်မထံ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ယင်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**Grace (ကျေးဇူးတော်)အိမ်ခြံမြေအကျိုးဆောင်**
**ဒေါ်အဲလစ်ဇဘတ်(စ်) (ခ) မနီ**
**အမှတ် ၂၈/ဘီ(မြေညီ)၊ သီတာလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်၊**
**ဖုန်း-၀၁-၅၄၀၃၅၂၊ ၀၁-၅၅၂၄၉၆၊ ၀၉-၅၁၇၈၅၅၅**

# အထူးကျေးဇူးတင်ရှိခြင်း

၃၁-၁၀-၂၀၁၅ရက်(စနေနေ့)တွင် ကွယ်လွန်သွားခဲ့သော မိခင်ကြီး ဒေါ်မာရှီးလျင်၏စျာပန ကိစ္စအဝဝတွင် အစမှအဆုံး ကူညီပေးကြသော Mottama Holdings Limited မှ ဝန်ထမ်း များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်တွင်းပြည်ပကုမ္ပဏီ အသီးသီးမှ မိတ်ဆွေသူငယ်ချင်းများ၊ စာနာမှုဖြင့် လွမ်းသူ့ပန်းခွေနှင့် ပန်းခြင်းများ အသီးသီးပေးပို့ခဲ့ကြသော မိတ်ဆွေသူငယ်ချင်းများ၊ ၁၁-၁၁-၂၀၁၅ရက်တွင် လားရှိုးမြို့၌ပြုလုပ်သော စျာပနသို့ လိုက်ပါပို့ဆောင်ပေးကြသော မိတ် ဆွေများ၊ လှူဖွယ်ဝတ္ထုအစုစုကို ပေးပို့လှူဒါန်းကြသူများ၊ နှစ်ဖက်သော ညီအစ်ကိုမောင်နှမများနှင့် မိသားစုဝင်များ၊ အဘက်ဘက်မှ မေတ္တာထား၍ ဝိုင်းဝန်းကူညီဆောင်ရွက်ကြသူများနှင့် ကျေးဇူး တင်ထိုက်သူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

# အထူးကျေးဇူးတင်ရှိခြင်း

**ပါမောက္ခ ဒေါက်တာဦးဇော်ဝင်း (Edwin Saw)**

M.B.,B.S, F.R.C.S (Edinburgh)

**ခွဲစိတ်အထူးကုဆရာဝန်ကြီး**

**အသက် (၈၆)နှစ်**

၁၁-၁၁-၂၀၁၅ရက် ညနေ ၄း၄၅နာရီတွင် ကွယ်လွန်သွားသော အနန္တကျေးဇူးရှင် ဖခင်ကြီး ဒေါက်တာဦးဇော်ဝင်း သက်ရှိထင်ရှားရှိစဉ် နာမကျန်း ဖြစ်ချိန်ကာလများအတွင်း အထူးဂရုစိုက်ပြုစု စောင့်ရှောက်ကုသပေးကြပါသော ပါမောက္ခအထူးကုဆရာဝန်ကြီးများ/ဆရာဝန်မကြီးများ၊ ဆရာဝန်များ၊ သူနာပြုဆရာမများ၊ ဆေးရုံဝန်ထမ်းများအားလည်းကောင်း၊ နာရေးကိစ္စအဝဝကို အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသော ဆွေမျိုး၊ မိတ်ဆွေ အပေါင်းအသင်းများနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ရပ်ဝေးရပ်နီးမှ အပင်ပန်းခံ၍ ကိုယ်တိုင်လာရောက်အားပေးနှစ်သိမ့်ပေးခြင်းနှင့် ပန်းခြင်းများပေးပို့ ကြပါသော ဆွေမျိုးများ၊ မိတ်ဆွေသင်္ဂဟများ၊ သူငယ်ချင်းများ၊ အဖွဲ့အစည်းအသင်းအဖွဲ့များ၊ ကုမ္ပဏီများအားလည်းကောင်း၊ လူကိုယ်တိုင် မလာရောက် နိုင်ပါသော်လည်း တယ်လီဖုန်း၊ Email၊ လူမှုဆက်သွယ်ရေး စာမျက်နှာများနှင့် သတင်းစာများမှ ဝမ်းနည်းကြောင်း ဖော်ပြ၍ နှစ်သိမ့်အားပေးကြပါသော ပြည်တွင်း/ပြည်ပမှ ဆွေမျိုးမိတ်ဆွေသူငယ်ချင်းများနှင့် ရက်လည်ဆွမ်းကျွေးတရားတော်နာအတွက် လှူဖွယ်ပစ္စည်းများပေးပို့လှူဒါန်းကြပါသော အဖွဲ့ အစည်းအသင်းအဖွဲ့များ၊ ကုမ္ပဏီများ၊ ဆွေမျိုးမိတ်ဆွေသင်္ဂဟများနှင့် အခြားသော ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

**ဦးအောင်ခိုင်-ဒေါ်ခင်စောဝေ၊ ဦးမြဟန်-ဒေါ်ခင်စပယ်ကြည်**

**ဒေါက်တာ သန်းဝင်း-ဒေါ်တင်တင်အေး၊ ဦးစောထွေးဇော်-ဒေါ်သက်သက်တင်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်မလေး**

(၁၉၇၄-၇၈) B.Sc (Chemistry)

**ဦးစီးအရာရှိ(ငြိမ်း)**

**မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဦးစီးဌာန**

**အသက်(၆၀)**

ရဲမှူးချုပ်သုရဘိုနီ၏ဇနီး ဒေါ်ခင်မလေးသည် ၁၆-၁၁-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၁၁း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ နှမြောတသ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၇၄-၇၈ ဓာတုဗေဒ/ကုန်ထုတ်**

**ဘွဲ့ရကျောင်းသား၊ ကျောင်းသူဟောင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးသိန်း**

**အသက် (၉၀)**

(ဦးဆောင်နာယကကြီး၊ သဃ်န်းကျွန်းမြို့နယ် အရှေ့ခြမ်း မလွန်ဆန်လှူသင်းထောက်)သည် ၁၅-၁၁-၂၀၁၅ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့နှင့် အသင်းသူ အသင်းသားများ**

**သဃ်န်းကျွန်းမြို့နယ် အရှေ့ခြမ်း မလွန်ဆန်လှူသင်းထောက်**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဒုတိယဗိုလ်မှူးကြီး ခင်မောင်ညွန့် (ငြိမ်း)**

**အသက် (၇၄)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဒဂုံလွင်လမ်း၊ တိုက်၉/B၊ အခန်း ၁၀၂နေ ဒေါ်ရီရီညွန့်၏ ချစ်လှစွာသောခင်ပွန်း ဦးခင်မောင်ညွန့်သည် ၁၄-၁၁-၂၀၁၅ရက် (စနေနေ့) နံနက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါ်ငွေတင် (သူနာပြုဆရာမကြီး၊ငြိမ်း)**

**Drသီသီချော(ကထိက၊ ဒဂုံတက္ကသိုလ်)-ဦးအောင်မင်းဦး(လ/ထ ကထိက၊ ခေတ္တတရုတ်)**

**ဒေါ်မီမီချော (ကထိက၊ ဒဂုံတက္ကသိုလ်)**

**ဦးရှိန်ဝါထွန်း(GP Trading)-ဒေါ်ကလျာဦး(MBE)**

## ဝမ်းနည်းကြေကွဲခြင်း

ပြည်သူ့ရေးရာစီမံခန့်ခွဲမှု မဟာဘွဲ့ (EMPA) အပတ်စဉ် (၁၁)မှ အစ်မကြီး ဒေါ်ခင်မလေး၊ အသက်(၆၀)သည် ၁၆-၁၁-၂၀၁၅ရက် နံနက် ၁၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

EMPA (11)th Batch မှ

**ညီအစ်ကိုမောင်နှမများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဒုတိယဗိုလ်မှူးကြီး ခင်မောင်ညွန့် (ငြိမ်း)**

**ကြည်း ၁၁၄၈၆ OTS-38 စည်သူ**

**အသက် (၇၄)နှစ်**

OTS-38 စည်သူတပ်ခွဲမှ သူငယ်ချင်းဖြစ်သူ ကသ-၂၉၃ဒုတိယဗိုလ်မှူးကြီး ခင်မောင် ညွန့် (ငြိမ်း)သည် ၁၄-၁၁-၂၀၁၅ရက် (စနေနေ့)တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**OTS-38 စည်သူတပ်ခွဲမှသူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**အကယ်ဒမီ ဒေါ်တင်တင်နွဲ့**

**အသက်(၇၁)နှစ်**

ဝဏ္ဏကျော်ထင် ဆရာ ဦးသက်ထွန်း(တရားရုံးချုပ် တရားသူကြီး၊ ငြိမ်း)၏ဇနီး အကယ်ဒမီ ဒေါ်တင်တင်နွဲ့သည် ၁၀-၁၁-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တရားရုံးများမှ ဝန်ထမ်းများ၊**

**အငြိမ်းစားဝန်ထမ်းများ လူမှုကူညီရေးအဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း

မြန်မာစာနှင့် ဘာသာစကားပညာရေးဦးစီးဌာန၊ မြန်မာစာအဖွဲ့မှ အဖွဲ့ဝင် ဆရာမကြီး ဒေါ်အုန်းခင်သည် ၁၄-၁၁-၂၀၁၅ရက် (စနေနေ့) တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီနှင့်**
**ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းမိသားစုများ**
**ပညာရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

# ပါမောက္ခ ဒေါက်တာဦးဇော်ဝင်း

**M.B.,B.S, F.R.C.S (Edinburgh)**
**ခွဲစိတ်အထူးကုဆရာဝန်ကြီး**
**အသက်(၈၆)နှစ်**

ရန်ကုန်မြို့နေ ဦးအောင်ခိုင်-ဒေါ်ခင်စောဝေ၊ ဒေါက်တာမြဟန်-ဒေါ်ခင်စံပယ်ကြည်တို့၏ချစ်လှစွာသောဖခင်ကြီးသည် ၁၁-၁၁-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ**
**ဒေါက်တာဦးစိုးသိန်းနှင့်ဇနီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ချိုအုန်း**
**(ဒုတိယဥက္ကဋ္ဌ၊ ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**

## ဝမ်းနည်းကြေကွဲခြင်း

# ဆရာကြီး ဒေါ်ဝိဇ္ဇာသီ(ခ)ဒေါ်ခင်ချော

**(ပန်းတောင်းမြို့)**
**အသက်(၈၄)နှစ်**

သူငယ်ချင်း ဗိုလ်မှူးသိန်းဇော်ဝင်း-ဒေါ်မြင့်မြင့်အေးတို့၏ မိခင်သည် ၁၅-၁၁-၂၀၁၅ရက်(တနင်္ဂနွေနေ့) ည ၇း၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်သင်တန်းအမှတ်စဉ်(၈၈)မှ**
**သူငယ်ချင်းများ**

## (၅)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

# ဗိုလ်ပြည်ဆန်းဝင်း

**(ကြည်း-၃၉၈၆၅)၊ DSA (47)**

မြေနီအထပ်အထပ်လူးနေတဲ့
သားပခုံးထက်ကလည်စည်းနီနီ
ငြိမ်းချမ်းရေးပန်းခင်းထဲ
တဖျတ်ဖျတ်လွင့်လူးဖို့ ဟန်ပြုလေပြီး---

**အဖေ - ဦးငွေလွင်ဝင်း**
**စစ်ကိုင်းတိုင်းဒေသကြီးဥပဒေအရာရှိ၊ မုံရွာမြို့**
**အမေ - ဒေါ်မမလေး**
**ဒု-ညွှန်မှူး၊ ငါးလုပ်ငန်းဦးစီးဌာန၊ နေပြည်တော်**

## ဝမ်းနည်းကြေကွဲခြင်း

# ဦးမြင့်ဦး

**ပြည်နယ်တရားသူကြီး(ငြိမ်း) အောင်ဆန်း-၇**
**အသက်(၇၁)နှစ်**

အောင်ဆန်း(၇)တရားရေးအရာရှိ သင်တန်းဆင်း သူငယ်ချင်း ဦးမြင့်ဦးသည် ၁၄-၁၁-၂၀၁၅ရက် (စနေနေ့)တွင် စစ်ကိုင်းမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အောင်ဆန်း(၇)တရားရေးအရာရှိ**
**သင်တန်းဆင်းသူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

# ဦးမြင့်ဦး

**ပြည်နယ်တရားသူကြီး(ငြိမ်း)**
**ရှမ်းပြည်နယ်(မြောက်ပိုင်း) တရားရုံး**
**အသက်(၇၁)နှစ်**

စစ်ကိုင်းမြို့၊ ပါရမီရပ်ကွက်၊ (ဃ-၃၄)နေ ဒုတိယညွှန်ကြားရေးမှူး (စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်) ဒေါ်အေးမူ၏ခင်ပွန်း ဦးမြင့်ဦးသည် ၁၄-၁၁-၂၀၁၅ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**လားရှိုးခရိုင်တရားရုံးနှင့်**
**ခရိုင်အတွင်းရှိ မြို့နယ်တရားရုံးများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

# ဒေါ်ခင်မလေး

**ဦးစီးအရာရှိ(ငြိမ်း)၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**
**အသက်(၆၀)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ် သူရာဘိုနီ၏ချစ်လှစွာသောဇနီးသည် ၁၆-၁၁-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၁၁း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ**
**ဒေါက်တာဦးစိုးသိန်းနှင့် ဇနီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ချိုအုန်း**
**(ဒုတိယဥက္ကဋ္ဌ၊ ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**

## ဝမ်းနည်းကြေကွဲခြင်း

# ဒေါ်ခင်မလေး

**ဦးစီးအရာရှိ(ငြိမ်း)၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**
**အသက်(၆၀)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ် သူရာဘိုနီ၏ချစ်လှစွာသောဇနီး၊ ဗိုလ်ကြီးလဲ့လဲ့ဘိုနီ(တပ်မတော်-ဆေး)၊ ဗိုလ်ကြီးလင်းဘိုနီ(လစရ-၄)-မနိုနိုဇော်တို့၏မိခင် ဒေါ်ခင်မလေးသည် ၁၆-၁၁-၂၀၁၅ရက် နံနက် ၁၁း၄၅နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တပ်ဖွဲ့မှူးနှင့်တပ်ဖွဲ့ဝင်များ**
**လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

# ဒုတိယဗိုလ်မှူးကြီးခင်မောင်ညွှန့် (ငြိမ်း)

**(ကြည်း-၁၁၄၈၆)**
**OTS (38)၊ BA-Philo**
**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ ဒဂုံလွင်လမ်း၊ တိုက် 9/B၊ အမှတ် 102 နေ ဒေါ်ရီရီညွှန့်၏ခင်ပွန်း ဒုတိယဗိုလ်မှူးကြီး ခင်မောင်ညွှန့်(ငြိမ်း)သည် ၁၄-၁၁-၂၀၁၅ရက်(စနေနေ့)နံနက် ၁၀း၁၀ နာရီတွင် တဆရ(၁/၁၀၀၀) မင်္ဂလာဒုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရဲမှူးကြီးစိန်ဝင်း(ငြိမ်း)၊ ဇနီး ဒေါ်ကော့မိုင်**

## ဝမ်းနည်းကြေကွဲခြင်း

# ဒေါ်ခင်မလေး

**ဦးစီးအရာရှိ(ငြိမ်း)၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**
**အသက်(၆၀)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ် သူရာဘိုနီ၏ချစ်လှစွာသောဇနီး ဒေါ်ခင်မလေးသည် ၁၆-၁၁-၂၀၁၅ရက် နံနက် ၁၁း၄၅နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အဖွဲ့ဝင် ဦးမြသိန်းနှင့် ဇနီး ဒေါ်ရီရီဝင်း**
**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**

## ဝမ်းနည်းကြေကွဲခြင်း

# ဒေါ်ခင်မလေး

**ဦးစီးအရာရှိ(ငြိမ်း)၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**
**အသက်(၆၀)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲဦးစီးအရာရှိချုပ်၊ ရဲမှူးချုပ် သူရာဘိုနီ၏ချစ်လှစွာသောဇနီး၊ ဗိုလ်ကြီးလဲ့လဲ့ဘိုနီ(တပ်မတော်-ဆေး)၊ ဗိုလ်ကြီးလင်းဘိုနီ(လစရ-၄)-မနိုနိုဇော်တို့၏မိခင် ဒေါ်ခင်မလေးသည် ၁၆-၁၁-၂၀၁၅ရက် နံနက် ၁၁း၄၅နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးနှင့်ဇနီး**
**ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း

# ဒေါ်ခင်မလေး

**ဦးစီးအရာရှိ(ငြိမ်း)၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**
**အသက်(၆၀)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲဦးစီးအရာရှိချုပ်၊ ရဲမှူးချုပ် သူရာဘိုနီ၏ချစ်လှစွာသောဇနီး၊ ဗိုလ်ကြီးလဲ့လဲ့ဘိုနီ(တပ်မတော်-ဆေး)၊ ဗိုလ်ကြီးလင်းဘိုနီ(လစရ-၄)-မနိုနိုဇော်တို့၏မိခင် ဒေါ်ခင်မလေးသည် ၁၆-၁၁-၂၀၁၅ရက် နံနက် ၁၁း၄၅နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးနှင့်ဇနီး**
**ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း

# ဒေါ်ခင်မလေး

**ဦးစီးအရာရှိ(ငြိမ်း)၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**
**အသက်(၆၀)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲဦးစီးအရာရှိချုပ်၊ ရဲမှူးချုပ် သူရာဘိုနီ၏ချစ်လှစွာသောဇနီး၊ ဗိုလ်ကြီးလဲ့လဲ့ဘိုနီ(တပ်မတော်-ဆေး)၊ ဗိုလ်ကြီးလင်းဘိုနီ(လစရ-၄)-မနိုနိုဇော်တို့၏မိခင် ဒေါ်ခင်မလေးသည် ၁၆-၁၁-၂၀၁၅ရက် နံနက် ၁၁း၄၅နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးနှင့်တပ်ဖွဲ့ဝင်များ**
**ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း

# ဒေါ်ခင်မလေး

**ဦးစီးအရာရှိ(ငြိမ်း)၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**
**အသက်(၆၀)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ် သူရာဘိုနီ၏ ချစ်လှစွာသောဇနီး၊ ဗိုလ်ကြီးလဲ့လဲ့ဘိုနီ(တပ်မတော်-ဆေး)၊ ဗိုလ်ကြီးလင်းဘိုနီ(လစရ-၄)-မနိုနိုဇော်တို့၏မိခင် ဒေါ်ခင်မလေးသည် ၁၆-၁၁-၂၀၁၅ရက် နံနက် ၁၁း၄၅နာရီ တွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သတင်းရဲတပ်ဖွဲ့မှူးနှင့် ဇနီး**

## ဝမ်းနည်းကြေကွဲခြင်း

# ဒေါ်ခင်မလေး

**ဦးစီးအရာရှိ(ငြိမ်း)**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**
**အသက်(၆၀)**

ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ် သူရာဘိုနီ၏ ချစ်လှစွာသောဇနီး၊ ဒေါက်တာဒေါ်ခင်မမ (တွဲဖက်ပါမောက္ခ၊ ခန္ဓာဗေဒ၊ ငြိမ်း)၏ညီမ ဒေါ်ခင်မလေးသည် ၁၆-၁၁-၂၀၁၅ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မစီ၊ မဂျူး၊ မသက် နှင့် မဦး**

## ခရစ်တော်၌အိပ်ပျော်ခြင်း

# Nu Ning En Cing (ကျင်ပီး) အသက်(၃၁)နှစ်

**(Nau Lak Beh)**

ကလေးမြို့၊ တာဟန်းရပ်ကွက်နေ ဦးကျင့်လျန်ထန်-ဒေါ်ရှန်းငိုက်ဝုန်တို့၏ သမီး၊ကိုထန်ရှန်းခုပ်၏အစ်မ၊ မဝုန်ရှန်းဟွဲ၊ မနင်ရှန်းမွန်၊ မောင်ထန်ရှန်းတွေင်၊ မကျင်ရှန်းတွယ်၏မိခင်၊ အမှတ်(၁)စစ်လက်နက်ပစ္စည်း၊ ဝေဟင်ထောက်ပံ့ရေး တပ်စုမှ ဒုတပ်ကြပ်ထန်လျန်း၏ဇနီးသည် ၁၆-၁၁-၂၀၁၅ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် မင်္ဂလာဒုံတပ် မတော်ဆေးရုံတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၈-၁၁-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ဂိုဏ်းပေါင်းစုံ သုသာန်၌ ဝတ်ပြုဆုတောင်းပြီးသင်္ဂြိုဟ်ပါမည်။ (မင်္ဂလာဒုံစာတိုက်မှတ်တိုင်မှ ကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

# ဒေါက်တာဝေလွင်

**M.B.,B.S**
**ဆေးတက္ကသိုလ်(၂)ရန်ကုန်**
**အသက်(၆၃)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့၊ ဆင်ကာရပ်နေ (ဦးတင်လတ်-ဒေါ်သန်းသန်းနု)တို့၏သား၊ (ဦးမောင်တင်-ဒေါ်ခင်ကြည်)တို့၏ သားသမက်၊ ဦးညီထွဋ်-ဒေါ်တင်တင်မြင့်၊ ဦးတင်ထွဋ် - ဒေါ်ခင်ဆွေလတ်တို့၏ ညီ/မောင်၊ (ဦးနေမျိုး)၏အစ်ကို၊ (ဒေါ်မြင့်မြင့်တင်)၏ခင်ပွန်း၊ မနှင်းဝေဝေလွင်၊ ဗိုလ်မှူးရဲဝေလွင်၊ ကိုရဲထက်ဝေလွင်၊ မင့်ဖူးဝေလွင်တို့၏ ချစ်လှစွာသောဖခင်သည် ၁၇-၁၁-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါ၍ ၁၈-၁၁-၂၀၁၅ရက် ညနေ ၄နာရီတွင် အိုးထိန်းဖိုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ဦးသန်းစိုး (MPPE)

**MOGE ဆိုင်အမှတ်(၀၂၉)အလုံ**
**အသက်(၅၅)နှစ်**

ပဲခူးတိုင်းဒေသကြီးနေ (ဦးစိုးကြိုင်)-ဒေါ်ရွှေ၊ ဒါးပိန်မြို့မြောက်ပိုင်းနေ ဦးသောင်းစိန်-(ဒေါ်စောရီ)တို့၏တူ၊ (ဦးသောင်းညွှန့် - ဒေါ်သန်းစိန်)တို့၏သား၊ (ဦးဝင်းကြည်-ဒေါ်လှကြည်)တို့၏သားသမက်၊ ကိုခင်စိုး-မမြင့်မြင့်ဝင်း၊ ကိုကြည်ဝင်း-မအေးအေးစန်း၊ ကိုမျိုးဝင်း-မသန်းသန်းအေး၊ ကိုခင်ဝင်း - မချိုမာဦးတို့၏အစ်ကို၊ ဒေါ်စမ်းစမ်းမော်၏ ချစ်လှစွာသောခင်ပွန်းသည် ၁၆-၁၁-၂၀၁၅ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁၁-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၁၁-၂၀၁၅ ရက် (တနင်္ဂနွေနေ့) နံနက်တွင် အမှတ် ၇၃၆၊ဝေဇယန္တာ(၁၇)လမ်းအနောက်၊ (၆)အနောက်ရပ်ကွက်၊ သာကေတမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# ဒေါ်နှင်းရည်ဦး(ခ)လုံးလုံး

**အသက်(၃၅)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၈)ရပ်ကွက်၊ ကင်းဝန်လမ်း၊ အမှတ် ၃၂၃နေ (ဦးခင်မောင်ဦး)(ညွှန်ကြားရေးမှူး၊ ငြိမ်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန) - ဒေါ်မြမြရွှေတို့၏ သမီး၊ (ဦးမောင်မောင်သန်း)-ဒေါ်မြင့်မြင့်ဝင်းတို့၏သမီးချွေးမ၊ ကိုဇော်ဦး (Marketing Manager - Golden Lion Wire)-မလဲ့လဲ့ဝင်း၊ ကိုကျော်ကျော်ဦး-မမြင့်မြင့်ကြည်၊ ကိုမြတ်သူ (Manager - Channel Vinyl)-မထိုက်ထိုက်မင်း (အရှဏ်ဦးဆောက်လုပ်ရေး)၊ ကိုသန်းဇော်ထွန်း-မသက်သက်မော်၊ ကိုထွန်းထွန်းလတ်-မသီင်္ဂီစိန်တို့၏ညီမ၊ ကိုနန္ဒလင်း၏ချစ်လှစွာသောဇနီး၊ မဆောင်းဦးပန်း(အထက-၃၊ မ/ဒဂုံ)၊ မအေးချမ်းပြည့်(အမက-၁၈၊ မ/ဒဂုံ)တို့၏မိခင်သည် ၁၆-၁၁-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၇း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁၁-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင်ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၁၁-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း

# ကိုထွန်းထွန်းသောင်း

**B.Sc (Zoology)**
**အထက(၂)အင်းစိန်**
**ကျောင်းသားဟောင်း**
**အသက်(၄၅)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ သာယာကုန်းလမ်း၊ အမှတ် ၃၃နေ (ဦးကျော်သောင်း)-ဒေါ်စိန်စိန်ဆင်တို့၏သား၊ (ကိုအောင်မြင့်သောင်း)၊ ဦးသိန်းအောင်-ဒေါ်နီနီသောင်းတို့၏ညီ/မောင်၊ မောင်ဝေယံဟိန်းမြတ်သက်ထားခိုင်တို့၏ဦးလေးသည် ၁၆-၁၁-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၇း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့်၁၈-၁၁-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် အင်းစိန်ရွာမနှစ်ခြင်းခရစ်ယာန်အသင်းတော်ဘုရားကျောင်း၌ဝတ်ပြုဆုတောင်းပြီး ရေဝေး ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

# ဘဒ္ဒန္တပညာ(ခ)ဘုန်းကြီးချို

**ကျောင်းတိုက်အုပ်ချုပ်ရေး မဟာနာယက၊**
**ကျေးရွာအုပ်စုသံဃနာယက၊ ဥက္ကဋ္ဌဆရာတော်**
**ဖောင်းတော်ချုပ်ကျောင်းတိုက်**
**သက်တော်(၈၄)နှစ်၊ သိက္ခာတော်(၅၉)ဝါ**

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ထော်သိုအုပ်စု၊ ထော်သိုကျေးရွာ၊ ဖောင်းတော်ချုပ် သတ္တဌာနကျောင်းတိုက်ကြီး၏ အုပ်ချုပ်ရေးမဟာနာယက၊ ကျေးရွာအုပ်စု သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တပညာ မဟာထေရ်သည် (၁၃၇၇ခုနှစ် တန်ဆောင်မုန်းလဆန်း ၃ရက်) ၁၄-၁၁-၂၀၁၅ရက် (စနေနေ့) မွန်းလွဲ ၁၂း၁၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဆရာတော်၏ ရုပ်ကလာပ်တော်ကို (၁၃၇၇ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၂ရက်) ၂၈-၁၁-၂၀၁၅ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် ကျောင်းတိုက်အနီး လောင်တိုက်တော်သို့ပင့်ဆောင်ပြီး အန္တိမအဂ္ဂိဈာပန သာဓုကီဠနပူဇော်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ဈာပနကျင်းပရေးဗဟိုကော်မတီအဖွဲ့

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

# ဘဒ္ဒန္တဝိဇယ

**တောင်တန်းသာသနာပြုဆရာတော်**
**ပဲရေပူစမ်းဓမ္မရိပ်သာ**
**သက်တော်(၈၅)နှစ်၊ သိက္ခာတော်(၃၂)ဝါ**

တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်၊ ပဲဒက်ကျေးရွာအုပ်စု၊ ပဲရေပူစမ်းဓမ္မရိပ်သာကျောင်း ဦးစီးပဓာနနာယကဖြစ်တော်မူသော ကျေးဇူးတော်ရှင်ဆရာတော် ဘဒ္ဒန္တဝိဇယ မထေရ်မြတ်သည် ပဲရေပူစမ်း ဓမ္မရိပ်သာကျောင်း၌ (၁၃၇၇ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၃ရက်) ၃၀-၁၀-၂၀၁၅ ရက်(စနေနေ့) ညနေ ၆း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဆရာတော်ကြီး၏ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို (၁၃၇၇ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၃ရက်) ၂၉-၁၁-၂၀၁၅ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အဆိုပါကျောင်း၌ အန္တိမဈာပန ဂူသွင်းပူဇော်ပွဲကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

တပည့်သံဃာတော်များနှင့်
ဒါယကာ၊ ဒါယိကာမများ

## ဘုရား၊ ရဟန်း၊ ကျောင်း၊ တံတား ဒါယိကာမကြီး

# ဒေါ်ရီ(ခ)ဒေါ်ရီရီခင်(ပင်းဘော) အသက်(၇၇)နှစ်

(ဦးဘဦး- ဒေါ်ဆင့်)တို့၏သမီး၊ (ဦးမောင်ချစ်-ဒေါ်စောရင်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈)ရပ်ကွက်၊ သခင်ဗစိန်လမ်းနေ ဦးအုန်းကြည်(ရထားကြီးကြပ်ရေးအုပ်၊ ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ (ဦးကျော်စိုး၊ CDC-၁၄၃၃၀)-ဒေါ်မြင့်မြင့်ကြည်(ကြီးမှူး၊ မြန်မာ့စီးပွားရေးဘဏ်၊ ဒဂုံမြောက်)၊ ဒေါ်မြင့်မြင့်အေး(လယ်ပြ၊ အမက-၂၊ ဒဂုံမြောက်)၊ ဒေါ်မြင့်မြင့်ခိုင်(ထက်ပြ၊ အထက-၃၊ ဒဂုံရှေ့)၊ ဦးခင်ဇော် (Project Manager BTL Compa-ny Ltd. Hong Kong)- ဒေါ်ကြူကြူဝင်း၊ ဒုတိယဗိုလ်မှူးကြီး ကြည်စိုး-ဒေါက်တာစန္ဒာဆွေ(အကြောအဆစ်ပြန်လည်သန်စွမ်းရေး)၊ ဒေါ်ဝါဝါစိုးတို့၏မိခင်၊မြေးသုံးယောက်တို့၏အဘွားသည် ၁၆-၁၁-၂၀၁၅ရက်(တနင်္လာနေ့)ညနေ ၅း၄၀နာရီတွင် အောင်ရတနာဆေးရုံ၌ကွယ်လွန်သွားပါ၍ ၁၈-၁၁-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၂-၁၁-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ရဟန်း၊ သိမ်၊ ကျောင်း၊တံခွန်တိုင် ဒါယိကာမကြီး

# အကယ်ဒမီ ဒေါ်တင်တင်နွဲ့

**အသက်(၇၁)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ် (၆၉/စီ)၊ အောင်ဇေယျ (၁)လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်နေ ဦးသက်ထွန်း (တရားရုံးချုပ် တရားသူကြီး၊ ငြိမ်း)၏ဇနီး၊ (ကိုဇာနည်ဝင်းထွန်း)၊ ကိုစိုးသူရထွန်းတို့၏မွေးသမိခင်၊ မောင်ဖြိုးပြည့်ဇာနည်ထွန်း၏ချစ်လှစွာသောအဘွား အကယ်ဒမီ ဒေါ်တင်တင်နွဲ့သည် ၁၀-၁၁-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၁၀း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ဆရာ့မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်နှင့်**
**တရားလွှတ်တော်တရားသူကြီးများ၊**
**တိုင်းဒေသကြီးတရားရေးဦးစီးမှူး၊ တရားရေးအရာရှိများ၊**
**ခရိုင်နှင့်မြို့နယ်တရားရုံးတရားသူကြီးများ၊ ရုံးဝန်ထမ်းများ**

# ဦးချစ်သန်း (ခနေဖြူမြို့)

**အသက်(၆၀)**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆေးရိုးတန်း/ငြိမ်းချမ်းရေးရပ်ကွက်၊ ဆေးရိုးတန်းလမ်း၊ အမှတ် ၁၅နေ (ဦးမြငြိမ်း-ဒေါ်ပန်းမြိုင်)တို့၏သား၊ (ဦးအီလောက်)-ဒေါ်တင်ကြည်တို့၏သားသမက်၊ ဒေါ်ခင်ပြုံးရီ၏ခင်ပွန်း၊ မအေးမြတ်ကြည်သာ၊ မဆုမြတ်ကြည်သာ(BBM)၊ မောင်ရဲရင့်သူ (B.E) Civil တို့၏ဖခင်သည် ၁၇-၁၁-၂၀၁၅ရက်(အင်္ဂါနေ့)မွန်းလွဲ ၁း၀၈နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁၁-၂၀၁၅ရက် နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၁-၂၀၁၅ရက် (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# ဒေါ်မြင့်မြင့်မူ B.A (Eco)

**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန (နေပြည်တော်)**
**အသက်(၅၄)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လမ်းသစ်ရိပ်သာ၊ တိုက် ၁၊အခန်း ၁၃နေ ဦးထွန်းစိုး(လ/ထ၊ညွှန်မှူး၊ မြို့ရွာ/အိုးအိမ်၊ ငြိမ်း)-ဒေါ်ကျင်သိန်းတို့၏ သမီး၊ လမ်းသစ်ရိပ်သာ၊ တိုက် ၁၊ အခန်း ၉နေ ဦးမြင့်ဦး၏ချစ်လှစွာသောဇနီး၊ မထက်ဝတ်ရည်ဦး(ဧရာဝတီဘဏ်)၊ မမို့ဝတ်ရည်ဦး(3rd Civil၊ သန်လျင်နည်းပညာတက္ကသိုလ်တို့၏ချစ်လှစွာသောမိခင်၊ ဦးတင်မောင်ဦး(လ/ထ ညွှန်မှူး၊ နိုင်ငံတော်သမ္မတရုံး၊ နေပြည်တော်)-ဒေါက်တာမိုးသိင်္ဂီလှိုင်(လ/ထကထိက I ၊ ဒဂုံတက္ကသိုလ်)တို့၏ညီမ၊ ဦးသန်းစိုး(ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီး၊ သစ်တောဦးစီးဌာန)-ဒေါ်နီနီအေး(ဦးစီးမှူး၊ မြို့ရွာ/အိုးအိမ်၊ ငြိမ်း)တို့၏ အစ်မ၊ ဦးဘုန်းမြင့်လွင် (ဒု/မန်နေဂျာ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ အံ့ကြီးသင်္ဘောကျင်း)-ဒေါ်နီနီအောင်တို့၏အစ်မသည် ၁၃-၁၁-၂၀၁၅ရက်(သောကြာနေ့)ည ၇း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၁-၂၀၁၅ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၉-၁၁-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ယနေ့

## ဖတ်စရာ

**အိုင်အက်စ်စစ်သွေးကြွများကို ကမ္ဘာ့တပ်ပေါင်းစုဖွဲ့ပြီး အပြုတ်တိုက်ရန် ပြင်သစ်သမ္မတ တိုက်တွန်းဆော်ဩ**

စာ » ၄

**တပ်မတော်စစ်ကြောင်းက မိုးညှင်းမြို့ပတ်ဝန်းကျင်တွင် နယ်မြေရှင်းလင်းစဉ် KIA အဖွဲ့နှင့် ထိတွေ့တိုက်ပွဲဖြစ်ပွား**

စာ » ၁၁

# မိုးလေဝသခန့်မှန်းရေး ရေဒါတာဝါ(ရန်ကုန်) လာမည့်ဇူလိုင်လကုန် အပြီးတည်ဆောက်မည်


သတင်းနှင့်ဓာတ်ပုံ
မျိုးမင်းသိန်း(မရမ်းကုန်း)

**ရန်ကုန် နိုဝင်ဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေး မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနရုံးဝင်း အတွင်း ဂျပန်နိုင်ငံ၏ ကူညီထောက်ပံ့မှုဖြင့် မိုးလေဝသ ခန့်မှန်းရေး ရေဒါတာဝါတည်ဆောက်မှု လုပ်ငန်း ၇၅ ရာခိုင်နှုန်း ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

Japan International Cooperation Agency ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီကကြီးမှူး၍ ဂျပန်အစိုးရ၏ အထောက်အပံ့ဖြင့် တိုက်စေးကုမ္ပဏီနှင့် မိဆူဘီရှိကုမ္ပဏီတို့က နိုင်ငံတော် အစိုးရ၏ခွင့်ပြုချက်နှင့်တာဝန်ယူတည်ဆောက်ခဲ့ရာ ရခိုင် ပြည်နယ် ကျောက်ဖြူ၌ အထပ်ကိုးထပ်၊ ၄၅ ဒသမ ၅ မီတာမြင့်သည့် မိုးလေဝသခန့်မှန်းရေး ရေဒါတာဝါတစ်ခု ကို ၂၀၁၅ ခုနှစ် ဇူလိုင်လကုန်ကပင် တည်ဆောက်ပြီးစီးခဲ့ ပြီ ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး ကမ္ဘာအေး၌ တည်ဆောက်ဆဲ မိုးလေဝသခန့်မှန်းရေး ရေဒါတာဝါမှာ အထပ် ၁၈ ထပ်၊ ၇၅ မီတာမြင့်၍ ၂၀၁၆ ခုနှစ် ဇူလိုင်လကုန် ပြီးစီးနိုင် မည်ဖြစ်သည်။ မန္တလေးတိုင်းဒေသကြီးတွင် အထပ် ၁၂ ထပ် ၅၅ ဒသမ ၈ မီတာ မြင့်သော မိုးလေဝသခန့်မှန်း ရေး ရေဒါတာဝါတည်ဆောက်ရန် မြေညှိပြုပြင်ခြင်း လုပ်ငန်းစတင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီ ဖြစ်ကြောင်း တိုက်စေးကုမ္ပဏီမှ မြန်မာအင်ဂျင်နီယာ ဦးကျော်နိုင်က ပြောကြားသည်။

ပရော့ဂျက်စီနီယာမန်နေဂျာ ဦးခင်စိုးက အဆိုပါ အဆောက်အအုံမှာ *စာမျက်နှာ ၁၄ ကော်လံ ၄* ◆

**မိုးလေဝသခန့်မှန်းရေး ရေဒါတာဝါ(ရန်ကုန်) တည်ဆောက်နေသည်ကို တွေ့ရစဉ်။**



# မြန်မာယူ -၂၁ ဗီယက်နမ်ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် အပြီးသတ်လူရွေးချယ်

သတင်း-ညီမြတ်သော်တာ » ဓာတ်ပုံ-ဖိုးသော်ဇင်

**ရန်ကုန် နိုဝင်ဘာ ၁၇**

ဗီယက်နမ်ဘောလုံးအဖွဲ့ချုပ်ကကြီးမှူး၍ Thanh Nien သတင်းစာ၏ ထောက်ပံ့မှုဖြင့် ကျင်းပသည့် ၂၀၁၅ဗီယက်နမ်ယူ-၂၁ ဖိတ်ခေါ် ပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာယူ-၂၁ အသင်းသည် အပြီးသတ်ကစားသမားများ ရွေးချယ်လိုက်ပြီ ဖြစ်သည်။

ပြိုင်ပွဲဝင်မည့် မြန်မာ ယူ-၂၁ အသင်းတွင် အုပ်ချုပ်သူ ဦးတင်မြင့်အောင်၊ နည်းပြချုပ်- အဲရစ်ဝီလျံ၊ လက်ထောက်နည်းပြ-ဦးညီညီလတ်၊ ဂိုးနည်းပြ- ဦးယဉ်မင်းအောင်၊ အားကစားသမား များအဖြစ် **ဂိုး-** ဘုန်းသစ္စာမင်း၊ ဆန်းဆက်နိုင် (MFF Youth )၊ **နောက်တန်း**-သိန်းဇော် (ဇွဲကပင်)၊ ထိုက်ထိုက်အောင်(ဧရာဝတီ)၊ နိုင်လင်းထွန်း(မကွေး)၊ နန်းဝေမင်း (ရန်ကုန်)၊ ရဲရင့်အောင်(ရတနာပုံ)၊ စိုးမိုးထွန်း (MFF Youth)၊ **အလယ်တန်း**-မောင်မောင်စိုး (မကွေး)၊ မျိုးကိုထွန်း(ရတနာပုံ)၊ ရန်နိုင်ဦး (ဇေယျာရွှေမြေ)၊ စွမ်းထက်အောင်(ရန်ကုန် လူငယ်)၊ မောင်မောင်လွင်၊ ကျော်ဇေယျ (ဟံသာဝတီ)၊ လှိုင်မျိုးအောင်(ကမ္ဘောဇ)၊ ဇင်ဖြိုး အောင်(ဇွဲကပင်)၊ အောင်မိုးသူ(MFF Youth)၊ **ရှေ့တန်း**-သန်းပိုင်(ရန်ကုန်) ၊ ရှိုင်းသူရ(ရတနာ ပုံ)နှင့် *စာမျက်နှာ ၁၄ ကော်လံ ၁* ❍

**မြန်မာယူ -၂၁ အသင်း ပြိုင်ပွဲမတိုင်မီ လေ့ကျင့်နေစဉ်။**

# အားကောင်းသော လေဖိအားနည်းရပ်ဝန်း အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ် ကမ်းခြေတောင်ပိုင်း၌ တည်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၇**

ယနေ့မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက် ရှိသော အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ကမ်းခြေ တောင်ပိုင်းတွင် ဖြစ်ပေါ်နေသည့် အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက် ရှိသော အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ကမ်းခြေ တောင်ပိုင်းတို့တွင် ဆက်လက်တည်ရှိနေသည်။

(မိုး/ဇလ)






mmalin.npt @ gmail.com, www.facebook.com/MYANMAALINNEWS
မြန်မာ့အလင်း